မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၉၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ကြာသပတေးနေ့။

ဖွံ့ဖြိုးမှုစီမံကိန်းရည်မှန်းချက်

ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးမှုစီမံကိန်းရည်မှန်းချက်ဟာ ဂျီဒီပီတစ်နှစ်ပျမ်းမျှ ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ဖို့နဲ့ ပြည်သူများရဲ့ တစ်ဦးကျဂျီဒီပီဟာ ၁ ဒသမ ၇ ဆ ရရှိရန် ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်သူတစ်ဦးချင်းရဲ့ ဝင်ငွေကို လက်ရှိအခြေအနေထက် သုံးဆတိုးတက်အောင် ကြိုးပမ်းမယ်လို့ ရည်မှန်းထားပါတယ်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်
၂၀-၆-၂၀၁၂ ရက်နေ့တွင်
နိုင်ငံခြားအကူအညီအထောက်အပံ့များ
စီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး၌
ပြောကြားသည့် မိန့်ခွန်းမှ-

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁/၂၀၁၃)
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လှိုင်မြင့်အား စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)
သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ထူးခြားသည့် ညအပူချိန်များ ၂-၁-၂၀၁၃

ဟားခါးမြို့	၁	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄	ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၄	ဒီဂရီစင်တီဂရိတ်
မိုးမိတ်မြို့	၅	ဒီဂရီစင်တီဂရိတ်

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းရပ်များ မြန်မာနှင့်အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာ တစ်ဧကတန်(၆၀) ထွက်ရှိမည့် အထူးအထွက်တိုးကြံမျိုးပွားစိုက်ခင်း၌ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနေမှု၊ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်းစိုက်ကွင်းအတွင်း ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ကွင်းဆင်းလေ့ကျင့်ခန်းဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သွားရောက်ကြည့်ရှုအားပေးပြီး တက္ကသိုလ်စိုက်ကွင်းအတွင်း ငလိုက်လက်တံမြောင်း (R D-5050) ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ်ပန်းခြံ၌ ကျင်းပသည့် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန တည်ဆောက်ရေးပန္နက်တင် အခမ်းအနားသို့ တက်ရောက်အားပေးပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်ရှည်လျားစွာ ထိစပ်နေပြီး နှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးသော နိုင်ငံများဖြစ်ကြပါကြောင်း၊ ဘာသာတရားနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများသည်လည်း များစွာတူညီပါကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင်လည်း ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အပြန်အလှန် ရိုင်းပင်းကူညီခဲ့ကြသည့် အစဉ်အလာကောင်းနှင့် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့်အတူ နှစ်နိုင်ငံပြည်သူများအကြား တည်တံ့ခိုင်မြဲသော ချစ်ကြည်ရေးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်သွားကြသည့် အစဉ်အလာကောင်းများ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏အခြေခံလယ်ယာကဏ္ဍအတွက် လိုအပ်လျက်ရှိသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းရပ်များအတွက် ပညာရှင်များလေ့ကျင့်မွေးထုတ်ပေးနိုင်မည့် ဤအဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ထူထောင်ရေးစီမံကိန်းအား အိန္ဒိယနိုင်ငံမှ အထောက်အပံ့ပေးမည့်အပေါ် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ ◆

ကမ္ဘာလှည့်ခရီးသည် မင်းကွန်းသို့လည်ပတ်မှု ယခင်နှစ်ကထက် ပိုမိုများပြားလာ

မန္တလေး ဇန်နဝါရီ ၂

မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ် ကမ်းနားလမ်းရှိ မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းယဉ်ကျေးမှုဒေသသို့ မော်တော်ဖြင့် နေ့စဉ် နိုင်ငံခြားသားခရီးသည် ၂၀၀ မှ ၃၀၀ ထိ သွားရောက်လေ့လာလည်ပတ်လျက်ရှိကြောင်း နိုဝင်ဘာလအတွင်း မင်းကွန်းဒေသသို့ သွားရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ ယခင်နှစ်ထက် ပိုမိုများပြားကြောင်း ယခုနှစ် ဒီဇင်ဘာလတွင်လည်း ယခင်နှစ်ထက် ပိုမိုများပြားစွာ လည်ပတ်ခဲ့သည်ဟု နိုင်ငံခြားသား ရေယာဉ်ပို့ဆောင်ရေး အသင်းဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောကြားသည်။

"မင်းကွန်းဒေသသို့ မရမ်းခြံဆိပ်ကမ်းမှ မော်တော်နဲ့ သွားရောက်တဲ့ ခရီးသည်တွေဟာ နိုင်ငံပေါင်းစုံက လူမျိုးပေါင်းစုံ ပါဝင်ပါတယ်။ ကျွန်တော်တို့အသင်းမှာ မော်တော် ၂၈ စင်းရှိပါတယ်။ နေ့စဉ်

စာမျက်နှာ ၈ ကော်လံ ၅ ❍

မာတိကာ

ကေဒါနှင့် နိယာဒုံးကျည်များ အီရန်အောင်မြင်စွာ စမ်းသပ် စာ-၄
အာကာသတတ်ရောင်ခြည်များက ယာဉ်မှူးများအား အယ်လ်ဇိုင်းမားရောဂါဖြစ်စေနိုင် စာ-၅
ဒီမိုကရေစီနိုင်ငံသစ်နှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ စာ-၆
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ မြန်မာ့ဆင်စခန်းသို့ သွားရောက်လေ့လာ စာ-၉
မန်စီးတီးက မန်ယူကိုအမီလိုက်သော်လည်း မန်ယူက ၃ နှစ်မှတ်သာနေဆဲဖြစ် စာ-၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်နှင့် ဆိုင်ကယ်

လွန်ခဲ့သောနှစ်နှစ်၊ သုံးနှစ်အတွင်း မြန်မာနိုင်ငံ၌ ဆိုင်ကယ်စီးသူဦးရေတစ်ဟုန်ထိုးများပြားလာသည်ကို တွေ့ရသည်။ ဆိုင်ကယ်များ မြို့ပြများသာမက ကျေးလက်ဒေသများအထိ စီးနိုင်သူများ တိုးပွားလာလျက်ရှိသည်။ ဆိုင်ကယ်များကို မြို့ပြကတ္တရာလမ်းများပေါ်တွင်သာမက ကျေးလက်လှည်းလမ်းများတွင်လည်း အများအပြားတွေ့နေရပါသည်။ ထိုအချက်သည်ကျေးလက်နှင့် မြို့ပြဆက်သွယ်သွားလာမှုလမ်းကြောင်း ပိုမိုမြန်ဆန်သွက်လက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ ဖြစ်စေခဲ့သည်။

တစ်ချိန်က စက်ဘီးဝယ်စီးနိုင်သည့် ငွေကြေးအတော်အတန်အဆင်ပြေသော တောင်သူများသည် ယခုအခါ ဆိုင်ကယ်စီးသူများဖြစ်လာကြသည်။ စက်ဘီးနေရာ ဆိုင်ကယ်များ အစားထိုးဝင်ရောက်လာခဲ့ပါသည်။ လူအများစု ဆိုင်ကယ်စီးနိုင်ရန် အစိုးရက ဖြေလျှော့ပေးထားခြင်းသည်လည်း လူလတ်တန်းစားပြည်သူများအတွက် လူမှုဘဝကို မြှင့်တင်ပေးရာရောက်သဖြင့် အလွန်ကောင်းမွန်သော ဆောင်ရွက်ချက်ပင်ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့ကြီးမှလွဲ၍ တစ်နိုင်ငံလုံး ဆိုင်ကယ်များ စီးနင်းအသုံးပြုခွင့် ပေးထားပါသည်။

ဆိုင်ကယ်များကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ မြန်မာပြည်ဈေးကွက်အတွင်း အပြိုင်ဝင်ရောက်လျက်ရှိခြင်းကြောင့် ဆိုင်ကယ်တစ်စီးအသစ်စက်စက်ကျပ်သုံးသိန်း လေးသိန်းဝန်းကျင်ဖြင့် ဝယ်စီးနိုင်ကြပါသည်။ ထိုသို့ ဈေးကွက်အပြိုင်ရှိနေခြင်းကပင် ဆိုင်ကယ်စီးလိုသူများ ဈေးနှုန်းသင့်တင့်မျှတစွာ ဝယ်ယူစီးလာနိုင်ခြင်းဖြစ်သည်။

သို့သော်လည်း ဆိုင်ကယ်စီးနိုင်သူများ တိုးပွားလာခြင်းကြောင့် တစ်ဖက်ကအကောင်းရှိသကဲ့သို့ တစ်ဖက်တွင်လည်း အဆိုးရှိလာသည်။ ဆိုင်ကယ်ခိုးမှု၊ ဆိုင်ကယ်လုယက်မှု၊ ဆိုင်ကယ်မတော်တဆမှုများ တိုးပွားလာသည်ကို တွေ့ရသည်။ ဆိုင်ကယ်များကို အများအားဖြင့် လူငယ်လူရွယ်များ စီးကြပါသည်။ ယာဉ်စည်းကမ်းမလိုက်နာခြင်း၊ မူးယစ်သောက်စားခြင်း၊ အပြိုင်အဆိုင်မောင်းနှင်ခြင်းတို့ကြောင့် ဆိုင်ကယ်မတော်တဆမှုများ တိုးပွားလာသည်။ ဆိုင်ကယ်ကြောင့်ဖြစ်ရသည့် ဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ဆိုင်ကယ်မတော်တဆမှုသည် အနည်းဆုံးကျိုးပဲ့မှုမှ အများဆုံး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်သည်။

ထို့ကြောင့် မူးယစ်သောက်စားထားလျှင်လည်းကောင်း၊ မကျွမ်းကျင်လျှင်လည်းကောင်း၊ ယာဉ်စည်းကမ်း မသိရှိနားမလည် သေးလျှင်လည်းကောင်း၊ ယာဉ်စည်းကမ်း သိရှိသော်လည်း မလိုက်နာနိုင်လျှင်သော်လည်းကောင်း ဆိုင်ကယ်မောင်းနှင်စီးနင်းခြင်း မပြုသင့်ပါ။ စီးလျှင် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ လူငယ်လူရွယ်တို့အနေဖြင့်ဆိုင်ကယ်စီးမည်ဆိုကြလျှင် သတ်မှတ်ထားသော စည်းကမ်းများကို သိရှိနားလည် လိုက်နာအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း ၂၁ ခုကို မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း အတည်ပြုခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အရအသုံးစာရင်း အစီရင်ခံစာကို ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ တံတားဦးစီမံကိန်း၊ စက်မှုဥယျာဉ်မြို့ စီမံကိန်းနှင့် ဧရာဝတီမြစ်ရေလွှမ်းမိုးမှု ကာကွယ်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးပဥ္စမနေ့ကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ကျေးလက်ကျန်းမာရေးဆေးခန်းပြုပြင်အပ်နှံ

ပခုက္ကူ ဇန်နဝါရီ ၂

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကုက္ကိုလှ ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း ပြန်လည်ပြုပြင်အပ်နှံပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာဆေးခန်း၌ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်၊ ဆေးရုံအုပ်ကြီးဒေါက်တာသင်းသင်းအေးတို့က အမှာစကားပြောကြားကြပြီး ဆေးခန်းပြုပြင်မွမ်းမံဆောက်လုပ်ရေးကော်မတီဦးဝင်းမြင့်ထွန်းလတ်က ဘဏ္ဍာရေး ရသုံးငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြကာ ကျေးလက်ဆေးခန်းပြုပြင်ဆောင်ရွက်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးလက်ကျန်းမာရေးမှူး ဦးစိုးသန်း **(အပေါ်ပုံ)**ထံ လွှဲပြောင်းအပ်နှံသည်။

အဆိုပါဆေးခန်းသည် အလျား ၆၈ ပေ၊ အနံ ပေ ၄၀ရှိပြီး ၁၉၅၆-၁၉၅၇ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့ရာ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေများဝင်ရောက်ကာ ကြမ်းခင်းအသားများ ဆွေးမြည့်ပြီး အမိုးပျက်စီးခြင်းကြောင့် ယိုယွင်းပျက်စီးခဲ့ပြီး ယနေ့အချိန် အခါတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မတည်ရင်းနှီးငွေကျပ် ၅၅ သိန်းနှင့်ကျေးရွာများမှ ပြည်သူလူထုထည့်ဝင်ငွေ ၁၁၉၈၁၈၇ ကျပ်ဖြင့် စုစုပေါင်းငွေ ၆၆၉၈၁၈၇ ကျပ်ဖြင့် အကုန်အကျခံပြုပြင်ဆောင်ရွက်ခဲ့ရာ ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၆၉၃အိမ်၊ အိမ်ထောင်စု ၇၀၃စုရှိ လူဦးရေ ၄၉၀၃ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလွှမ်းခြုံနိုင်မည်ဖြစ်သဖြင့် ကျေးလက်ပြည်သူများ ဝမ်းမြောက်လျက်ရှိနေကြောင်းသိရသည်။ (၁၀၂)

ထင်သာမြင်သာ ပြုပြင်စရာ

ဖျာပုံတံတားအောက်ရှိ ဆိုင်များနှင့် ကားများ စည်းကမ်းရှိစေချင်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၏ လမ်းပန်းဆက်သွယ်ရေး အဓိကအားထားရသည့် ဖျာပုံတံတားကြီးကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။ အဆိုပါ ဖျာပုံတံတားကြီးမှာ ဖျာပုံခရိုင်အတွင်းရှိ မြို့များ၊ ကျေးရွာများ၊ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးမှ စီးပွားရေး၊ လူမှုရေးအတွက် အချိန်တိုအတွင်း ခရီးရောက်သည့် တံတားကြီးတစ်စင်းဖြစ်သည်နှင့်အညီ ဖျာပုံမြို့နေပြည်သူများအပြင် နိုင်ငံခြားခရီးသည်များ လာရောက်အပန်းဖြေ ကြည့်ရှုရသော နေရာတစ်ခုလည်းဖြစ်သည်။ ယခုအခါ ဖျာပုံတံတားကြီးအဆင်း အောင်သုခလမ်းနှင့် (၁)ဖြတ်လမ်းထောင့် တံတားကြီးအောက်နှင့်လမ်းဘေးတွင် စည်းကမ်းမဲ့ကျူးကျော်ဆိုင်များကို အကြောင်းပြု၍ ခရီးသွားကားများရပ်နားရန် ကားဂိတ်အဖြစ် အသုံးပြုလျက်ရှိသည်ကို တွေ့ရှိနေရသည်။ ဖျာပုံ-ဘိုကလေးကားလမ်း အစပိုင်း အောင်သုခလမ်းကြီးကို အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်ထားသည်မှာ လအနည်းငယ်သာရှိသေးသော်လည်း အဆိုပါလမ်းနှင့် တံတားကြီးဘေးတွင် စည်းကမ်းမဲ့စွာ ကားရပ်နား၍ ဈေးဆိုင်များတည်ခင်းရောင်းချနေခြင်းကြောင့် တံတားကြီးအောက်ခြေတွင် မှောင်ရိပ်ခို၍ အညစ်အကြေးများစွန့်ပစ်ခြင်း၊ လမ်းသွားလမ်းလာကျောင်းသားကျောင်းသူများ ယာဉ်တိုက်မှုဖြစ်ခြင်း၊ ဆိုင်ကယ်ကယ်ရီများက ခရီးသည်လုခေါ်ယူခြင်းကြောင့် မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်ခြင်းတို့ကို ကြုံတွေ့နေရပါသည်။ အများအမြင် မတင့်တယ်သည့်အပြင် မိမိအကျိုးစီးပွားတစ်ခုအတွက် တစ်ပါးသူများ ဒုက္ခရောက်နေခြင်းကို ဆင်ခြင်သင့်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတို့ကလည်း စည်းကမ်းတကျ အရေးယူဆောင်ရွက်စေရန် ခရီးသွားများနှင့် မြို့နေပြည်သူများက လိုလားလျက်ရှိကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။ (ဝ၇၁)

ပြိုင်တူတွန်းမှ ရွှေ့ပါမည်

နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများစာဖတ်သူလက်ဝယ်သို့ စောနိုင်သမျှ စောအောင် ပို့ဆောင်ရေးတွင် သတင်းစာပို့လုပ်သားများ၏ အခန်းကဏ္ဍမှာ ပဓာနကျသည်။ သတင်းစာ ကိုယ်စားလှယ်ကြီးများကလည်း ကြပ်ကြပ်မတ်မတ် စေ့စေ့ဆော်ဆော် ဆောင်ရွက်ပေးဖို့လိုပါသည်။ သတင်းစာတိုက်မှ စောစောထွက်သော်လည်း သတင်းစာကိုယ်စားလှယ်နှင့် သတင်းစာပို့လုပ်သားက တာဝန်မကျေလျှင် စာဖတ်သူလက်ဝယ်သို့ စောနိုင်သမျှ စောစောရောက်စေချင်သော သတင်းစာတိုက်၏ရည်မှန်းချက် အဟောသိကံ ဖြစ်ပါလိမ့်မည်။

သတင်းစာများ စာဖတ်သူလက်သို့ စောစောရောက်အောင် ပို့ဆောင်ရေးတွင် အရေးပါသည့်ကဏ္ဍတစ်ခုလည်း ရှိပါသေးသည်။ မီးရထားဌာနဖြစ်သည်။ ပဲခူးမြို့သို့ ရန်ကုန်ဘူတာကြီးမှတစ်ဆင့် အမှတ် (၁၁) အဆန် ရန်ကုန်-မန္တလေး အမြန်ရထားဖြင့် သတင်းစာလိပ်များကို ပဲခူးဘူတာသို့ ပေးပို့ပါသည်။ ပဲခူးဘူတာ ပါဆယ်ခန်းမှ သတင်းစာလိပ်များကို ထုတ်ယူ၍ ဖြန့်ဝေရသည်။

ပြန်လည်တင်ပို့

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ကို ကြိုဆိုသော နှစ်ဆန်း ၁ ရက်နေ့တွင် ပဲခူးကိုယ်စားလှယ်နှစ်ဦး၏ မြန်မာ့အလင်း သတင်းစာလိပ်များ ပါဆယ်ခန်းတွင် မတွေ့ရှိရပါ။ မေးမြန်းစုံစမ်းကြည့်ရာ တခြားကုန်ပစ္စည်းတွဲမှ သတင်းစာလိပ်များ ချရာတွင် ကြွင်းကျန်ရစ်ကြောင်း သိရှိရသည်။ ထပ်မံစုံစမ်းကြည့်ရာ ညောင်လေးပင်ဘူတာတွင် ချထားပေးပြီး ရန်ကုန်ဘက်သို့ အစုန်ရထားတစ်စင်းဖြင့် ပြန်လည်တင်ပို့ပေးမည်ဟု သိရပါသည်။

မှတ်မှတ်ရရ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာ့အလင်းသတင်းစာ ကိုယ်စားလှယ်နှစ်ဦး၏ သတင်းစာဖတ်ပရိသတ်များအနေဖြင့် မြန်မာ့အလင်းသတင်းစာကို ဖတ်ခွင့်မရခဲ့ကြ။ သို့ဖြစ်၍ သတင်းစာများ သတင်းစာတိုက်မှ မည်မျှပင်စော၍ ထွက်လာစေကာမူ ပို့ဆောင်ရေး လမ်းကြောင်းတစ်လျှောက်ရှိ တာဝန်ရှိသူအသီးသီးကစနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပေးပါမှ စာဖတ်သူလက်ဝယ်သို့ သတင်းစာများ စောစောရောက်ရှိနိုင်မည်ဖြစ်သဖြင့် ပြိုင်တူတွန်းမှ ရွှေ့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

(စိန်လှိုင်ဗိုလ်)

ပြည်တွင်းသတင်း

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

ရန်ကုန် ဇန်နဝါရီ ၂

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဒီဇင်ဘာ ၃၁ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ်က ဥပဒေချုပ်ရုံး၏ အစီရင်ခံစာကိုလည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တိုင်းဒေသကြီး အရ/အသုံးစာရင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တောင်သူလယ်သမား၊ အလုပ်သမားကော်မတီဥက္ကဋ္ဌက ကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်းတင်ပြကြရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ယနေ့ အစည်းအဝေးတွင် မေးခွန်း (၂၈)ခု ဖြေကြားခြင်းနှင့် အဆို(၂)ခု အတည်ပြုခြင်းများ ဆောင်ရွက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ပန္နက်တင်

အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန တည်ဆောက်ရေး ပန္နက်တင်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri တို့ ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် သံအမတ်ကြီးတို့သည် အဆောက်အအုံတည်ဆောက်မည့် သတ်မှတ်နေရာ အသီးသီး၌ ပန္နက်များ စိုက်ထူပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်၊ တက္ကသိုလ်အတွင်းရှိ လေ့ကျင့်ရေး အဆောက်အအုံများ၊ စာသင်ဆောင်များ၊ ဓာတ်ခွဲခန်းများနှင့် တက္ကသိုလ်ပရဝဏ် စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြပြီး စာသင်ဆောင်ခန်းမကြီး အမှတ်(၂)တွင် ပထမနှစ်ကျောင်းသား ကျောင်းသူ ၄၃၈ ဦးအား ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနုပညာဦးစီးဌာနနှင့် တရုတ်နိုင်ငံ စင်ကျန်း အဆို၊ အက အနုပညာအဖွဲ့ ပူးပေါင်းဖျော်ဖြေ

ရန်ကုန် ဇန်နဝါရီ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စင်ကျန်း အဆို၊ အက အနုပညာအဖွဲ့တို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုကို ယမန်နေ့ ညနေ ၆ နာရီခွဲက ဒဂုံမြို့နယ် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေး၊တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

ပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် ပျော်ရွှင်စရာဂုဏ်ပြုပွဲ (ဝေဂါလူမျိုးစုပေါင်းအက)၊ အမျိုးသမီးတစ်ကိုယ်တော်သီဆိုမှု၊ ပွဲဦးရွှေအလက်ာအက(မြန်မာ)၊ ပျော်ရွှင်သောလုလင်များ (ကျွမ်းဘားတင်ဆက်မှု)၊အရောင်အသွေးလှပသောခါးပတ်(ဝေဂါလူမျိုးတို့ဟာသနှောသည့်အက)၊ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း(မြန်မာ)၊ တစ်ကိုယ်တော်တီးခတ်တင်ဆက်မှု (ဝေဂါလူမျိုးတေးဂီတ)၊ ပန်းကန်လုံးရွက်အက (ဝေဂါလူမျိုး၏ ရိုးရာအက)၊ ပုဂံယိမ်းအက(မြန်မာ)၊ အမျိုးသားတစ်ကိုယ်တော် သီဆိုမှု၊ ရွှေတညာ(မြန်မာ)၊ အမျိုးသမီး တစ်ကိုယ်တော် သီဆိုမှု၊ နှစ်ပါးသုံးစုံအက(မြန်မာ)၊ ဝေဂါလူမျိုးစုပေါင်းအကတို့ဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌဦးကြီးစိန်တို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၃)ရပ်ကွက် သခင်ဘိုးလှကြီးလမ်းမိသားစုက ဦးဆောင်၍ ရပ်ကွက်နေပြည်သူများပါဝင်သည့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ရက်တို့တွင် အဆိုပါလမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အားကစားပြိုင်ပွဲများတွင် အသက်အရွယ်အလိုက် ကျား၊ မ မီတာ(၃၀) အပြေးပြိုင်ပွဲ၊ မီတာ (၁၀၀)(၂၀၀)(၄၀၀) အပြေးပြိုင်ပွဲ၊ အပ်နဖားထိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဖယောင်းတိုင်မီးထွန်းပြေးပြိုင်ပွဲ၊ အလွတ်တန်းမာရသွန်ကျား၊ မ အပြေးပြိုင်ပွဲ၊ အသက် ၆၀နှစ်အထက် ကျား၊ မ လမ်းလျှောက်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ၄က်ပျောပင်ချောတိုင်တက်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသူများအား ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(နွဲ့-သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူအား အမေရိကန်နိုင်ငံ ကော်လိုဒါရိုပြည်နယ် Denver ၌ အခြေစိုက်သည့် Teachers Across Borders (TAB) အဖွဲ့မှ မြန်မာအစီအစဉ်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဆရာအတတ်သင်ပညာရေး သင်ရိုးညွှန်းတမ်းနှင့် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို ပြန်လည်ပြင်ဆင်ပြုစုရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာအတတ်ပညာရေးဆိုင်ရာ သင်တန်းများလာရောက်ပို့ချနိုင်ပါက လက်ခံလိုပါကြောင်း ဆွေးနွေးရာ TABအဖွဲ့မှ မြန်မာအစီအစဉ် ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်က မြန်မာနိုင်ငံ၏ ပညာရေး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ပါဝင်ကူညီပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် အအေးပေါ့မည်

နေပြည်တော် ဇန်နဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် မိုးမိတ်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အအေးပေါ့မည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

၁၉၇၄ခုနှစ် မော်လမြိုင်ကောလိပ် သင်္ချာကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်ပြန်လည်တွေ့ဆုံပွဲ

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၂ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး မဟာဝိဇယစေတီကုန်းတော်ရှိ သထုံမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး စုံညီစွာတက်ရောက်ကြပါရန် နွေးထွေးစွာဖိတ်ကြားအပ်ပါသည်။ (ညစာစားပွဲစီစဉ်ထားပါသည်။)

ဆက်သွယ်ရန်-ဦးစိုးမြင့်ဝင်း ဖုန်း-၀၉-၄၇၁၀၄၅၄၅၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀၂၀၈၂၀၊ ဦးတင်ဝင်း ဖုန်း-၀၉-၄၂၀၀၀၇၆၉၀၊ ဒေါ်တင်တင်ထွေး ဖုန်း-၀၉-၇၃၀၅၈၈၀၂နှင့် ဦးမင်းဇော် ဖုန်း-၀၅၄-၂၄၇၀၃



နိုင်ငံတကာသတင်း

၂၀၁၂ ခုနှစ်တွင် ဗီယက်နမ်လူဦးရေ ၈၈ သန်းကျော်ရှိ

ဟနွိုင်း ဇန်နဝါရီ ၂

ဗီယက်နမ်နိုင်ငံ၏ လူဦးရေသည် ၂၀၁၂ ခုနှစ် အကုန်တွင် ၈၈ ဒသမ ၇၈ သန်းအထိရှိလာပြီး ပြီးခဲ့သည့်နှစ်ကထက် ၁ ဒသမ ၀၆ ရာခိုင်နှုန်း ပိုမိုတိုးလာကြောင်း၊ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများလာကြောင်း ဗီယက်နမ်သန်းခေါင်စာရင်းရုံးက ထုတ်ပြန်ချက်တစ်ရပ်ကို ဇန်နဝါရီ ၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအတွင်း အဆိုပါ လူဦးရေစုစုပေါင်းတွင် အမျိုးသမီးဦးရေ မှာ ၄၄ ဒသမ ၈၆ သန်းပါဝင်ပြီး နှစ်ချင်းအလိုက် ၁ ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ အမျိုးသားဦးရေသည် ၄၃ ဒသမ ၉၂ သန်းရှိပြီး နှစ်ချင်းအလိုက် ၁ ဒသမ ၀၉ မြင့်တက်လာကြောင်း၊ ထို့အပြင် မြို့ပြနေ လူဦးရေမှာ ၂၈ ဒသမ ၈၁ သန်းရှိပြီး ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကာ ကျေးလက်နေလူဦးရေမှာ ၅၉ ဒသမ ၉၇ သန်းရှိပြီး ၀ ဒသမ ၀၂ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ယင်းသန်းခေါင်စာရင်းရုံး ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထိုအတောအတွင်း ၂၀၁၂ ခုနှစ်တွင် စုစုပေါင်းမွေးဖွားနှုန်းသည် အမျိုးသမီးတစ်ဦးလျှင် ကလေးနှစ်ဦးနှုန်းရှိပြီး ယခင်နှစ်က အမျိုးသမီးတစ်ဦးမွေးဖွားသည့် ကလေး ၁ ဒသမ ၉၉ ရှိသည်ထက် ပိုမိုတိုးမြင့်လာသည်။ **(ဆင်ဟွာ)**

ဆီးရီးယားအစိုးရတပ်များ ဒမတ်စကတ်မြို့အနီး အတိုက်အခံတပ်ဖွဲ့ဝင်များအား ရက်စက်စွာသတ်ဖြတ်

ဒမတ်စကတ် ဇန်နဝါရီ ၂

ဆီးရီးယားစစ်တပ်က မြို့တော်ဒမတ်စကတ် ဆင်ခြေဖုံး၌ ပြည်ပကျောထောက်နောက်ခံပြုသော အတိုက်အခံတပ်ဖွဲ့ဝင်များအား ချေမှုန်းတိုက်ခိုက်ခဲ့ကြောင်း ဇန်နဝါရီ ၂ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြထားသည်။ (အောက်ပုံ)

ဆီးရီးယားပြည်သူများနှင့် ပြည်ပကထောက်ခံထားသော ဆီးရီးယားအတိုက်အခံတပ်ဖွဲ့ဝင်များအား ဆီးရီးယားစစ်တပ်က ဇန်နဝါရီ ၁ ရက်တွင် ဒမတ်စကတ်မြို့မြောက်ဘက် ၄၆ မိုင်အကွာ ယာဘရောက်မြို့၌ အပြင်းအထန် ထိုးစစ်ဆင်သတ်ဖြတ်ခဲ့ကြောင်း အီရန်သတင်းဌာန ဆာနာကသတင်းဖော်ပြခဲ့သည်။ ဆီးရီးယားအစိုးရတပ်များက အတိုက်အခံတပ်ဖွဲ့ဝင်များ၏ လက်နက်တိုက်ကိုလည်း ဖျက်ဆီးပစ်လိုက်ကြသည်ဟုဆိုသည်။ ထို့အပြင် ဆီးရီးယားတပ်များက ဒမတ်စကတ်မြို့မြောက်ဘက် မိုင် ၅၀ အကွာ အယ်လ်နက်မြို့တွင်လည်း ပုန်းအောင်းနေသော အတိုက်အခံတပ်များကို ရက်စက်ကြမ်းကြုတ်စွာ ပစ်သတ်ပြီး လက်နက်နှင့် ခဲယမ်းမျိုးစုံကိုလည်း သိမ်းဆည်းခဲ့သည်ဟုဆိုသည်။ ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ်လမှစတင်ကာ သမ္မတအာဆတ်အား ဖြုတ်ချရန်ဆန္ဒပြတောင်းဆိုရာမှ အစိုးရတပ်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူပြည်သူ ၄၀၀၀၀ ခန့် ရှိသွားပြီဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ကေဒါနှင့်နိုယာဒုံးကျည်များ အီရန်အောင်မြင်စွာစမ်းသပ်

တီဟီရန် ဇန်နဝါရီ ၂

အီရန်ရေတပ်က ဗီလာရက် ၉၁ ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုပဉ္စမမြောက်နေ့တွင် ကမ်းခြေမှ ပင်လယ်ပစ်ကေဒါဒုံးကျည်နှင့် မြေပြင်မှ မြေပြင်ပစ် နိုယာဒုံးကျည်နှစ်မျိုးကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း အီရန်သတင်းဌာန ပရက်စ်တီဗွီက ဇန်နဝါရီ ၁ ရက်တွင် ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ကေဒါ (Qader)ခရုစ်ဇ်ဒုံးကျည်သည် ရန်သူ့ပစ်မှတ်ကို ထိရောက်စွာ ပစ်ခတ်နိုင်စွမ်းရှိကြောင်း ဗီလာရက် ၉၁ စစ်ရေးလေ့ကျင့်မှု ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး အမီယာရာစတာဂါရီက ပရက်စ်တီဗွီသို့ ဇန်နဝါရီ ၁ ရက်က ပြောကြားသည်။

ကမ်းခြေမှ ပင်လယ်ပြင်ပစ် အဆိုပါဒုံးကျည်ကို ပြည်တွင်းစက်မှုလုပ်ငန်းများက ဒီဇိုင်းပုံဖော်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အီရန်တပ်မှူးက ပြောကြားသည်။ နိုယာမြေပြင်ပစ်ဒုံးကျည်သည် တာဝေးပစ် မြေပြင်ဒုံးကျည်ဖြစ်ကြောင်း၊ ယင်းသည် အဝေးရှိ ရန်သူပစ်မှတ်များကို ပစ်ခတ်နိုင်ကြောင်း ရာစတာဂါရီက ပြောကြားသည်။ အီရန်ရေတပ်သည် ၎င်း၏ ရေပိုင်နက်ကို ကာကွယ်ရန် ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကာ ခြောက်ရက်ကြာစစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ် ဒုံးကျည်များ စမ်းသပ်ခဲ့ကြသည်။ **(ပရက်စ်တီဗွီ)**

ဂျပန်ခရီးသည်တင်လေယာဉ် မိုးကြိုးပစ်ခံရ

အိုဆာကာ ဇန်နဝါရီ ၂

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဖူကူအိုကာစီရင်စုတွင် ဇန်နဝါရီ ၁ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်းမိုးကြိုးပစ်ခံရကြောင်း၊ သို့သော်လည်း ခရီးသည်နှင့်လေယာဉ်ဝန်ထမ်းအားလုံးဘေးကင်းလုံခြုံခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဖော်ပြသည်။

ဂျပန်ဂျက်စတား GK 127 ခရီးသည်တင်လေယာဉ်သည် ဖူကူအိုကာလေဆိပ်သို့ မဆင်းသက်မီ ယင်းနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်က မိုးကြိုးထိမှန်ခံခဲ့ရခြင်းဖြစ်သည်။ ယင်းလေယာဉ်သည် တိုကျိုနာရီတာလေဆိပ်မှ ဖူကူအိုကာလေဆိပ်သို့ ဦးတည်ပျံသန်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့မတော်တဆဖြစ်ပွားပြီးနောက် လေယာဉ်ကိုလုံခြုံဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ပြီးခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၁၈၁ ဦးနှင့် ဘေးမသီရန်မခဘဲ ဆင်းသက်နိုင်ခဲ့ကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

ဖျက်သိမ်းခံခဲ့ရ

မိုးကြိုးထိမှန်ခံရပြီးနောက် လေယာဉ်ကို စစ်ဆေးရန်နှင့် ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း၊ ၎င်းလေကြောင်းလိုင်းမှ ဂျပန်နိုင်ငံအနောက်ပိုင်းတိုင်ဆိုင်းလေဆိပ်သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ် သုံးခုကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြပါရှိသည်။ **(ဆင်ဟွာ)**

ပေကျင်းနှင့် ရှန်ဟိုင်းတွင် ဗီဇာမဲ့ နေထိုင်ခွင့် မူဝါဒချမှတ်

ပေကျင်း ဇန်နဝါရီ ၂

တရုတ်နိုင်ငံ ပေကျင်းနှင့် ရှန်ဟိုင်းမြို့များတွင် နိုင်ငံ ၄၅ နိုင်ငံမှ လာရောက်လည်ပတ်သောခရီးသွားများကို ဗီဇာမဲ့ ၇၂ နာရီကြာ နေထိုင်ခွင့်မူဝါဒကို ခွင့်ပြုကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ရောက်လာသော တရုတ်ဩစတြေးလျကပြားတစ်ဦးမှာ ထိုမူဝါဒအတိုင်း ဗီဇာမဲ့ ပထမဦးဆုံး နေထိုင်သူဖြစ်ခဲ့သည်။

ထိုသူက သူ၏လေယာဉ်လက်မှတ်ဖြတ်ချိန်တွင် ပေကျင်းနှင့် ရှန်ဟိုင်းတို့တွင် ချမှတ်လိုက်သည့် ထိုမူဝါဒကို သိရှိ၍ အီတလီနိုင်ငံ ရောမသို့ မသွားမီ ပေကျင်းတွင် နှစ်ရက်ကြာ နေထိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုမူဝါဒချမှတ်ခြင်းသည် ခရီးတစ်ထောက်ဝင်ရောက်နားကာ တခြားသို့ ခရီးဆက်မည့် ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ပီရူးအလယ်ပိုင်း အကျဉ်းထောင်၌ အကျဉ်းသားများ ထောင်ဖောက်ထွက်ပြေး

တင်မောင်လွင် -စုစည်းသည်

လီမာ ဇန်နဝါရီ ၂

ပီရူးနိုင်ငံအလယ်ပိုင်း လူငယ်အကျဉ်းထောင်တစ်ခုမှ လူငယ်အကျဉ်းသား ၁၃ ဦး ထောင်ဖောက်ပြီး ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ဇန်နဝါရီ ၁ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ လူငယ်များသည် ပီရူးနိုင်ငံအလယ်ပိုင်း လီမာမြို့ရှိ အကျဉ်းထောင်၌ ထောင်စောင့်များ နှစ်သစ်ကူးပွဲတော်ကျင်းပရန် ပြင်ဆင်နေစဉ်အတွင်း အဓိကရုဏ်းတစ်ခုဖြစ်ပွားပြီး လွတ်မြောက်သွားခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ အချင်းဖြစ်ပွားစဉ် အကျဉ်းထောင်မှူး ပစ်ခတ်ခံခဲ့သည်ဟုဆိုသည်။ ထောင်ဖောက်ထွက်ပြေးလွတ်မြောက်သွားသူများအကြား လူသတ်မှုနှစ်ခုဖြင့်ထောင်ကျနေသည့် အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးသည် အခြားအကျဉ်းထောင်တစ်ခုမှ ထွက်ပြေးလွတ်မြောက်လာပြီးနောက် ပြန်လည်ဖမ်းဆီးခံရကာ ပီရူးအလယ်ပိုင်း အကျဉ်းထောင်သို့ ရွှေ့ပြောင်းလာခဲ့သူဖြစ်သည်။

ပြောကြား

၎င်းအကျဉ်းထောင်ကို အကျဉ်းသား ၃၇၀ ထားရန် တည်ဆောက်ထားခြင်းဖြစ်သော်လည်း လောလောဆယ်တွင် အကျဉ်းကျခံနေရသည့် လူငယ် ၁၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။ ထွက်ပြေးလွတ်မြောက်သွားသူများအား ပြန်လည်ရှာဖွေနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဘီဘီစီ)**

အစ္စတန်ဘူလ်မြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား အာဖဂန်ကျောင်းသားငါးဦးသေဆုံး

အင်ကာရာ ဇန်နဝါရီ ၂

တူရကီနိုင်ငံ၏ အကြီးဆုံး မြို့တော် အစ္စတန်ဘူလ်တွင် နေအိမ်တစ်လုံးအတွင်း သဘာဝဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဇန်နဝါရီ ၁ ရက်က အာဖဂန်ကျောင်းသား အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ တူဒေးဇာမန်းသတင်းစာက ဖော်ပြသည်။

အဆိုပါဖြစ်ပွားမှုသည် တူရကီနိုင်ငံ ဇီတန်ဘူနူခရိုင် အထပ်လေးထပ်ရှိ အဆောက်အအုံတစ်လုံး အတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဓာတ်ငွေ့ယိုစိမ့်မှုကြောင့် နေအိမ်အတွင်းရှိ အာဖဂန်ကျောင်းသားငါးဦးသေဆုံးခဲ့ကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြသည်။

ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဆင်ဟွာ)**

မြေ+(၈)ထပ်တိုက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဗဟိုလမ်းမ (ယခင်ဇေယျာဝတီလမ်း)၊ စမ်းချောင်းမြို့နယ် ၂၅ပေ×ပေ၅၀ ရှစ်ထပ်လုံးချင်းတိုက်သစ်(မြေပိုင်ဆိုင်မှုအပါအဝင်) V-pile Foundation ပြင်ဆင်ပြီး၊ မြေညီအမြင့် ၁၆ပေနှင့် ကျန်အထပ်များ ၉ပေအမြင့် (ဟံသာဝတီကားပွဲစားတန်းအနီး)၊

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆

နိုင်ငံရေးအရဖြေရှင်းရမည့် ဆီးရီးယားအကျပ်အတည်း

တိုး ရေးသားသည်

ဆီးရီးယားသမ္မတ အယ်လ်အာဆတ် ၂၀၁၄ ခုနှစ်အထိ အာဏာဆက်ယူထားသင့်သည်ဟူ၍ကုလသမဂ္ဂ -အာရပ်အဖွဲ့ချုပ် အထူးသံတမန် ဘရာဟီမီက မည်သည့်အခါကမျှ မပြောကြားခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ မာတင်နီဆာကီက ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်နိုင်သမျှ အမြန်ဆုံးအသွင်ကူးပြောင်းသင့်သည်ဟူ၍သာ ဘရာဟီမီက အမြဲပြောကြားကြောင်း၊ နောက်ပြီး အစိုးရတစ်ရပ် အမြန်ဆုံးထူထောင်သင့်ပြီး ၂၀၁၄ ခုနှစ်တိုင် မစောင့်ဆိုင်းနိုင်သဖြင့် ဆီးရီးယားအကျပ်အတည်းကို ၂၀၁၃ ခုနှစ်အတွင်း ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်းတို့ကို သာ ပြောကြားသည်ဟုလည်း ဘရာဟီမီ၏ကိုယ်စား မာတင်နီဆာကီက ရှင်းလင်းပြောကြားသည်။

ထိုသို့ သူ့ကိုယ်စားရှင်းလင်းပြောကြား၍ မကြာမီမှာပင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အာရပ်အဖွဲ့ချုပ်(အေအယ်) တည်ရှိရာ၌ မစ္စတာဘရာဟီမီ ကိုယ်တိုင် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဆီးရီးယားအခြေအနေမှာ လုံးဝအတိမ်းအစောင်းမခံကြောင်း၊ အရေးတကြီးဖြေရှင်းရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါကပြည်တွင်းစစ်ကြောင့် များစွာအထိနာသည့် နိုင်ငံဖြစ်သွားနိုင်ကြောင်း ၎င်းကပြောကြားလိုက်သည်။

ဆီးရီးယားအခြေအနေမှာ ပိုမိုဆိုးရွားလာပြီး ပိုမိုအကြမ်းဖက်လာကြောင်း ယခုအခါ ဆီးရီးယားပြည်သူများအနေဖြင့် ရွေးချယ်ရန် နှစ်လမ်းသာရှိကြောင်း၊ တစ်လမ်းမှာ ပြည်သူတို့၏ လိုလားချက်ကို ဖြည့်ဆည်းနိုင်သည့် နိုင်ငံရေးအရ ဖြေရှင်းနည်းဖြစ်ပြီး ကျန်တစ်လမ်းမှာ ဒုက္ခပင်လယ်ဝေမည့်လမ်းသာဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ်(အေအယ်) အတွင်းရေးမှူးချုပ် နဘီအယ်ဘရာဘီ တက်ရောက်သည့် သတင်းစာရှင်းလင်းပွဲ၌ မစ္စတာဘရာဟီမီက ရှင်းလင်းပြောကြားသည်။

ဆီးရီးယားအကျပ်အတည်း နောက်ထပ် တစ်နှစ်ဆက်ဖြစ်နေလျှင် ပြည်သူ ၁၀၀၀၀၀ ခန့် အသက်ဆုံးရှုံးကြရဦးမည်ဟုလည်း သတိပေးလိုက်ပြီး ဆီးရီးယားအကျပ်အတည်းကို ဖြေရှင်းပေးရန် အရှေ့အလယ်ပိုင်းဒေသ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့၏ တာဝန်ဖြစ်ကြောင်း ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့၏ ပူးတွဲအထူးသံတမန် မစ္စတာဘရာဟီမီက ပြောကြားသည်။

၂၀၁၁ ခုနှစ် မတ်လက စတင်ခဲ့သည့် ဆီးရီးယားအကျပ်အတည်းမှာ ၂၀၁၂ ခုနှစ် တစ်နှစ်လုံး အကြမ်းဖက်မှုများ ပိုများလာခြင်း၊ နိုင်ငံရေးအရ ဖြေရှင်းရန် ကြိုးပမ်းမှုများ မအောင်မြင်ခြင်းတို့ဖြင့် အဆုံးသတ်ပြီး အပြီးသတ်ဖြေရှင်းရေးမှာ အလှမ်းကွာဝေးလျက်ရှိသည်ကို တွေ့ရသည်။

တကယ်တော့ လွန်ခဲ့သည့် ၂၁ လက လူနေမှုအဆင့်အတန်းမြှင့်တင်ပေး၊ လူ့အခွင့်အရေးများ အပြည့်အဝပေးဟူသော ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့သည့်

ဆီးရီးယားအကျပ်အတည်းမှာ ၂၀၁၂ ခုနှစ် တစ်နှစ်လုံး အကြမ်းဖက်မှုများ ပိုများလာသည်ကို ဤသို့တွေ့ရသည်။

အတိုက်အခံတို့၏လှုပ်ရှားမှုကို ဆီးရီးယားအစိုးရက အကြမ်းဖက်နှိမ်နင်းသဖြင့် သွေးထွက်သံယိုဖြစ်ရာမှ ချက်ချင်းဆိုသလို အာဆတ်အစိုးရဖြုတ်ချဖြုတ်ချဟူ၍ တောင်းဆိုဆန္ဒပြလာသည်။ ၂၀၁၂ ခုနှစ်အတွင်းမှာပင် အကြမ်းဖက်မှုများသည် မကြုံစဖူး မန္တိုင်းသာအောင် ကြီးထွားလာခဲ့သည်။ အစိုးရနှင့် အတိုက်အခံတို့အကြား ပဋိပက္ခတွေ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။ ထိုမျှမက ကန့်သတ်နယ်ပယ်ကိုသာမက ပဋိပက္ခစက်ဝန်းကျယ်ပြန့်လာသည်။

ထို့ကြောင့်လည်း ပြည်သူထောင်ပေါင်းများစွာတို့ လုံခြုံမှုမရှိသည့် ကိုယ့်အိုးကိုယ့်အိမ်ကို စွန့်ခွာထွက်ပြေးကြရသည်။ အိမ်နီးချင်းနိုင်ငံများသို့လည်း ဒုက္ခသည်များအဖြစ် အများအပြားရောက်ရှိကြသည်။ နိုင်ငံတကာ အဖွဲ့အစည်းများ၏ စာရင်းများအရ အိုးအိမ်စွန့်ခွာထွက်ပြေးရသည့် ပြည်သူပေါင်း သုံးသန်းခန့်ရှိသည်။

ထိုအနိဋ္ဌာရုံအဆုံးသတ်စေရန် နိုင်ငံတကာနှင့် ဒေသဆိုင်ရာတို့၏ နိုင်ငံရေးအရအဖြေရှာမှုများမှာ ကြိုးပမ်းသမျှ အရာမရောက် အချည်းအနှီးသာဖြစ်ကုန်သည်။ ဆီးရီးယားအကျပ်အတည်းမှာ ရုန်းမထွက်နိုင်ရှိချေသည်။

ပြည်ပမှရရှိသော မှောင်ခိုလက်နက်များ သို့မဟုတ် ဆီးရီးယားစစ်တပ် လက်နက်ကိုင်မှုရရှိသော လက်နက်များဖြင့် အတိုက်အခံတို့သည် အင်အားပိုမိုတောင့်တင်းလာသည့်အတွက် ဆီးရီးယားအစိုးရနှင့် လက်နက်ကိုင် အတိုက်အခံတို့အကြား အတိုက်အခိုက်များသည် ပိုပြင်းထန်လာသည့်နည်းတူ အတိုက်အခံတို့သည် ပိုမိုနယ်မြေချဲ့ထွင်သိမ်းပိုက်လာနိုင်ခဲ့သည်။ ထိုမျှသာမက ပြည်ပထောက်ပံ့အားပေးမှုရရှိလာသောအခါ မတတ်သာသည့်အဆုံး ဆီးရီးယားအစိုးရက ဓာတုလက်နက်များထုတ်သုံးလာမည်ကိုပင် စိုးရိမ်လာရသည်။ ထုတ်မသုံးသည့်တိုင် မထိန်းသိမ်းနိုင်သဖြင့် မလိုလားအပ်သူများထံ ဓာတုလက်နက်များရောက်သွားမည်ကို ထိတ်လန့်လာရပြန်သည်။

ထို့ကြောင့် ဆီးရီးယားပြည်သူတို့၏ အသက်အိုးအိမ်ကို ကယ်တင်ရန် ငြိမ်းချမ်းစွာ နိုင်ငံရေးအရ အဖြေရှာရန်လိုအပ်သလို ဆီးရီးယားအရေးကို ဆီးရီးယားပြည်သူတို့ကိုယ်တိုင်ဖြေရှင်းရန်လိုအပ်လာသည်။ ဆီးရီးယားအကျပ်အတည်းက ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ယခုထက်ပိုမိုခြိမ်းခြောက်မလာစေရန် တားမြစ်ရန်လိုအပ်ပါကြောင်း။ ။

အာကာသဓာတ်ရောင်ခြည်များက ယာဉ်မှူးများအား အယ်လ်ဇိုင်းမားရောဂါဖြစ်စေနိုင်

နာဆာ ဇန်နဝါရီ ၂

အာကာသဆိုသည်မှာ ထူးခြားအံ့ဖွယ် နေရာတစ်ခုဖြစ်နိုင်သကဲ့သို့ မမြင်နိုင်သောအန္တရာယ်များအားပေးနိုင်သော နေရာတစ်ခုလည်းဖြစ်နိုင်သည်။



အာကာသထဲမှ ရေဒီယိုသတ္တိကြွရောင်ခြည်များသည် လူ၏ဦးနှောက်တွင် အယ်လ်ဇိုင်းမားရောဂါဖြစ်စေသော အန္တရာယ်တစ်ရပ်ဖြစ်ကြောင်း လေ့လာမှုအသစ်တစ်ရပ်တွင် ဖော်ပြသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စူးရှတောက်ပစွာလင်းလက်နေသော ကြယ်တစ်စင်းသည် ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်အမှုန်များကို အာကာသထဲသို့ အရှိန်ဖြင့်ထုတ်လွှတ်သည်။ ယင်းအမှုန်များနှင့် ထိတွေ့လိုက်သော သက်ရှိသတ္တဝါမှန်သမျှတို့တွင် အယ်လ်ဇိုင်းမားရောဂါအန္တရာယ်ဖြစ်ပေါ်စေသည်။

ကမ္ဘာကြီး၏ လေထုလွှာနှင့် သံလိုက်စက်ကွင်းသည် ကမ္ဘာကြီးအား ကော့စမစ်ဖြာထွက်ရောင်ခြည်အများစုမှ အကာအကွယ်ပေးထားသည်။ ကမ္ဘာ့မြေမျက်နှာပြင်အထက် မိုင် ၂၀၀ တွင်ရှိသော နိုင်ငံတကာအာကာသစခန်းသည်ပင် ယင်းအကာအကွယ်၏အကျိုးသက်ရောက်မှုရှိနေဆဲဖြစ်ကြောင်းသိရသည်။ သို့သော်လည်း လပေါ်သို့ခရီးသွား အပိုလို အာကာသယာဉ်မှူးများ၊ အာကာသခရီးသွား အာကာသယာဉ်မှူးများတွင် ကော့စမစ်ရောင်ခြည်နှင့် ထိတွေ့ကြရသည်။ အာကာသယာဉ်၏ကိုယ်ထည်အား အကာအကွယ်များဖြင့် တည်ဆောက်ထားသော်လည်း စွမ်းအားမြင့်အမှုန်များသည် ယင်းအကာအကွယ်အား ဖြတ်သန်းဝင်ရောက်နိုင်သည်ဟုဆိုသည်။

လေ့လာမှုတစ်ရပ်က အာကာသသို့သွားရောက်သူ အာကာသယာဉ်မှူးများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးခဲ့သည်။ အာကာသမှပြန်လာသော အာကာသယာဉ်မှူး ၂၇ ဦးအား မျက်လုံးနှင့် ဦးနှောက်အခြေအနေ ပုံမှန်အနေအထား ရှိ မရှိ စစ်ဆေးရာ စင်းလုံးချောအခြေအနေမဟုတ်ဘဲ ရေရှည်တွင် ထိခိုက်နစ်နာမှုများဖြစ်နိုင်ခြေများသည်ကို တွေ့ရှိခဲ့ရသည်။

သို့သော် အာကာသထဲသို့ ရက်သတ္တပတ်အနည်းငယ်သာသွားသော အာကာသယာဉ်မှူးများအတွက်မူပြဿနာမရှိနိုင်ကြောင်း၊ သုံးနှစ်ကြာသွားရောက်ရမည့် အနာဂတ်အင်္ဂါဂြိုဟ်ခရီးစဉ်အတွက်မူ ယင်းပြဿနာများအတွက် နည်းပညာများစွာလိုသေးကြောင်း သတင်းတွင်ဖော်ပြသည်။

ထိုသို့ အာကာသပြန်ယာဉ်မှူးများတွင် ကျန်းမာရေးပြဿနာများရှိနိုင်သည်ကိုတွေ့ရှိပြီးနောက် သိပ္ပံပညာရှင်များက အာကာသခရီးသွားသူများအတွက် အကာအကွယ်နည်းလမ်းများ ကြံဆလုပ်ဆောင်ရမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း

အီရန်ရေပိုင်နက်အတွင်း ကင်းထောက်ရန်ကြိုးစားနေသော မောင်းသူမဲ့ယာဉ်များကို အီရန်သတိပေး

အီရန်ရေတပ်က ဗီလာရက် ၉၁ စစ်ရေးလေ့ကျင့်ရေးဇုန်အတွင်း ကင်းထောက် ထောက်လှမ်းနေသော မောင်းသူမဲ့ကင်းထောက်လေယာဉ် ၃၀ ကို သတိပေးလိုက်ကြောင်း အီရန်ထိပ်တန်းတပ်မှူးတစ်ဦးက ပြောကြားသည်။

အီရန်ရေတပ်အနေဖြင့် ၎င်း၏ စစ်ရေးလေ့ကျင့်မှုနယ်မြေအတွင်း ဝင်ရောက်ကင်းထောက်လှမ်းနေသော ပြည်ပမောင်းသူမဲ့လေယာဉ် အစင်း ၃၀ ကို ဟန့်တားထားနိုင်ခဲ့ကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး အမီယာရာစတာဂါရီက ပြောကြားသည်။

အီရန်စစ်ရေးလေ့ကျင့်မှုနယ်မြေအတွင်း ကင်းထောက်လေယာဉ်မျိုးစုံ သူလျှိုလုပ်ရန်နှင့် သတင်းအချက်အလက်စုဆောင်းရန်ဝင်ရောက်နိုင်ရေးကြိုးစားခဲ့ကြကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ အီရန်ရေတပ်သည် ဒီဇင်ဘာ ၂၈ ရက်မှစတင်ပြီး ဟော်မုဇ်ရေလက်ကြား အရှေ့ဘက်၌ ခြောက်ရက်ကြာစစ်ရေးလေ့ကျင့်လျက်ရှိသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသစ် ပြဋ္ဌာန်းပေးရန် အိန္ဒိယတွင် ဆော်ဩ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အကြမ်းဖက်အနိုင်ကျင့်ခံရသော မိန်းကလေး၏အမည်ဖြင့် အကြမ်းဖက် ဆန့်ကျင်ရေးဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရန် အိန္ဒိယဝန်ကြီးတစ်ဦးက အာဏာပိုင်တို့အား ဆော်ဩလိုက်သည်။

အသက် ၂၃ နှစ်ရှိ ဆေးကျောင်းသူလေး၏ မိဘများက ကန့်ကွက်ခြင်းမရှိလျှင် သူမအား ဂုဏ်ပြုသောအားဖြင့် အကြမ်းဖက်မှုဆန့်ကျင်ရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ကြောင်း အငယ်တန်းပညာရေးဝန်ကြီး ရှာရှီတာရောက ပြောကြားသည်။အဆိုပါဆေးကျောင်းသူလေးသည် နယူးဒေလီမြို့၌ လွန်ခဲ့သော သီတင်းပတ်ကျော်က အကြမ်းဖက်ဂိုဏ်းအဖွဲ့၏ အနိုင်ကျင့်ခံရပြီး စင်ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ရသည်။ သူမနှင့် သူမ၏ ယောကျ်ားလေးသူငယ်ချင်းတို့သည် ဒီဇင်ဘာ ၁၆ ရက်က ဒေလီမြို့ မူနီကာအရပ်၌ ရုပ်ရှင်ကြည့်ရန် အသွားဘတ်စ်ကားတစ်စီးပေါ်တွင် အနိုင်ကျင့်ခံရခြင်းဖြစ်သည်။ အကြမ်းဖက်ဂိုဏ်းအဖွဲ့က ယင်းတို့အား သံချောင်းများဖြင့်ရိုက်ပြီး မောင်းနေသော ကားပေါ်မှပစ်ချခဲ့သည်ဟု ရဲအဖွဲ့ပြောကြားသည်။

နှစ်သစ်ကူးမီးကျည်ပစ်လွှတ်ပွဲ တစ်ဦးကိုတစ်ဦး နင်းမိ၍ ၆၁ ဦး သေဆုံး

အိုင်ဗရီကို့စ်နိုင်ငံ မြို့တော်အဘစ်ဂျန်၌ နှစ်သစ်ကူးပွဲတော်တွင် လူတစ်ဦးကိုတစ်ဦးတက်နင်းမိပြီး သေဆုံးသူ အနည်းဆုံး ၆၁ ဦးရှိခဲ့ကြောင်း ဇန်နဝါရီ ၂ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ အဆိုပါမြို့ရှိပလေတိုးခရိုင်အတွင်း အားကစားကွင်းတစ်ခု၌ မီးကျည်မီးပန်းများပစ်ဖောက်စဉ် ရာပေါင်းများစွာသော ပြည်သူများထွက်ပြေးကြရာ တစ်ဦးကိုတစ်ဦး တက်နင်းမိခဲ့ကြသည်။ ယင်းသည် ဇန်နဝါရီ ၁ ရက် စောစောပိုင်း နှစ်သစ်ကူးချိန်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးပန်းများပစ်ဖောက်စဉ်အတွင်း ဓားကိုင်ထားသော လူငယ်အုပ်စုတစ်စုက ပြည်သူများထံမှ မိုဘိုင်းလ်ဖုန်းများ ကိုလည်းလုယူခဲ့ကြသည်။ ယင်းမီးပန်းဖောက်ပွဲတွင် အမေရိကန်နာမည်ကြီးအဆိုတော် ခရစ်ဘရောင်းလာရောက်ဖျော်ဖြေမှုကြောင့်ပရိသတ်များ အလွန်များပြားခဲ့သည်ဟုဆိုသည်။

နယူးဒေလီတွင် မြူနှင်းများထူထပ် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မကြာမီရက်များက မြူနှင်းများထူထပ်စွာကျဆင်းခဲ့၍ လေကြောင်းနှင့်ရထားသွားလာမှုခရီးစဉ်များ အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အနည်းဆုံး လေကြောင်းခရီးစဉ် ၃၀ ဖျက်သိမ်းမှုပြုလုပ်ခဲ့ရသည်ဟုဆိုသည်။ ဟောင်ကောင်မှ ပျံသန်းလာသောလေယာဉ်တစ်စင်းသည် မွမ်ဘိုင်းတွင် ပြောင်းလဲဆင်းသက်ခဲ့ရသည်။

မြင့်မောင်စိုး - စုစည်းသည်

ပြည်တွင်းသတင်း

ဒီမိုကရေစီနိုင်ငံသစ်နှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

စာတည်းအဖွဲ့မှ စုစည်းတင်ပြသည်

(ယမန်နေ့မှအဆက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး အစည်းအဝေး

ဇူလိုင် ၃ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပသည်။ တိုင်းရင်းသားပဋိပက္ခများ ပြေပျောက်စေရန် နိုင်ငံရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို တန်းတူညီမျှ ဖန်တီးပေးရန် လိုအပ်ကြောင်း သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။

စီးပွားရေးပိတ်ဆို့မှု ကန့်သတ်ချက်များ ဖြေလျှော့

ဇူလိုင် ၁၂ ရက်တွင် အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန်အတွက် ဇူလိုင် ၁၁ ရက်မှစတင်၍ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့လိုက်ကြောင်း သမ္မတအိုဘားမားက ကြေညာခဲ့သည်။

ဒီမိုကရေစီ မိတ်ဆွေပါတီများအဖွဲ့တွေ့ဆုံ

ဇူလိုင် ၁၈ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီမိုကရေစီ မိတ်ဆွေပါတီများအဖွဲ့မှ ပါတီဥက္ကဋ္ဌများနှင့်အထွေထွေအတွင်းရေးမှူးများအား တွေ့ဆုံ၍ တိုင်းပြည်အတွက် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ဖိတ်ခေါ်ခဲ့သည်။

နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ

ဩဂုတ် ၄ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ၍ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပါတီအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အမြုတေစာနယ်ဇင်းကောင်စီဖွဲ့စည်း

ဩဂုတ် ၉ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် ၆၁/၂၀၁၂ ဖြင့် မြန်မာနိုင်ငံ အမြုတေစာနယ်ဇင်းကောင်စီဖွဲ့စည်းသည်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

ဩဂုတ် ၁၀ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်းသည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)ဖြင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပြဋ္ဌာန်းသည်။

စီမံကိန်းကော်မရှင် ဒုတိယအကြိမ် စည်းဝေး

ဩဂုတ် ၁၃ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီမံကိန်းကော်မရှင် ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ပြီး လာဘ်ပေးလာဘ်ယူမှုသည် အကျင့်ပျက်သည့် သိက္ခာမဲ့လုပ်ရပ်ဖြစ်သည့်အပြင် အစိုးရ၏ ဂုဏ်သိက္ခာ၊ နိုင်ငံ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်၍ ထိထိရောက်ရောက် အပြစ်ပေးအရေးယူခြင်းဖြင့် တားဆီးသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး လက်မှတ်ရေးထိုး

ဩဂုတ် ၂၅ ရက်တွင် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွှတ်မြောက်ရေးအဖွဲ့ချုပ်တို့ ပြည်ထောင်စုအဆင့်သဘောတူညီချက် (၈)ချက်ကို လက်မှတ်ရေးထိုးသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ

စက်တင်ဘာ ၂၇ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် မိမိတို့အစိုးရနဲ့ သက်ဆိုင်သူအားလုံးအကြား နိုင်ငံရေးသည်းခံမှုရှိရှိဖြင့် မျက်နှာစုံညီဆွေးနွေးအဖြေရှာခြင်း

ဆိုတဲ့ နိုင်ငံရေး ယဉ်ကျေးမှု ဓလေ့သစ်ကို စတင်ပုံဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ

စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးယောက်မြို့၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် တွေ့ဆုံခဲ့သည်။

ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးသွားရောက်

အောက်တိုဘာ ၇ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ကျေးရွာသစ်လှုပ်ရှားမှုလုပ်ငန်းများ တိုးချဲ့ဖော်ဆောင်ရေး၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နေမှုကို အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ

နိုဝင်ဘာ ၂ ရက်တွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းသည်။

အဆင်းရဲဆုံးနိုင်ငံဘဝမှ အချမ်းသာဆုံးနိုင်ငံဖြစ်အောင်

နိုဝင်ဘာ ၃ ရက်တွင် နိုင်ငံတော်သမ္မတနှင့် နော်ဝေဝန်ကြီး

ချုပ်တို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက နော်ဝေနိုင်ငံအနေဖြင့် အဆင်းရဲဆုံးနိုင်ငံဘဝမှ အချမ်းသာဆုံး နိုင်ငံဖြစ်အောင် ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများကို မျှဝေပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး

နိုဝင်ဘာ ၆ ရက်တွင် လာအိုနိုင်ငံ၌ ကျင်းပသည့် (၉) ကြိမ်မြောက် အာရှ-ဥရောပ မျက်နှာစုံညီထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးအတွက် ရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

စတုတ္ထအကြိမ် လွတ်ငြိမ်းသက်သာခွင့်

နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အကျဉ်းသား၊ အကျဉ်းသူ ၅၁၈ ဦးအား စတုတ္ထအကြိမ် လွတ်ငြိမ်းသက်သာခွင့်ပြုပြီး နိုင်ငံခြားသားများအား ပြည်နှင်ဒဏ်ပေးခဲ့သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုဝင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၂ ဖြင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ရှေ့သို့ဆက်လက်ကြိုးပမ်းသွားမည်

နိုဝင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့ တွေ့ဆုံသည်။ နိုင်ငံတော်သမ္မတက မိမိတို့ကလည်း Move Forward ဟူ၍

ရှေ့သို့ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လွှတ်တော်ဆိုင်ရာဥပဒေပြဋ္ဌာန်း

နိုဝင်ဘာ ၂၆ ရက်တွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၃)ဖြင့် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းသည်။ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၄)ဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပြဋ္ဌာန်းသည်။

ဦးဆောင်ကော်မတီဖွဲ့စည်း

ဒီဇင်ဘာ ၁၄ ရက်တွင် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ စီမံကွပ်ကဲမှု ပိုမိုကောင်းမွန်စေရန် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့သည်။

ထူးချွန်ထင်ရှား အာရှသား

ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စထရိတ်စ်တိုင်းမ် သတင်းစာက ၂၀၁၂ ခုနှစ်အတွက် ထူးချွန်ထင်ရှား အာရှသားအဖြစ် ရွေးချယ်ခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်

ဒီဇင်ဘာ ၁၇ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်တို့သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အထူးစီးပွားရေးဇုန်၌ တွေ့ဆုံ၍ မြန်မာနှင့်ထိုင်းနိုင်ငံတို့အတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ အရေးပါသော ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နေမှုများကို ဆွေးနွေးကြသည်။

စီမံအုပ်ချုပ်မှုစနစ်ကောင်းမွန်ရေး

ဒီဇင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

အခြေခံမူဘောင် (၁၀)ချက်

ဒီဇင်ဘာ ၂၇ ရက်တွင် တတိယအကြိမ် စီမံကိန်းကော်မရှင် အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (၁၀)ချက်ကို ဆွေးနွေးအတည်ပြုသည်။

နိုင်ငံခြားအကူအညီအထောက်အပံ့

ဒီဇင်ဘာ ၂၈ ရက်တွင် ဒုတိယအကြိမ် နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတက ဈေးကွက်နှင့် ပို့ကုန်မူဝါဒများ မှာကြားသည်။

ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်

ဒီဇင်ဘာ ၂၈ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနက လွတ်လပ်သော ပုဂ္ဂလိကပိုင် နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ

ဒီဇင်ဘာ ၃၀ ရက်တွင် ၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပသည်။

အထက်ဖော်ပြခဲ့သည့် အကြောင်းအရာများသည် နိုင်ငံတော်အစိုးရသစ် တက်လာပြီး နှစ်နှစ်နီးပါးကာလအတွင်း ထင်သာမြင်သာရှိသော ပြောင်းလဲမှုများဟု ဆိုချင်ပါသည်။ ကြုံတွေ့ခဲ့ရသောစိန်ခေါ်မှုများကို အဆင့်လိုက် ကိုင်တွယ်ဖြေရှင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွင်း မေးခွန်းထုတ်စရာ မလိုလောက်သည့် တိုးတက်မှုခြေလှမ်းများကို တွေ့ရပေသည်။ အစိုးရသစ်အနေဖြင့် အများစုမျှော်လင့်မထားသော နိုင်ငံရေးခြေလှမ်းများကို သိသိသာသာ ရွေ့ခဲ့သည်။ နိုင်ငံရေးပါတီတချို့၏ နိုင်ငံရေးဘဝပြန်လည်ရှင်သန်ခွင့်ရစေခဲ့သည်။ နိုင်ငံရေးအကျဉ်းသားအများစု လွတ်ငြိမ်းခွင့်ရခဲ့သည်။ နိုင်ငံရေးဆွေးနွေးမှုများ၊ နိုင်ငံရေးလှုပ်ရှားမှုများအတွက် လမ်းဖွင့်ပေးမှုများသည် ပထမအဆင့်ခြေလှမ်းဟု ဆိုရမည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်အတွက် စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများမှာ အားတက်စရာကောင်းအောင် တွေ့မြင်ရပါသည်။ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များကို ပြည်တွင်းတွင်သာမက ပြည်ပကပါ ယုံကြည်လေးစားမှု ရထားသော လမ်းကြောင်းမှန်များသည် ဒီမိုကရေစီနိုင်ငံသစ်ကို ဦးဆောင်နိုင်သော အစိုးရတစ်ရပ်၏ လုပ်ဆောင်မှုများဟု မြန်မာ့အလင်းက ရှုမြင်ပါသည်။ ။

မြစ်ကြီးနားတက္ကသိုလ်

(၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်းလုပ်ကိုင်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းများထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင်ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ၎င်းတက္ကသိုလ်ငွေစာရင်းဌာနတွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း ဝယ်ယူဖြည့်စွက်၍ ၇-၁-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီတိတိ နောက်ဆုံးထားတင်သွင်းရမည်။ ၇-၁-၂၀၁၃ရက် မွန်းလွဲ ၂း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည်။

၂။ တင်ဒါတင်သွင်းသူသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ မိမိနယ်မြေအတွင်း နေထိုင်သူဖြစ်ကြောင်းနှင့် ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း ထောက်ခံစာ(လုပ်ငန်းလိုင်စင်အပါအဝင်) ပါရှိရမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၄၀၀၅၃၃၊ ၀၉-၄၄၀၀၀၄၈၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်ဗီဒီယိုကြီးကြပ်ရေးကော်မတီ
မြစ်ကြီးနားတက္ကသိုလ်

မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၅၀ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ အမှိုက်နှင့်သင့်တာဝန်
- ၈း၂၀ အကပဒေသာ
- ၈း၄၀ International News
- ၈း၅၀ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ တေးဂီတအစီအစဉ်
- ၄း၃၅ အကပြိုင်ပွဲ
- ၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅း၀၀ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ (၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ညနေခင်းသတင်း
- ၆း၂၀ ပျော်ရွှင်စေသောနေ့ရက်များ **ကြောင်နှင့်ကြွက်** (အပိုင်း-၃) မြင့်မြတ်နှင့်သက်မွန်မြင့်၊ (ဒါရိုက်တာ- စိုးကျော်)
- ၆း၄၀ ထူးဆန်းထွေလာများကိုသိပွဲဖြင့်ချဉ်းကပ်ခြင်း
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
- ၁၀း၀၀ ပြည်တွင်းသတင်း

MRTV-4

၃-၁-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၃၀ တုဏ္ဍိလဇာတ် တရားတော် (ဆရာတော်သညောဘာသ)
- ၇း၃၀ MRTV-4 သတင်း
- ၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၂၀ ဒီနေ့ဘာဟင်းချက်မလဲ
- ၉း၅၅ ရန်ကုန်မြင်ကွင်းကျယ် (အေးမြကရုဏာပရဟိတအသင်း တည်ထောင်ခြင်းအထိမ်းအမှတ် စာနယ်ဇင်းတွေ့ဆုံပွဲ)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၂း၀၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံ **မေးခွန်းများ**(အပိုင်း-၁)
- ၁၂း၄၀ Cartoon Show Time (Flushed Away)
- ၂း၀၀ MRTV-4 သတင်း
- ၂း၃၅ တိကျသေသပ်သောလှပမှုတို့အတွက် edelle
- ၃း၀၅ Happy Independent 2013
- ၅း၂၀ Minute to Win It
- ၆း၀၀ MRTV-4 သတင်း
- ၇း၁၅ Intellectual Talk [မူပိုင်ခွင့်သိမှတ်စရာ မူပိုင်ခွင့်ပညာရှင် ဦးကျော်ဇောနိုင်၊မျိုးမြတ်သူ)]
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ 19:18 Live Show စာနယ်ဇင်း ရှင်းလင်းပွဲအခမ်းအနား
- ၈း၄၅ Let's Talk It
- ၁၀း၅၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၁း၄၅ World of Knowledge (Chasing UFOs Alien Cowboys)
- ၁း၂၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
- ၂း၁၅ တောင်သူဝင်ငွေတိုးစေဖို့ ပံပတ္တမြားပြောင်းစိုက်ကြစို့
- ၂း၃၅ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၂၅ ပန်းပုပန်းချီ တုမမီအောင် လက်ရာစုံပေးသည်

ပြည်တွင်းသတင်း

တပ်မတော်က ကေအိုင်အေအဖွဲ့ ၏ အဓိကစခန်းထောက်တစ်ခုအတွင်းမှ လက်နက်ကြီး၊ လက်နက်ငယ်နှင့် ခဲယမ်းများ သိမ်းဆည်းရရှိ

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံတော်အစိုးရသည်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရရှိရန် ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဖွဲ့(၁၀)ဖွဲ့နှင့် သဘောတူဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိရန် တစ်ဖွဲ့သာ ကျန်ရှိတော့သည့် KIA/KIO နှင့်လည်း ပြည်ထောင်စုအဆင့်အပါအဝင် အဆင့်ဆင့်စေ့စပ်ဆွေးနွေးမှု(၁၁)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အလားတူ တပ်မတော်အနေဖြင့်လည်း ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ကေအိုင်အေအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ရာတွင် နှစ်ဖက်တပ်များနေရာချထားရေးအတွက် ထိရောက်စွာညှိနှိုင်းဆောင်ရွက်နိုင်ရန် တောင်းဆိုချက်အရ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦး အဖွဲ့ဝင်အဖြစ် စေလွှတ်ပေးခဲ့သော်လည်း တစ်ဖက်မှ စစ်ဘက်ခေါင်းဆောင်ပိုင်း တက်ရောက်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် အရေးကြီးသည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်မှုမရှိခဲ့ပါ။

ဆွေးနွေးပွဲ ပြုလုပ်စဉ်အတွင်း၌လည်း ၂၀၁၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဖားကန့်မြို့နယ် ဝဲအောင်ကမ္ဘာကုမ္ပဏီအခြေစိုက်ရာတောင်ကုန်းရှိ ကျောက်ထုတ်လုပ်မှုလုပ်ငန်းနှင့် စက်ယန္တရားများအား ကေအိုင်အေအဖွဲ့က ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးနေကြောင်း သတင်းအရ တပ်မတော်က ဝင်ရောက်ရှင်းလင်းရာတွင် ကေအိုင်အေအဖွဲ့က ထောင်ချောက်မိုင်းများ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်သားများ ထိခိုက်ကျဆုံးခဲ့ရသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ရဲစခန်းအား ကေအိုင်အေအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ကျဆုံးလျက် လက်နက်များ ဆုံးရှုံးခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကေအိုင်အေအဖွဲ့သည် မန္တလေး-မြစ်ကြီးနားကုန်ရထားအား အကြောင်းမဲ့မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် ရထားသံလမ်းပျက်စီး၊ ကုန်တွဲများ တိမ်းမှောက်ပျက်စီး၍ ကုန်ပစ္စည်းများ ဆုံးရှုံးပြီး ဝန်ထမ်းများလည်း ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မီးရထားလမ်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသော မိုးကောင်းမြို့နယ် တောင်နီကျေးရွာအုပ်စု တောင်နီပြည်သူ့စစ်စခန်းအား ကေအိုင်အေအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ဒဏ်ရာရ ဖမ်းဆီးခံရကာ လက်နက်များ သိမ်းယူသွားပြီး ရထားလမ်းတံတား မိုင်းခွဲဖျက်ဆီးခံခဲ့ရသည်။ ကေအိုင်အေအဖွဲ့သည် ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ ရထားလမ်းမိုင်းခွဲမှုအကြိမ် (၅၀)ကျော်၊ လမ်း၊ တံတားဖောက်လုပ်ရေး ယန္တရားများ တိုက်ခိုက်ဖျက်ဆီးမှု အကြိမ်(၁၀၀)ကျော် ပြုလုပ်ခဲ့ကြသည်။

တပ်မတော်အနေဖြင့် မြစ်ကြီးနား-ဗန်းမော်ကားလမ်း လုံခြုံချောမွေ့စွာ သွားလာရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကေအိုင်အေအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း စသည့် နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးမှုများ အဆက်မပြတ်ပြုလုပ်ခဲ့သည်။

တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးအတွက် လဂျားယန်စခန်းသို့ ရိက္ခာပို့သည့်လမ်းကြောင်းရှိ မြစ်ကြီးနား-ဗန်းမော်ကားလမ်းအား အဓိကပိတ်ဆို့နှောင့်ယှက်တိုက်ခိုက်နေသည့် ကချင်ပြည်နယ်အရှေ့ပိုင်းရှိ ပွိုင့်-၇၇၁ တောင်ကုန်းနှင့်ဝန်းကျင်အား ရှင်းလင်းခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် တက်ရောက်သိမ်းယူနိုင်ခဲ့သည်။ ထိုသို့ သိမ်းယူရာတွင် လေကြောင်းအကူအညီကို အသုံးပြုခဲ့ရသည်။ စခန်းအတွင်းမှ (၁၂၀)မမစိန်ပြောင်းတစ်လက်၊ (၆၀)မမစိန်ပြောင်းတစ်လက်၊ လက်နက်မျိုးစုံ ၁၃ လက်၊ လက်ပစ်ဗုံးမျိုးစုံ အလုံး ၅၀၀၊ ဗုံးသီးမျိုးစုံ ၂၇၀ လုံး၊ မိုင်းမျိုးစုံ ၅၂ လုံး၊ ကျည်မျိုးစုံ အတောင့် ၄၀၀၀၊ ယမ်းကြိုးနှစ်ခွေ သိမ်းဆည်းရရှိခဲ့သည်။ ယခုအခါ ကားလမ်းတစ်လျှောက်ဝန်းကျင်အား အသေးစိတ်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၃၀-၁၂-၂၀၁၂ရက်တွင် တပ်မတော်က သိမ်းပိုက်ရရှိခဲ့သည့် ပွိုင့် ၇၇၁ တောင်ကုန်းပေါ်ရှိ ဘန်ကာတစ်လုံးကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မြစ်ကြီးနား-ဗန်းမော် လမ်းကြောင်းအနီးတွင် လုံခြုံရေးအရ တပ်စွဲထားသည့် လဂျားယန်စခန်းသို့ ရိက္ခာပို့ဆောင်ရေး ဆောင်ရွက်ရန်ကိစ္စရှိလာတိုင်း သက်ဆိုင်ရာမှတစ်ဆင့် ကေအိုင်အေအဖွဲ့အား ကြိုတင်အသိပေးခဲ့သော်လည်း ရိက္ခာပို့ခဲ့သည့် သုံးကြိမ်စလုံးတွင် ရိက္ခာပို့စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် တပ်မတော်မှ အရာရှိ/စစ်သည်များ ထိခိုက်ကျဆုံးခဲ့ရသည်။ အလားတူ ရိက္ခာပို့ဆောင်ရန်ရှိကြောင်း ကေအိုင်အေအဖွဲ့ထံ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကြိုတင် အကြောင်းကြားခဲ့သည့်ကြားမှ ရိက္ခာပို့ စစ်ကြောင်းများကို အင်အားအသုံးပြု တိုက်ခိုက်ခဲ့သဖြင့် စစ်သည်များ ထိခိုက်ကျဆုံး ဒဏ်ရာရရှိမှုများရှိခဲ့သည်။

တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခဲ့ပြီး မိမိကိုယ်ကိုခုခံကာကွယ်ခြင်းမှလွဲ၍ စခန်းများအား စတင်တိုက်ခိုက်ခြင်း မပြုခဲ့သော်လည်း ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ...

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီနှင့် ဓာတ်ပုံပြပွဲ လျှော်ရန်ပုံငွေအဖြစ် ပန်းချီကားများ ပြသရောင်းချမည်

မန္တလေး ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏အစီအစဉ်ဖြင့် မန္တလေးဂုဏ်ဆောင် ကာတွန်း၊ ပန်းချီ၊ ဓာတ်ပုံပညာရှင်ကြီးများ၏ အနုပညာရသ ခံစားတင်ပြမှုကို ပြည်သူများ သိရှိခံစားနိုင်စေရန်အတွက် (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်တွင် ခင်းကျင်းပြသထားမည်ဖြစ်ပြီး ပြည်သူများ အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ မန္တလေးမြို့ပေါ်မှ ဓာတ်ပုံပညာရှင်ကြီးများ၏ ဓာတ်ပုံများ၊ ကာတွန်းပညာရှင်ကြီးများ၏ ကာတွန်းလက်ရာများကို တစ်နေရာတည်းမှာပင် အခမဲ့ခံစားကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပန်းချီကားပေါင်း ၂၆၅ ကားအထိ ပြသထားရှိသွားမည်ဖြစ်သည်။ အမျိုးအစားများအနေဖြင့် အက်ခရိုင်းလစ်၊ ရေဆေး၊ ဆီဆေး၊ ခဲနှင့်မင် ပန်းချီများ ပြသထားရှိမည်ဖြစ်သည်။ အဆိုပါ ပန်းချီကားများကို မြေငလျင်ရန်ပုံငွေအဖြစ် ပြပွဲမှာ ပါဝင်ပြသသွားမှာလည်းဖြစ်ပြီး ရောင်းချပြီး ရရှိလာသော ပန်းချီကားရောင်းရငွေများကို တိုင်းဒေသကြီးမှတစ်ဆင့် ငလျင်ဖြစ်ပွားရာဒေသများသို့ ပေးပို့လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ပန်းချီကားများကို မန္တလေးမြို့ပေါ်ရှိ ပန်းချီဆရာ ၉၅ ဦးက ရေးဆွဲထားခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ချမ်းအေးသာစံမြို့နယ် ဓမ္မသာလတွင် ပြသခဲ့သော ပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၁၈ ကားအထိ ရောင်းချခဲ့ပြီးဖြစ်သည်။ ယခုပန်းချီပြပွဲတွင် အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်ဆယ့်နှစ်သိန်း အထိရောင်းချရန်ပြသထားမည်ဖြစ်ကြောင်း ပန်းချီပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ ပြပွဲသို့ အခမဲ့လာရောက် လေ့လာနိုင်မည်ဖြစ်သည်။ ပြပွဲပြသရန်အတွက် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်ကာ ပန်းချီကားများကို ပြသမည့်နေရာများတွင် ခင်းကျင်းထားလျက်ရှိကြောင်း သိရသည်။

(၄၂၆)

အခြေခံပညာအလယ်တန်းကျောင်း တောင်တွင်းကြီးမြို့နယ်၌ ဖွင့်လှစ်

တောင်တွင်းကြီး ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဂုံညင်းတန်းအုပ်စု ဂုံ/ကြမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခြေခံပညာအလယ်တန်းကျောင်းဆိုင်းဘုတ်ကို နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသည်နှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန် လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ပေးအပ်

ယင်းနောက် ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဟသ်ာ (တောင်တွင်းကြီး)

အုပ်ချုပ်ရေးမှူး ရွေးချယ်

ဆားလင်းကြီး ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့ပေါ် (၁၊ ၂၊ ၃) ရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဒီဇင်ဘာ ၂၃ ရက်က ရွေးချယ်ပြီးစီးခဲ့သည်။

အမှတ်(၁)ရပ်ကွက်တွင် ဒီဇင်ဘာ ၁၈ရက်က ဆယ်အိမ်မှူးများ ရွေးချယ်ခဲ့ပြီး ထိုနေ့၌ပင် ရပ်မိရပ်ဖငါးဦး ထပ်မံရွေးချယ်ခဲ့သည်။ ၎င်းနောက် ဒီဇင်ဘာ ၂၃ရက်တွင် မြို့နယ်မှ တာဝန်ရှိသူများ၊ ကြီးကြပ်ရေးအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာစာရေးများရှေ့မှောက်၌ မဲစာရင်းများရေတွက်ကာ မဲအများဆုံးရရှိသူကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် ညီညွတ်စွာ ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဦးငယ် (ဆားလင်းကြီး)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ဗန်းမော်တက္ကသိုလ်

ပဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ဗန်းမော်တက္ကသိုလ်ကကျင်းပခဲ့သော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဗန်းမော်တက္ကသိုလ် ပဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်ပါသည်။ (နောက်ဆက်တွဲဖြေဆိုအောင်မြင်သူများအပါအဝင်)လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းကြေး

တက်ရောက်ဘွဲ့ကြေး	- ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	- ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက်	- ၃၁-၁၂-၂၀၁၂ရက်မှ ၁၁-၁-၂၀၁၃ ရက်အထိ

မှတ်ချက်

၁။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲမှ ဖြည့်စွက်ပြီး လျှောက်ထားရမည်။

၂။ လွန်ခဲ့သော သုံးလအတွင်း ရိုက်ကူးထားသော (၂×၁ ½)လက်မဓာတ်ပုံ စတစ်ကာသုံးပုံ ပူးတွဲ၍လျှောက်ထားရမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို ဗန်းမော်တက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ဗန်းမော်တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည် မဟုတ်ပါ။)

၅။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်)လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန်ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ယခင်နှစ်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၈။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲ၊ ဖုန်း-၀၇၄-၅၀၅၂၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စိုးဝင်း
မော်ကွန်းထိန်း
ဗန်းမော်တက္ကသိုလ်

ပြည်တွင်းသတင်း

၂၀၁၃ ခုနှစ်၊ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

၃။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ အကျိုးစီးပွား ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ် ကြိုးပမ်းဖော်ဆောင်ရေး။

ဂမ္ဘီရပန်း

* ပဝေရှေးဆီ ၊ တို့မြန်ပြည်ဝယ်
ခေတ်မီတပ်မတော် ၊ မရှိသော်ကြောင့်
ကျူးကျော်နယ်ချဲ့ ၊ ဝါးမျိုခဲ့၍
တို့ရဲ့ဘိုးဘွား ၊ အမျိုးသားတို့
နင်းပြားဘဝ ၊ ရောက်ခဲ့ရ၏။

* နယ်ချဲ့သည်…
ငွေကိုလည်းချူ ၊ ရွှေကိုယူလျက်
လူကိုကျွန်လုပ် ၊ ကုပ်သွေးစုပ်ခဲ့…

* အမျိုးဘာသာ ၊ သာသနာကို
မြေမှာခင်းလျက် ၊ နင်းချေဖျက်ခဲ့…

* စာပေကွယ်ရန် ၊ အကောက်ဉာဏ်ဖြင့်
ကျန်းဂန်ပုရပိုက် ၊ မီးပုံတိုက်ခဲ့…

* တို့ဘိုးတို့ဘ ၊ တို့အဖတို့
သောကဆူနိုး ၊ အပူဖိုးကာ
လူလုံးမလှ ၊ မွဲပြာကျခဲ့…

* ငရဲတမျှ ၊ ထိုဘဝမှ
မြန်မာ့သွေးသား ၊ ညီနောင်ဖွားတို့
စိတ်ထားညီတူ ၊ တွဲလက်ကူလျက်
ပြည်သူနှင့်တပ် ၊ ကျောချင်းကပ်၍
ထွင့်မြတ်မျှော်ပေး ၊ လွတ်လပ်ရေးတွက်
သွေးချွေးအသက် ၊ မျက်ရည်စက်နှင့်
ခြေလက်ခန္ဓာ ၊ စွန့်လှူကာလျှင်
မိစ္ဆာနယ်ချဲ့ ၊ မောင်းထုတ်ခဲ့၏။

* ထို့နောက်တစ်ဖန် ၊ လူမဆန်သည့်
ဂျပန်ဖက်ဆစ် ၊ ဘီလူးညစ်ကို
အမြစ်မကျန် ၊ တွန်းဖြိုလှန်ခဲ့။

* လွတ်လပ်ရေးပန်း ၊ ချူရာလမ်းဝယ်
လွှမ်းခဲ့သွေးတွေ ၊ တောင်ကျရေသို့
ကြွေခဲ့အသက် ၊ ပျက်ခဲ့ခန္ဓာ
နာခဲ့အသည်း ၊ သေကွဲရှင်ကွာ
များလှစွာ၏။

* လွတ်လပ်ရေး …
စာလေးသုံးဝ ၊ ဖွဲ့စီသလည်း
တွေးဆအနက် ၊ အလွန်ဝှက်၏

* လွတ်လပ်ရေး …
ခက်စုထဲတွင် ၊ မပါဝင်လည်း
ပေးလျှင်လွယ်လျက်၊ အယူခက်၏။

* ရဲဝံ့စွန့်စား ၊ ဉာဏ်ခွန်အားနှင့်
နှထွားပျိုးရှယ် ၊ မြန်မောင်မယ်တို့
ရင်ဝယ်ပိုက်ထွေး ၊ လွတ်လပ်ရေးကို
အသက်ပေးကာကွယ်ကြစေသော်…။ ။

(၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

တင်မျိုးနောင် (ကြီးနီ)

❀ *ကျော်ဖုံးမှ*

သူတို့နှစ်ဦးရဲ့ပြိုင်ပွဲမှာလည်း ပဝါမကူရေမရှူဘဲ ယှဉ်ပြိုင်ထိုးသတ်မည့်ပြိုင်ပွဲကို ကြည့်ရှုရမည်ဖြစ်သည်။ တတိယတန်းရွှေအောင်လံပွဲတွင် ရဲမြင့်အောင် (အဖြူရောင်သွေးသစ်)နှင့် မြားထက်အောင် (မြထက်ကျော်) တို့ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ယှဉ်ပြိုင်ထိုးသတ်မည်

လေးချိစိန်ခေါ်ပွဲများတွင် အောင်သူရိန် (Top One) နှင့် ရဲရင့်ထွန်း (မုဒုံသား)၊ ဖွဲ့မောင်မောင် (အဖြူရောင်သွေးသစ်) နှင့် သက်ကို(ဝါဆို)၊ စလူကာ(ဝါဆို)နှင့် ရှမ်းသွေးလေး (Top One) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ဒဂုံရွှေအောင် လံဗိုလ်လုပွဲစဉ်များကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသမည်မဟုတ်ဘဲ Delay ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒဂုံရွှေအောင်လံဆုရှင် ထွန်းထွန်း(မြန်မာ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် အာရှမွေထိုင်းချန်ပီယံ အက်ရှ်ခန်အမ်တီဒါဘီ (အီရန်)။

အက်ရှ်ခန်အမ်တီဒါဘီ (အီရန်) နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဒဂုံရွှေအောင်လံဆုရှင် ထွန်းထွန်း(မြန်မာ)။

တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် (၅)နှစ် ထောက်ပံ့ပေးမည့်စီမံကိန်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့တွင်ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း လိုအပ်ချက်ရှိသည့် ဒေသများတွင် စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နှစ်နိုင်ငံထိစပ်နေသည့် နယ်နိမိတ်တစ်လျှောက်ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်တို့တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် (၅)နှစ် ထောက်ပံ့ပေးမည့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မူလတန်းကျောင်း ၁၀ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ပေ ၁၀၀ ရှိ တံတားသုံးစင်းနှင့် ချင်းပြည်နယ်၌ မူလတန်းကျောင်း ၁၁ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနကိုးခု၊ ပေ ၂၀၀ အထက်တံတားငါးစင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

လိုင်းမော်တော်များက နံနက် ၉ နာရီမှာ မရမ်းခြံဆိပ်ကမ်းမှ ထွက်ခွာပြီး မွန်းလွဲ ၁ နာရီမှာ မင်းကွန်းကနေ ပြန်လည်ထွက်ခွာပါတယ်။ တစ်ဦးကို ရေယာဉ်စီးခနှုန်း ငွေကျပ် ၅၀၀၀ နှုန်း ဖြစ်ပါတယ်။ စင်းလုံးငှားရင် မော်တော်တစ်စင်းကို ခရီးသည်တစ်ယောက်ကနေ ငါးယောက်အထိ ငွေကျပ် ၂၅၀၀၀ ကောက်ခံပါတယ်။ ယခုနှစ်မှာ မန္တလေး- ဗန်းမော်ခရီးစဉ်နဲ့ မန္တလေး-ပုဂံခရီးစဉ်တွေ ပိုများလာပါတယ်။ ရေယာဉ်တွေကို ကြံ့ခိုင်မှုကောင်းအောင်ပြုပြင်ထားပြီး ရေယာဉ်တိုင်းမှာ အသက်ကယ်ပစ္စည်းများနဲ့ အသက်ကယ်အင်္ကျီများ ပါရှိပါတယ်” ဟု ဦးသက်ထွန်းက ပြောကြားသည်။

(တင်မောင်-မန္တလေး)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးမောင်မောင်မြင့် (စိန်ပေါလ်)သည် ကစားဖော်များဖြစ်ကြသော ဦးကြည်သိန်း၊ ဗိုလ်မှူးစန်းဝင်း(ငြိမ်း)တို့နှင့်အတူ ဒီဇင်ဘာ ၂၉ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Wilson Staff No(53) ဘောလုံးကို Wilson Iron No(6)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက်အကွာရှိ ကျင်းအမှတ် (၁၇)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ဂေါက်သီးရိုက်အသင်း)

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်

ရေး ဇန်နဝါရီ ၂

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် ရေးမြို့ မြကန်သာကျုံး၌ ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းဟန်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါလှေပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုမှ အသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြရာ အသင်းတစ်သင်းလျှင် နည်းပြအုပ်ချုပ်သူ လှေလှော်အမျိုးသားငါးဦး လှော်ခတ်ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)** ဆုပေးပွဲအခမ်းအနားကို လွတ်လပ်ရေးနေ့တွင်ကျင်းပမည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် အသင်းလိုက် ဂုဏ်ပြုဆုများကိုပေးအပ်မည်ဖြစ်ပြီး ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

✼ *ကျောဖုံးမှ*

ခရီးစဉ်များမှတစ်ဆင့် ဒေသအလိုက် ပြည်သူများအား ဈေးသင်္ဘောအဖြစ် မောင်းနှင်ကာ ကုန်ပစ္စည်းမျိုးစုံကို ရောင်းချပေးနေသည့် သင်္ဘောဖြစ်သည်။

ထိုသို့ ဈေးသင်္ဘောအဖြစ်မောင်းနှင်သွားလာရောင်းချရာတွင် ယခင်က ရန်ကုန်နှင့် မန္တလေးမြို့အထိ ဧရာဝတီမြစ်အတိုင်း ခုတ်မောင်းကာ လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စားစရာများကို သယ်ယူရောင်းချပေးနေသည့် သင်္ဘောဖြစ်သည်။

ပြည်တွင်း ရေကြောင်းလုပ်ငန်းသည် အဆိုပါ မြဧရာဈေးသင်္ဘောကို ယခင်က တစ်နှစ်လျှင် သုံးခေါက်နှုန်းဖြင့် ရန်ကုန်-မန္တလေး ရေကြောင်းခရီးစဉ်အတိုင်း ဆိပ်ကမ်းမြို့များတစ်လျှောက် ခုတ်မောင်းရပ်နားဆိုက်ကပ်ကာ ကုန်ပစ္စည်းများ ရောင်းချခဲ့ခြင်းဖြစ်သည်။

ယခုအခါ ပြည်တွင်းရေကြောင်းလုပ်ငန်းအနေဖြင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းကာ မြဧရာဈေးသင်္ဘောဖြင့် ဈေးရောင်းချသည့် လုပ်ငန်းကို ပူးတွဲလုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်တွင်း၌ ရေကြောင်းကုန်သွယ်မှုလုပ်ငန်း ပိုမိုကျယ်ပြန့်လာစေရန်နှင့် ဒေသအလိုက် ပြည်သူများအတွက် တစ်နေရာမှထွက်ကုန်များကို မိမိတို့နေရာဒေသ၌ပင် ဝယ်ယူသုံးစွဲနိုင်သည့်အခွင့်အရေးလည်း ရရှိစေမည်ဖြစ်သည်။

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
ခုနှစ်၊ လ ရက်
(ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(တ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်ကအပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပကအပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူလည်း ပါဝင်သည်။"

၃။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်း မဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိခြင်း။"

၄။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ (၁၀)တွင်-

(က) ပုဒ်မခွဲ (ဇ)ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ)တို့ကို ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ)တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အမျိုးသားအစားအသောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
ခုနှစ်၊ လ ရက်
(ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို** ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းမှအပ လူတို့စားသောက်နိုင်သော စားသောက်ဖွယ်ရာနှင့် ယင်းတို့တွင်ပါရှိသော ပစ္စည်း သို့မဟုတ် အစားအသောက်ထပ်ဖြည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၈၊ ၂၂၊ ၂၄၊ ၂၅ နှင့် ၃၁ တို့တွင်ပါရှိသော "သိုလှောင်ခြင်း"၊ ဆိုသည့် စကားရပ်၏နောက်တွင် "သယ်ယူပို့ဆောင်ခြင်း"၊ ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည်။

၄။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၄ တွင်ပါရှိသော-

(က) ပုဒ်မခွဲ(က)ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(က)အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အောက်ဖော်ပြပါအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးစီ-

(၁) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၃) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ"

(ဂ) ပုဒ်မခွဲ (ဂ)အား ပုဒ်မခွဲ (ခ)အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၅။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၃ ၊ပုဒ်မခွဲ (က)၌ ပါရှိသော "သိုလှောင်ခြင်း"ဆိုသည့် စကားရပ်၏နောက်တွင် "၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ခ)၌ ပါရှိသော "သိုလှောင်သော" ဆိုသည့်စကားရပ်၏နောက်တွင် "၊ သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော "သက်ဆိုင်ရာဝန်ကြီးသို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ"ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍လည်းကောင်း၊ အခြားဒေသများတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သောဝန်ထမ်းများကို အစားအသောက်စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက်ဥပဒေတွင်-

(က) ပုဒ်မ ၂၆ ၌ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်ငါးထောင်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ခ)၌ ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဆိုသည့်စကားရပ်ကို"ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်"ဆိုသည့် စကားဖြင့်လည်းကောင်း အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ပါရှိသော"ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁ တို့၌ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ(က)နှင့်(ခ)တို့၌ပါရှိသော "ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များ"ဆိုသည့် စကားရပ်၏ရှေ့တွင် "နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ခ)၌ပါရှိသော "သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ"ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ မြန်မာ့ဆင်စခန်းသို့ သွားရောက်လေ့လာ

ကလော ဇန်နဝါရီ ၂

ကလောမြို့သို့ပန်းတော်အပျော်စီးသင်္ဘောဖြင့် ရောက်ရှိနေသော ဩစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည် ၂၀ ဦးသည် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကလောမြို့အနောက်ဘက် ၁၁ မိုင်အကွာ ဖက်ဆွတ်သစ်တောကြိုးဝိုင်းအတွင်းရှိ နတ်ပေါက်ဆင်စခန်းသို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသည်များကို အင်းတော်နယ် သစ်ထုတ်လုပ်ရေး လက်ထောက်မန်နေဂျာ ဦးသူရထွန်းနှင့် ဝန်ထမ်းများက ခရီးဦးကြိုဆိုကြပြီး မြန်မာ့ရိုးရာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံကြသည်။ ထို့နောက်စခန်းရှိ ဆင် ၁၅ကောင်က သရုပ်ပြကစားကွက် ၁၅ ကွက် လုပ်ဆောင်ပြသကြသည်။ ကမ္ဘာလှည့်ခရီးသည်များသည် ဆင်များ သဘာဝအတိုင်း နေထိုင်စားသောက်ပုံ၊ စမ်းချောင်းအတွင်း ရေချိုးကြပုံများကို ဗီဒီယိုကင်မရာများဖြင့် မှတ်တမ်းတင်ရိုက်ကူးကြပြီး **(ယာပုံ)** မှန်လုံကားနှစ်စီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါဆင်စခန်းတွင် နိုင်ငံခြားသားခရီးသည်တစ်ဦးလျှင် ဆင်ကြည့်ခ 10 FEC ၊ ဆင်စီးခ 20 FEC၊ ဗီဒီယိုကင်မရာ တစ်လုံးယူဆောင်ရိုက်ကူးပါက 20 FEC၊ ရိုးရိုးကင်မရာဖြင့် ရိုက်ကူးလျှင် 10 FEC ကောက်ခံကြောင်း သိရှိရသည်။ **စမ်းဦး (ကလော)**

လွတ်လပ်ရေးနေ့အကြိုဟောပြော

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂

(၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်းတို့က အမှာစကားပြောကြားကြသည်။

ဟောပြောပွဲတွင် မော်လမြိုင်ကျွန်း မြို့မအလယ်တန်းကျောင်းမှ ဆရာဦးမြအေးက လွတ်လပ်ရေး၏အဓိပ္ပာယ်၊ အထက(၁)မှ ဒေါ်ခင်စန်းမြင့်က လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် အထက (၂)မှ ဆရာမဒေါ်သင်းသင်းလှဲ့က လွတ်လပ်ရေးနေ့လူငယ်တာဝန်များကို ဟောပြောကြသည်။ **(ဝ၆၅)**

စာအုပ်စာပေ လှူမိတ်ဆွေ

ဒေသဖွံ့ဖြိုးရေးနှင့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေမှုအပေါ် KIAအဖွဲ့က နည်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးမှုများ လုပ်ဆောင်မြဲလုပ်ဆောင်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံတော်အစိုးရအနေဖြင့်ကချင်ပြည်နယ်၏ ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ KIA အဖွဲ့နှင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်းလျက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသော်လည်း KIA အဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးလုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် နည်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးမှုများ လုပ်ဆောင်မြဲလုပ်ဆောင်လျက်ရှိသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက ဖားကန့်မြို့နယ် ဒေသအခေါ်ဝါကဲ့ရွာနှင့် ကထန်ရွာအကြားရှိ လုံးခင်း-တောမော်သွားလမ်း (လုံးခင်းရဲစခန်းနှင့် လေးမိုင်ခန့်အကွာ)၌ လမ်းအသုံးပြုသူများ ထိခိုက်စေရန် ရည်ရွယ်လျက် KIA အဖွဲ့က မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွားရာ KIA အဖွဲ့မှ မိုင်းထောင်သူတစ်ဦး သေဆုံးခဲ့သည်။

ထို့ပြင် ယင်းနေ့ညနေပိုင်းတွင်ပင် မိုးကောင်းမြို့နယ် မရမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား KIA တပ်ရင်း(၁၁) လက်အောက်ခံ ကျောက်ကြီးစခန်းတိုက်နယ်မှူး တန်ဂွမ်းဦးစီးအဖွဲ့မှ အင်အား(၂၀)ခန့်က ဒေသအခေါ်လသာကွင်းနေရာမှ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မရမ်းကျေးရွာနေ ဦးအင်ဖော့ဆင်ဝါး(၃၀)နှစ် (ဘ) ဦးအင်ဖော့ဇော်အောင်၏ ယာဘက်ပေါင်တွင် လက်နက်ငယ်ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် မိုးကောင်းပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထို့အတူ KIA အဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မိုးမောက်မြို့နယ် မြို့သစ်ရဲစခန်း၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာရှိ တောင်ကုန်းများမှနေ၍ မြို့သစ်ကျေးရွာ ပတ်ဝန်းကျင်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးခြောက်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ယင်းနေ့ညပိုင်းက ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှ ဝိုင်းမော် ပင်မဓာတ်အားပေးစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းဓာတ်တိုင်အသစ်များအနက် မန်ဝိန်းကျေးရွာအနီးရှိ ဓာတ်တိုင်အမှတ်(၁၇၉)၏ အောက်ခြေကို မိုင်းသုံးလုံးကပ်၍ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် ဓာတ်တိုင်မှာ ၇၀ဒီဂရီခန့် တိမ်းစောင်းသွားခဲ့ကြောင်း သက်ဆိုင်ရာ ပြည်နယ်မှ သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး - မြစ်ကြီးနားလမ်းရှိ ဟိုပင်ဘူတာနှင့် နန့်ခွင်ဘူတာအကြား မိုင်းပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂

မန္တလေး-မြစ်ကြီးနားလမ်းရှိ ဟိုပင်ဘူတာနှင့် နန့်ခွင်ဘူတာအကြားတွင် ယမန်နေ့ည ၁၁ နာရီ ၁၀ မိနစ်က မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အမှတ် ၄၃ အဆန် ပါဆယ်ရထားသည် အဆိုပါဘူတာနှစ်ခုအကြားရှိ ကြေးနန်းခန်းအမှတ် ၃နှင့် ၄ သို့အရောက်တွင် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဘရိတ်တွဲအမှတ် BBEZ 10584 လေးဘီးလမ်းချော်ခဲ့ပြီး အနောက်ဘက်သံလမ်း နှစ်ပေခန့် ပြတ်ထွက်၍ သစ်သားဇလီဖားနှစ်တုံး၊ ကွန်ကရစ်ဇလီဖားတစ်တုံး ပျက်စီးခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် လမ်းပိုင်းအမြန် ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

လပွတ္တာမြို့နယ်၌ အော်ဂဲနစ်စပါး စိုက်ပျိုးမှုတိုးမြှင့်လာ

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂

ကျန်းမာရေးအတွက် ကောင်းမွန်သော အော်ဂဲနစ်ဆန်စပါးစိုက်ပျိုးမှု တဖြည်းဖြည်းတိုးတက်လာလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ၂၀၁၂ ခုနှစ်၌ အော်ဂဲနစ် ဆန်စပါးစိုက်ပျိုးမှုဧက ၁၀၀၀ အထိ တိုးမြှင့်စိုက်ပျိုးလာလျက်ရှိကြောင်း လပွတ္တာမြို့နယ် အော်ဂဲနစ်စပါးစိုက်တောင်သူများက ပြောကြားသည်။ ၂၀၁၁ ခုနှစ်က အော်ဂဲနစ်စပါးစိုက်ပျိုးမှုကို ၇၅ ဧကခန့်သာ စိုက်ပျိုးခဲ့သော်လည်း စားသုံးသူများပြားလာခြင်းကြောင့် စိုက်ဧက တိုးချဲ့စိုက်ပျိုးခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ အော်ဂဲနစ်စပါးစိုက်ပျိုးမှုကို ပေါ်ဆန်းမွှေးမျိုးဖြင့် စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၄၀ ခန့်ထွက်ရှိကြောင်း သိရသည်။

အော်ဂဲနစ်ပေါ်ဆန်းမွှေး ဆန်တစ်ပြည်လျှင် ဈေးကွက်၌ ငွေကျပ် ၃၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိရာ စားသုံးသူများ ဝယ်ယူစားသုံးမှု များပြားလျက်ရှိသည်။ အော်ဂဲနစ်ဆန်မှာ ဓာတုဆေးဝါးနှင့် ဓာတ်မြေဩဇာပစ္စည်းများ လုံးဝမပါရှိသဖြင့် ကျန်းမာရေးအတွက် အထူးကောင်းရာ အခြားဆန်များထက် ဈေးကြီးသော်လည်း ဈေးကွက်၌ ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးသူ များပြားနေခြင်း ဖြစ်သည်။

အဆိုပါ အော်ဂဲနစ်ဆန်များကို ရန်ကုန်မြို့ရှိ စူပါမားကတ်များ၊ ရှော့ပင်းမောများနှင့် စတိုးဆိုင်ကြီးများ၌ ရောင်းချလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဆန်တင်ပို့မှု တိုးတက်အောင် ကြိုးစားလျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၅ သန်း တင်ပို့ရန်လည်း မျှော်မှန်းထားသည်။

ထို့အတူ လာမည့် ၂၀၁၇ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းခန့်အထိ တင်ပို့နိုင်ရေး ရည်မှန်းထားရာ ကမ္ဘာ့ဈေးကွက်သို့ ဆန်တင်ပို့နိုင်မှု အများဆုံးနိုင်ငံအဖြစ် ရောက်ရှိလာရေး ကြိုးစားသွားမည် ဖြစ်သည်။ လောလောဆယ်တွင် မြန်မာနိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့မှုအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်နေသော်လည်း အဋ္ဌမအဆင့်၌သာ ရှိနေသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

မြန်မာနိုင်ငံသည် လက်ရှိ၌ ပြည်ပသို့ ဆန်တင်ပို့မှုမှာ တစ်လလျှင် ဆန်တန်ချိန် ၁၀၀၀၀၀ ခန့်ရှိရာ ၂၀၁၂ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၃၁၅ သန်းအထိ ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာ့ဆန်များ ပြည်ပတင်ပို့မှုတိုးတက်လာမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကံထူးရှင် ရွေးချယ်

နေပြည်တော် ဇန်နဝါရီ ၂

(၂၈၈)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယမန်နေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ-

ကျပ်သိန်း ၁၅၀၀
တ-၇၄၄၃၄၅

ကျပ်သိန်း ၁၀၀၀
ဃ-၈၆၇၅၅၃

ကျပ်သိန်း ၅၀၀
ဗ-၂၁၁၅၈၀

ကျပ်သိန်း ၃၀၀ ဆုများ
တ-၆၈၂၄၅၄ သ-၈၁၆၁၁၄

ကျပ်သိန်း ၂၀၀ ဆုများ
ဇ-၃၇၁၉၈၄ ဂ-၆၇၂၉၉၃
သ-၇၈၀၁၆၄

ကျပ်သိန်း ၁၀၀ ဆု(မင်္ဂလာစုံတွဲ)
ဆ-၈၀၄၈၅၄ ဇ-၇၈၂၃၈၆
ခ-၆၄၈၈၂၉ ပ-၉၀၈၀၂၃
ဠ-၇၁၈၀၀၆ ပ-၄၉၉၆၆၀
ပ-၃၀၀၀၆၉ စ-၂၄၈၆၆၇
က-၅၁၂၅၆၅ ဗ-၉၆၇၅၂၂
အ-၇၉၃၂၂၉ မ-၀၄၃၇၇၇
ထ-၁၉၁၀၉၆ ဈ-၅၂၄၉၈၀
မ-၆၈၄၉၈၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများဝယ်ယူရန် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်-

(က)	Dell Desktop Computer Core i7-9010	(၇)လုံး
(ခ)	Desktop Computer, Core i7	(၄)လုံး
(ဂ)	Laser Color Printer (Konica, 1650 N)	(၁)လုံး
(ဃ)	Laser Printer (Canon LBP 2900)	(၇)လုံး
(င)	Multifunction Printer (Canon)	(၁)လုံး
(စ)	UPS (650 VA)	(၄)လုံး
(ဆ)	Air-Conditioner (Sanyo 1.5 HP)	(၅)လုံး
(ဇ)	CDMA 450 Fixed Phone	(၁)လုံး
(ဈ)	Fax (Panasonic, KX-FT711)	(၁)လုံး
(ည)	Safe (Leeco 2'×4')	(၁)လုံး
(ဋ)	Steel Almirah (Taiyo 3'×6')	(၁၇)လုံး
(ဌ)	Cabinet (Leeco C4)	(၇)လုံး
(ဍ)	Computer Table	(၈)လုံး
(ဎ)	Computer Chair	(၃)လုံး
(ဏ)	Table & Chair 4'×2.5'×2.5' (22 sets ကျွန်း) 5'×3'×2.5' (5 sets ကျွန်း)	(၂၇)စုံ

၂။ အိတ်ပိတ်တင်ဒါပုံစံများကို ၇-၁-၂၀၁၃ ရက်မှ ၁၀-၁-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်တွင် တစ်စောင်လျှင် ကျပ်(၃၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ပိတ်တင်ဒါများကို ၁၁-၁-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ပိတ်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၁၉၉

ဆိပ်ဖြူမြို့နယ်၌ နှစ်လက်မ အဝီစိစက်ရေတွင်းဖွင့်

ဆိပ်ဖြူ ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှားပင်အိုင့်ကျေးရွာအုပ်စု မောင်တွင်းချောင်းကျေးရွာ၌ယူနီဆက်မှ ထောက်ပံ့ငွေဖြင့် နှစ်လက်မ အဝီ စိစက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။ အဆိုပါ စက်ရေတွင်းသစ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်မှုဖြင့် တူးဖော်ပေးခဲ့ရာ အနက်ပေ ၂၅၀ ရှိပြီး ရေစက်ရုံနှင့်၃၄၀၀ ဂါလန်ဆံ့ ရေကန်တည်ဆောက်ပေးခဲ့ရာ ကုန်ကျငွေကျပ် သိန်း ၄၀ ဖြင့် ဒေသခံပြည်သူ ၂၁၆ ဦးကျော်တို့မှာ သန့်ရှင်းသော သောက်သုံးရေကို အမြဲသုံးစွဲနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။

ကိုမျိုး (ဆိပ်ဖြူ)

မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သော ဘုရားစေတီ ရွှေမူမပျက် ထီးတော်တင်မည်

နောင်ချို ဇန်နဝါရီ ၂

နိုဝင်ဘာ ၁၁ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု ချောင်းသာကျေးရွာရှိ ချမ်းသာရဘုရား စေတီတော်ကြီး ထီးတော်၊ စိန်ဖူးတော် မြေခပျက်စီးခဲ့ပြီး အခြားနေရာများကွဲအက်ခဲ့သဖြင့် ရွှေမူမပျက် ထီးတော်၊ စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်းစသည့် ဘက်စုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ကြတော့မည် ဖြစ်ကြောင်း သိရှိရသည်။ **(စိုးဝင်း)**

ဟာရိတ၏ စာအုပ်လောက (၂-၁-၂၀၁၃)



အမေ့ခြေရာပူဇော်နည်းနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

စာရေးသူ - ဆရာကြီးမင်းသူရိန်
စာအုပ်တိုက် - မဇ္ဈိမစာပေ
ဖုန်း-၀၁-၃၉၂၈၃၅
တန်ဖိုး-ကျပ် ၁၀၀၀

ဆရာကြီးမင်းသူရိန်၏ ကိုယ်ပိုင်ဟန်အတိုင်း ဖြစ်ရပ်ဆန်းဇာတ်လမ်းလေးများဖြင့် အမေများနှင့်သက်ဆိုင်ရာ ဇာတ်ကြောင်းလေးပိုဒ်ကိုလည်း တန်ဆာဆင်ထားပါသည်။ မိခင်ရင်းကိုပါးရိုက်၍ မြေမျိုခံရသူတစ်ဦး၊ အမေ့ကျေးဇူးသိတတ်၍ အမေကိုမြတ်နိုးလျှင် အကျိုးကျေးဇူးကြီးမားကြောင်းကို အမေ့ပုံတူကိုးကွယ်သူတစ်ဦးစသည့် အကြောင်းအရာများနှင့်အတူ ထူးဆန်းအံ့ဩဖွယ်ရာ မိခင်မေတ္တာကို ဖော်ညွှန်းထားသည်။

အမေ့ မေတ္တာ၏ သင်္ကေတ၊ အမေ့ရုပ်ပုံလွှာ အမှတ်တရအဖြစ် အမေ့ခြေရာကောက်၍ အမေ့ကျေးဇူးအထူးဆပ်နိုင်သော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်ကိုစီစဉ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ မေတ္တာလက်ဆောင်ပေးလိုသူတို့အတွက် အထူးစာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

ကံပွင့်လာဘ်ပွင့်စီးပွားတက်စေသော ပဋ္ဌာန်းပဉ္စာဝါရပါဠိတော်

စာရေးသူ-ဓမ္မာစရိယဦးအောင်ကျော်မိုး
စာအုပ်တိုက်-မဇ္ဈိမ ၊ ဖုန်း-၀၁-၃၉၂၈၃၅
တန်ဖိုး-ကျပ် ၂၀၀၀

ရွတ်ဖတ်ပူဇော်ပွဲ မှန်သမျှတို့တွင် မဟာပဋ္ဌာန်းဒေသနာထက် သာလွန်သော၊ မြင့်မြတ်သော၊ ကြီးကြယ်ခံ့ညားသော ဂါထာ၊ မန္တန်တော်သည်မရှိဟူ၍ စာရေးသူက အစချီထားသည်။ ခေတ်အဆက်ဆက် ထင်ပေါ်ကျော်ကြား ဆရာတော်ကြီးများ ရွတ်ပွားပူဇော်သော ပဋ္ဌာန်းပဉ္စာဝါရဖြစ်သည်။

စာအုပ်တွင် အဓိဋ္ဌာန် ဆောက်တည်ပုံ၊ သစ္စာပြု ဆုတောင်းပုံ၊ ပဋ္ဌာန်း ၂၄ ပစ္စည်း၊ ပဋ္ဌာန်း ကုသတ္တိက ပဉ္စာဝါရ နိဿရည်းစသည်တို့ ပါဝင်သည်။ ဓမ္မလက်ဆောင်ပေးသင့်သော စာအုပ်တစ်အုပ် ဖြစ်သည်။

ဟင့်အင်းကိုကျော်ဖြတ်ခြင်း (ခက်ခဲသောသူများနှင့်ညှိနှိုင်းခြင်း)

စာအုပ်တိုက်-မဇ္ဈိမ
တန်ဖိုး-ကျပ် ၂၀၀၀

မူရင်းစာရေးသူ William Ury ၏ "Getting Past 'NO' Negotiating with Difficult People ကို မြန်မာဘာသာပြန်ဆိုထားသည့် အဆိုပါ စာအုပ်တွင် စုစုပေါင်း အဆင့် (၅) ဆင့် ခေါင်းစဉ်ခွဲပေါင်းမြောက်မြားစွာနှင့်အတူ ဖွင့်ဆိုထားသည်။ အဆင့် (၁) မတုံ့ပြန်ပါနှင့်(ပြန်မချပါနှင့်)၊ အဆင့်(၂) သူတို့ဘက်သို့ပြောင်းလိုက်ပါ။ အဆင့်(၃) တန်ပြန်ထိုးနှက်ခြင်း၊ အဆင့် (၄) ရွှေတံတားကြီးခင်းပေးလိုက်ပါ။ အဆင့်(၅) ငြင်းရခက်အောင်လုပ်ပါ စသည့်အကြောင်းအရာများ ပါဝင်သည်။ နိုင်ငံရေးကိုလေ့လာနေသူများ၊ နိစ္စဓူဝ တွေ့ကြုံဆက်ဆံနေသူများ အားလုံး ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်သည်။

iDevices များအတွက် လက်တွေ့သုံးနည်းပညာ

စာရေးသူ-သန်းထိုက် (ရွှေရိပ်)
စာအုပ်တိုက်-မဇ္ဈိမ၊ ဖုန်း-၀၁-၃၉၂၈၃၅
တန်ဖိုး-ကျပ် ၄၀၀၀

ယနေ့ခေတ်ရဲ့ iDevices များသည် Steve Jobs ၏ ဦးနှောက်အစိတ်အပိုင်းမှ မွေးဖွားဖြစ်ပေါ်လာသောနည်းပညာခေတ်အတွက် လက်ဆောင်ကောင်းများဖြစ်သည်။ ဤစာအုပ်တွင် IOS 6 ၏ ထူးခြား အသုံးများ၊ IOS Upgrade ပြုလုပ်ပုံအဆင့်ဆင့်၊ iTunes မှ ပွဲဝင်အသုံးများ၊ iDevices တွေကို Jailbreak ပြုလုပ်နည်းများ၊ Unlock လုပ်နည်းအဖုံဖုံနှင့် SIM Lock အသုံးပြုနည်းများ၊ မည်သည့် စာအုပ်မှာမှ မပါသေးသော Security Camera ကို iDevices များဖြင့် သုံးပုံ၊ iDevices များပျောက်လျှင် ထိန်းချုပ်ပုံ၊ ခြေရာခံပုံများနှင့် iDevices များအတွက် အခြေခံ ဖြုတ်နည်း/ ပစ္စည်း အစားထိုးနည်းများ အပါအဝင် အခြားသော သင်ခန်းစာများ ပါဝင်သည်။

ပါလီမန်ဒီမိုကရေစီဘယ်လဲနှင့် မြန်မာပြည်နိုင်ငံရေးရှင်းတမ်း



ရေးသူ-ဝိဓူရသခင်ချစ်မောင်
(သာယာဝတီ)
ဖြန့်ချိရေး-ရွှေသစ္စာစာပေ
ဖုန်း-၀၁-၃၉၆၉၉၇
(လိုင်းခွဲ-၂၀၆၀)
တန်ဖိုး-ကျပ်၂၀၀၀

ဂျူန်ဆရာစံနှင့် တောင်သူလယ်သမား ခေါင်းဆောင်ကြီးများ ကြိုးပေးခံခဲ့ရသည်ကို ကိုယ်တွေ့မျက်မြင်ခံစားရချိန်မှစ၍ ကွယ်လွန်ချိန်အထိ ပြည်သူ့အကျိုးစီးပွား နိုင်ငံတကာနှင့်အပြိုင် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းခဲ့သူ သခင်ချစ်မောင် (သာယာဝတီ)ကို လွှတ်တော်အတွင်း "ဝိဓူရ" အမည်ကိုတွင်စေသော ပြောကြားချက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တရားမျှတသန့်ရှင်းသည့် ရွေးကောက်ပွဲဖြစ်မြောက်ရေး အဆိုပြုထောက်ခံဆွေးနွေးချက် စသည်တို့ကို စုစည်းဖော်ပြထားသည်။ ဤစာအုပ်ကို ဒုတိယအကြိမ်အဖြစ် ဖြန့်ချိလိုက်ခြင်း ဖြစ်သည်။

နေပြည်တော်နှင့် စင်းလုံးငှားတက္ကစီ

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော် ကောင်စီနယ်မြေအတွင်း စင်းလုံးငှား တက္ကစီအရေအတွက် နည်းသောကြောင့် တက္ကစီငှားခဈေးနှုန်းများ မတန်တဆ များနေကြောင်း နေပြည်တော်ရှိ ဝန်ထမ်းများ၊ ပြည်သူများထံမှ သိရသည်။

"ရန်ကုန်မှာတစ်နေရာက တစ်နေရာကို မောင်းရတဲ့ ကီလိုနည်းတဲ့အတွက် ကုန်ကျတဲ့ စက်သုံးဆီနည်းတယ်။ မောင်းရတဲ့ အချိန်တော့ကြာတယ်" လို့ ယာဉ်မောင်းတစ်ဦးက ပြောသည်။ အဆိုပါ ယာဉ်မောင်းက "နေပြည်တော်မှာက တစ်နေရာကတစ်နေရာကို မောင်းရတဲ့ ကီလိုများတဲ့အတွက် စက်သုံးဆီများများကုန်တယ်၊ မောင်းချိန်ကတော့ မြန်တယ်၊ ကားလမ်းတွေက ကျယ်ပြီး လမ်းကရှင်းနေတော့ မြန်မြန်တော့ရောက်တယ်" ဟု ပြောသည်။

ပြည်သူများနှင့်တက္ကစီ ယာဉ်မောင်းများ အကြား ကားငှားခအနည်းအများ ကွာဟနေရသည့် အကြောင်းရင်းမှာ စက်သုံးဆီဈေးနှုန်းကြောင့် ဖြစ်သည်။

သို့ပါ၍ နေပြည်တော်နှင့် နိုင်ငံတစ်ဝန်းရှိ အများပြည်သူများ စီးနိုင်သည့် ကားငှားခနှုန်းဖြစ်စေရန် ၂၀၁၃ တွင် စက်သုံးဆီဈေးနှုန်းများ ယခုထက် သက်သာသော ဈေးနှုန်းဖြစ်လာစေရန် ပြည်သူများက မျှော်လင့်နေပါကြောင်း. . . ။

မောင်မောင်သန်း (ကော့မှူး)

တာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်းနှင့်မှုခင်း

အတွေး အရေး

ကျန်းမာသန့်စွမ်း ဉာဏ်ရွှင်လန်းဖို့ နွားနို့သောက်ကြစို့

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ကျောင်းသားကျောင်းသူများအတွက် ငွေစင်ပုလဲ နွားနို့လုပ်ငန်းမှ (၇)နှစ်မြောက် နွားနို့လျှူဒါန်းတိုက်ကျွေးခြင်း အထိမ်းအမှတ် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ နှစ်သစ်တွင်မင်္ဂလာရှိစွာ တက်ရောက်ခွင့် ရရှိခဲ့ပါသည်။

ဝန်ကြီးချုပ်၏မိန့်ခွန်းတွင် ဘဝအတွေ့အကြုံအရ နွားနို့၏ အာဟာရဖြစ်မှု၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားနိုင်စေမှု၊ ကိုယ်ခန္ဓာဖွံ့ဖြိုးနိုင်စေမှုတို့ကို ထည့်သွင်းပြောကြားသွားသည်ကို ကြားရသည်နှင့် စာပေလောကတွင် ထင်ရှားသော အရပ်ရှည်ရှည်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားသူ လယ်တွင်းသားစောချစ် ရေးသားထားသော "မြန်မာကလေးတိုင်းအတွက် နေ့စဉ်မြန်မာ့နို့ တစ်ခွက်" ဆိုသည့် စာစုလေးကို အမှတ်ရမိပြန်သည်။ တိုးတက်နေကြသည့် နိုင်ငံတကာမှကလေးများနှင့် ပြည်သူပြည်သားများသည် နွားနို့သောက်နိုင်ကြသည်။ သောက်လေ့သောက်ထရှိကြသည့် အခြေအနေကြောင့် ကျန်းမာသန့်စွမ်း ဉာဏ်ရည်ထက်မြက်ကြရပါလား၊ တိုးတက်သည့် တိုင်းပြည်ကြီးများဖြစ်အောင် နည်းပညာတွေ ဆန်းသစ်တီထွင် အကျိုးပြုနိုင်ကြပါလားဟု ကျွန်တော်မှတ်ယူမိပါသည်။

ကျွန်တော်တို့ငယ်ငယ်က မစ်ရှင်ကျောင်းများတွင် UNICEF မှ နို့မှုန့်များကို ပုံမှန်ဖြန့်ဝေလှူဒါန်း တိုက်ကျွေးခဲ့ဖူးပါသည်။ ပိတ်ရက်အတွက်ပင် အထုပ်များ သတ်မှတ်ပေးလိုက်ပါသည်။ အားဆေးများလည်းရခဲ့၊ သောက်ခဲ့ရပါသည်။ ၎င်းခေတ်သည် ကာလအတန်ကြာ ပျောက်ကွယ်ခဲ့ရပါသည်။

စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ တိုးတက်လာလျှင် ကမ္ဘာ့စားနပ်ရိက္ခာအတွက် ထိရောက်သော အထောက်အပံ့ဖြစ်ပေါ်လာမည်။ မြန်မာ့စိုက်ပျိုးရေးလောကသည် ခေတ်မီစက်မှုစိုက်ပျိုးနည်းစနစ်များဖြင့် ထုတ်လုပ်ပေးနိုင်လာသည်နှင့်အမျှ မြန်မာရောကမ္ဘာပါကောင်းသော အကျိုးများခံစားကြဟုလည်းယူဆမိသည်။

ကလေးသူငယ်များကို အနာဂတ် အားထားရာ ပုဂ္ဂိုလ်များဖြစ်လာစေရန် နွားနို့တိုက်ကျွေးနိုင်အောင် နွားမွေးမြူထုတ်လုပ်နေသူများ၊ နွားနို့လုပ်ငန်းလုပ်ကိုင်နေသူများကလည်း မိမိတို့ လုပ်ငန်းများတိုးချဲ့နိုင်အောင် ကြိုးပမ်းကြရပါမည်။ ပြည်သူရွေးချယ် တာဝန် ပေးထားသူများ ပါဝင်သည့် နိုင်ငံတော်မှလည်း လုပ်သာကိုင်သာရှိအောင် အားပေးကူညီကြရမည်ဖြစ်ပါသည်။

ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို နိုင်ငံတော်မှ အားပေးနေသည့် ယနေ့ကာလတွင် ကျွန်တော်တို့ ပြည်သူပြည်သားများနှင့် ပြည်သူ့ဝန်ထမ်းများက ကျရာအခန်းမှ တစ်ထောင့် တစ်ကွက် တစ်နေရာမှ စွမ်းအားဖြည့်တင်း ပါဝင်ကြရမည်ဖြစ်သကဲ့သို့ တိုင်းပြည်နှင့် လူမျိုးအတွက် စေတနာကောင်း မေတ္တာလောင်း၍ ပြည်သူ ပြည်သားတစ်ဦးချင်းကလည်း ကိုယ်စီကိုယ်င အားထည့်ကြိုး ပမ်းကြရန် လိုအပ်ပါသည်။ တစ်ယောက် စွမ်းအားနှင့် မနိုင်ငြားလည်း အများစွမ်းအား စုစည်းရက သံ၊ ကျောက်ပင်လျှင် အရည်ဖြစ်စေသည်။ တောင်ကိုလည်းဖောက် မြစ်ကိုလည်းကျော်သွားလာနိုင်အောင် လွယ်ကူစွာပင် ဖန်တီးနိုင်ပါသည်။

ကျန်းမာသန့်စွမ်း ဉာဏ်ရည်ထက်မြက်၊ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များစွာ ပေါ်ထွန်းလာအောင် ကလေးငယ်၊ လူမမာနှင့် လူအိုများသာ ဦးစားပေး၍ တိုက်ကျွေးခဲ့ကြရသည့်နွားနို့ကို ငယ်၊ ရွယ်၊ ကြီး၊ လတ် အရွယ်မရွေး သောက်သင့်သည့် ပမာဏအတိုင်း သောက်နိုင်ကြဖို့လိုပါသည်။ မိမိတို့ ပြည်သူအပေါင်း အားလုံးတက်ညီလက်ညီ ကြိုးပမ်းကြလျှင် အရာရာတိုင်းသည် အောင်မြင်နိုင်မည်သာ ဖြစ်ပါသည်။ **ထွန်း(ရန်ကုန်စက်မှုတက္ကသိုလ်)**

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

ရေး ဇန်နဝါရီ ၂

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ရေးမြို့ မြကန်သာကျုံးတွင် ဇန်နဝါရီ ၂ ရက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်းက ပြိုင်ပွဲအဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲအခမ်းအနားကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

မြို့မဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစေချင်

ဆားလင်းကြီး ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ မြို့မဈေးကြီးသည် နံနက်ခင်းဈေးဖြစ်ပါသည်။ မြို့မဈေးကြီး အရောင်းအဝယ်စည်ကားစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ထားသော ဈေး၏မြောက်ဘက်တွင် တိုက်ခန်းဆိုင်တန်း ၂၄ ခန်းရှိပါသည်။ ယင်းဆိုင်ခန်း ၂၄ ခန်းတွင် တိုက်ခန်း ခြောက်ခန်းသာ တစ်နေကုန်ဆိုင်ခန်းများဖွင့်၍ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။ ကျန်ဆိုင်ခန်း ၁၈ ခန်းမှာ နံနက်ဈေးတွင်ရောင်းချသည့် ပစ္စည်းသိုလှောင်ဂိုဒေါင်ရုံများသာဖြစ်နေ၍ အမြဲသော့ခတ်ပိတ်ထားပါသည်။ ယင်းသိုလှောင်ရုံ ၁၈ ခန်းကို ရောင်းဝယ်လိုသည့်ဈေးသည်နှင့် လုပ်ငန်းငယ်လုပ်လိုသူများကို ခေါ်ကာအငှားပြန်လည်ချထားပေးလျှင် အရောင်း အဝယ်များဖြင့် တစ်နေကုန်စည်ကားပါလိမ့်မည်။

သို့မှသာ ဆားလင်းကြီးမြို့၏ မြို့မဈေးကြီး ရောင်းသူဝယ်သူများဖြင့် ယခုထက်ပိုမိုစည်ကား ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ငယ်ငယ်(ဆားလင်းကြီး)

အရှိန်ပြင်းသည့်ဆိုင်ကယ် လမ်းဘေးကျောက်တိုင်ဝင်တိုက်

လက်ပံတန်း ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီခန့်က အရှိန်ပြင်းစွာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်က လမ်းဘေးကျောက်တိုင်ကို ဝင်တိုက်မိသဖြင့်နောက်မှ လိုက်ပါစီးနင်းသူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ စိုးကြီး(ခ)စိုးဝင်းသန်း ၃၃ နှစ် ဖလံကုန်းကျေးရွာ ကျောက် တွင်းကျေးရွာအုပ်စု သာယာဝတီမြို့နယ် နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ မြင့်ဦး ၃၂ နှစ် နောက်မှ စီးနင်းလိုက်ပါသည့် JLM. 110 အမျိုးအစားအနက်ရောင် ဆိုင်ကယ်သည် အထွက်တိုး ပညာပေးစခန်းရှေ့ မိုင်တိုင် အမှတ် ၈၇/၄ နှင့် ၈၇/၅ အကြားသို့ အရောက်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကျောက်တိုင်ကို တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်ရာ ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းသူ မြင့်ဦးမှာ ဆေးရုံသို့ တင်ပို့စဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံး သွားသဖြင့် ဆိုင်ကယ်မောင်းနှင်သူ စိုးကြီးကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၀၉၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၁၃ ရက် (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၁-၂၀၁၃ရက်(ကြာသပတေးနေ့)
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့





ဦးသိန်းနိုင်(ဘ)ဦးစိုးမြင့် ၁၀/ကထန(နိုင်)၀၂၅၇၆၉ အားလွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်ပါဝါရုပ်သိမ်းခြင်း

ကျွန်မ၏မိတ်ဆွေ ဦးစိန်လင်း ၁၂/ကတတ(နိုင်)၀၂၅၃၈၂၊ အမှတ် ၉၃၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူမှ ဦးသိန်းနိုင်(ဘ)ဦးစိုးမြင့် ၁၀/ကထန(နိုင်)၀၂၅၇၆၉သို့ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၇-၁၁-၂၀၁၂ ရက်က လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပါဝါအမှတ် ၁၇၈၁၆/၂၀၁၂ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေမွန်လတ်
အထက်တန်းရှေ့နေ(စဉ်-၃၇၁၉၀)
အမှတ် ၆၀(မြေညီထပ်)၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်တွင် အကျယ် ၁၈ပေ၊ အရှည် လေးမိုင်ရှိ ဝက်သက်မြောက်ကျေးရွာနှင့် ဝါးဘိုးချောင်ကျေးရွာချင်းဆက်လမ်းကို ဒီဇင်ဘာ ၂၉ရက်က တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

မြို့ခန္တီး လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေး အောင်မင်္ဂလာတံတားဖွင့်

ခန္တီး ဇန်နဝါရီ ၂

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ခန္တီးမြို့နယ် ဆင်သေ-နန်မွန်သွား (အောင်မင်္ဂလာ)တံတားဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်က အဆိုပါတံတား၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်မိရပ်ဖ ဦးရန်ခိုရှိန်က "အခုလို တံတားတစ်စင်းဖြစ်ဖို့အတွက် နိုင်ငံတော်မှ မတည်ငွေကျပ်သိန်း ၂၀ နဲ့ တံတားကို ဆောက်လုပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ဒီချောင်းက ရွာလယ်ကနေဖြတ်စီးတော့ အရင်ကဆို ရွာအရှေ့ပိုင်းနဲ့ အနောက်ပိုင်း သွားလာဖို့ခက်ခဲပါတယ်။ အခုတော့ ဒီတံတားဆောက်လုပ်လိုက်ပြီမို့ အချိန်အခါမရွေး ရွာအရှေ့ပိုင်းနဲ့ အနောက်ပိုင်း လွယ်ကူစွာကူးသန်းသွားလာနိုင်ပြီဖြစ်လို့ ကျေးရွာက ပြည်သူများ ဝမ်းသာနေကြပြီ"ဟု ပြောကြားသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဦးက "စည်ပင်က ငွေကျပ်သိန်း ၂၀ မတည်ပေးတယ်။ ရွာက လူအင်အား ငွေအင်အား ပါဝင်လိုက်တော့ တံတားတန်ဖိုးက ငွေကျပ်၃၅သိန်း ကုန်ကျပါတယ်။ အစိုးရနဲ့ပြည်သူပူးပေါင်းဆောင်ရွက်မှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်"ဟု ဂုဏ်ပြုစကားပြောကြားသည်။

ယခုဖွင့်လှစ်သည့် အောင်မင်္ဂလာတံတားသည် အရှည်ပေ ၅၀၊ အကျယ် ၁၂ ပေရှိပြီး သစ်သားတံတားအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ **(ချန်လော)**

တောဆင်ရိုင်းတက်နင်းခံရ၍ အမျိုးသမီးတစ်ဦးသေဆုံး

မြို့သစ် ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် အိုင်မအုပ်စု နဂျီတဲတိုက်တွင် တောဆင်ရိုင်း ငါးကောင်ဝင်ရောက်ဖျက်ဆီးသဖြင့် အသက် ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ၂ နာရီခန့်က မြို့သစ်ရဲစခန်း၏ အရှေ့မြောက်ဘက် မိုင်၃၀ ခန့်အကွာ အိုင်မအုပ်စု နဂျီတဲတိုက်ရှိ ဦးတင်မြင့်၏ တဲ၌ ဇနီးဒေါ်ပုလေးနှင့် သမီး မသန္တာဦး၊ ညီမဖြစ်သူ မစန္ဒာဌေးတို့ အိပ်ပျော်နေစဉ် ခွေးဟောင်သံများကြားရ၍ ထကြည့်ရာ တောရိုင်းဆင်ငါးကောင်ခန့် မြင်တွေ့ရသဖြင့် ဒေါ်ပုလေးနှင့် မစန္ဒာဌေးတို့သည်တဲ၏ အနောက်ဘက်သို့ ထွက်ပြေးပြီးမသန္တာဦးသည် တဲ၏မြောက်ဘက်တဲအနီးရှိ နွားမအား ကြိုးဖြေပေးနေစဉ် ဆင်ရိုင်းတစ်ကောင်က ပြေးလာပြီး တက်နင်းသဖြင့် မသန္တာဦး၏ ရင်ဘတ်ညိုမည်းဒဏ်ရာ၊ ဝဲလက်မောင်းကျိုးဒဏ်ရာများရရှိသေဆုံးခဲ့သည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ မြို့သစ်ရဲစခန်းမှ ရဲအုပ်မျိုးမြင့်ထွန်းနှင့်အဖွဲ့က သက်သေအိုင်မအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်း၊ ဆယ်အိမ်မှူး ဦးချစ်တိုင်းတို့နှင့်အတူ အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲဖိတ်ကြားလွှာ

သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူ (Developer) အဖြစ်ဆောင်ရွက်ရန် မြန်မာ-ဂျပန်ဖက်စပ်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန်ရှိပါသည်။ ယင်းအဖွဲ့အစည်းတွင် ပါဝင်နိုင်ရန်အတွက် မြန်မာဘက်မှ ရင်းနှီးမြှုပ်နှံလိုသူများ ပေါင်းစည်း၍ အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်မည်ဖြစ်ပါသည်။ ယင်းအများပိုင်ကုမ္ပဏီဖွဲ့စည်းရာတွင် ထင်သာမြင်သာရှိစေရေးနှင့် အားလုံးပါဝင်အကျိုးခံစားခွင့်ရရှိရေး ဆွေးနွေးရန် ရည်ရွယ်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

နေရာ ။ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့
နေ့ရက် ။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ရက်
အချိန် ။ နံနက် ၉:၀၀ နာရီ

အားကစားသတင်း

ဘရာဇီး ဂန္တဝင်ဘောလုံးသမားဟောင်းများနှင့် မြန်မာလက်ရွေးစင်ဟောင်းများ ခြေစမ်းမည်

စိုးညွန့်

ရန်ကုန် ဇန်နဝါရီ ၂

ဘရာဇီးဂန္တဝင် ဘောလုံးသမားဟောင်းများပါဝင်သော လက်ရွေးစင်ဟောင်းများအသင်းသည် မြန်မာနိုင်ငံသို့လာရောက်၍ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာလူငယ်ဘောလုံးသမားများကို အခြေခံဘောလုံးပညာများ သင်ကြားပေးမည်ဖြစ်သည်။

မြန်မာ့ဘောလုံး တိုးတက်အောင်မြင်ရန်အတွက် ပရိုစနစ်ကို ကူးပြောင်းခဲ့ပြီး နောက်ပိုင်းကာလတွင် ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှ နာမည်ကြီးကစားသမားများမှာ မြန်မာ့ဘောလုံးလောကသို့ ဆက်တိုက်ဆိုသလို ရောက်ရှိလာခဲ့သည်။ အင်္ဂလန်လက်ရွေးစင်နှင့် လီဗာပူးကစားသမားဟောင်း ဂျွန်ဘမ်း၊ ရီးရဲမက်ဒရစ် အကယ်ဒမီ နည်းပြအဖွဲ့တို့သည် မြန်မာလူငယ်ကစားသမားများကို ဘောလုံးအခြေခံ နည်းစနစ်များလာရောက်သင်ကြားပေးခဲ့သည်။

ယခုလည်း ဘရာဇီးဂန္တဝင်ဘောလုံးသမားဟောင်းများသည် မြန်မာလူငယ်ဘောလုံးသမားများကို ဘောလုံးပညာများ မျှဝေပေးပြီး မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရာဇီးဂန္တဝင်ဘောလုံးသမားများဖြစ်သည့် ဒွန်ဂါ၊ ဘီဘတ်တို၊ ပေါ်လိုဆာဂျီယို၊ မာဇင်ဟိုတို့ ဦးဆောင်ပါဝင်လာမည့် အသင်းမှာ ကစားသမား (၂၀) ပါဝင်လာမည်ဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ ဇန်နဝါရီ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ မြန်မာလူငယ်ကစားသမားများကို ဘောလုံးပညာများ သင်ကြားပေးမည်ဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းတွင် သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ တင်မြင့်အောင်၊ စိုးမြတ်မင်း၊ လွင်ဦး၊ အောင်အောင်ဦး စသည့်ကစားသမားများပါဝင်မည်ဖြစ်သည်။

ဘရာဇီးဂန္တဝင် ဘောလုံးသမားများအသင်းကို နည်းပြအဖြစ် ကားလို့စ်အယ်ဘာတိုတောရက်စ်က တာဝန်ယူမည်ဖြစ်ပြီး ဂိုးသမား-ဂီလ်မာ၊ ဇက်တီ၊ နောက်တန်း- အဲလ်ဒဲယား၊ ဂွန်ကဲလ်မက်စ်၊ မာစီယိုဆန်းတို့စ်၊ ပီမန်ဟဲလ်၊ ရော်နယ်လ်ဒါအို၊ အလယ်တန်း-ဒွန်ဂါ၊ မာဇင်ဟို၊ ပက်ဒရင်ဟို၊ ရီကာဒိုဂိုချာ၊ ဆာမီအို၊ မဲလ်ဘာ၊ ဝီလျံ၊ ရှေ့တန်း-ဘီဘတ်တို၊ ပေါ်လိုဆာဂျီယို၊ ဒီဂျာမင်ဟာ၊ ဒိုနီဇက်တီ၊ အက်ဒီလ်ဆင်နှင့် ဗီအိုလာတို့ ပါဝင်လာမည်ဖြစ်သည်။ ထို့အပြင် ဂျာမနီဂန္တဝင် ဘောလုံးသမား လိုသာမားသီးယက်စ်မှာလည်း လိုက်ပါလာမည်ဖြစ်ပြီး မြန်မာအသင်းဘက်မှ ပါဝင်ကစားရန် ကမ်းလှမ်းထားကြောင်း သိရသည်။

မန်စီးတီးက မန်ယူကိုအမီလိုက်သော်လည်း မန်ယူက ခုနစ်မှတ်သာနေဆဲဖြစ်

လန်ဒန် ဇန်နဝါရီ ၂

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် ၂၁ ပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက် ညပိုင်းက ကစားကြရာ မန်စီးတီးက အိမ်ကွင်းတွင် စတုတ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ ထိုနေ့က မန်ယူကလည်း ဝီဂန်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်၍ မန်စီးတီးတို့ မန်ယူနောက်မှ ခုနစ်မှတ်ခွာ၍ လိုက်နေရဆဲဖြစ်သည်။

မန်စီးတီးအတွက် ဂိုးများကို ဇာဘလက်တာ၊ ဒီဇီကိုနှင့် အဂူရိုတို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ မန်စီးတီးတို့ ဂိုးကွာခြားချက်ဖြင့် မန်ယူကို အမီလိုက်ရန် ကြိုးစားခဲ့သော်လည်း မန်ယူက ဝီဂန်ကို ဂိုးပြတ်သွင်းအောင်ပွဲခံခဲ့ရာတွင် မျှော်လင့်ချက်နှင့် ဝေးနေရဆဲဖြစ်သည်။

စပါးအသင်းက အိမ်ကွင်းတွင် ရက်ဒင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အမှတ်ပေးဇယား တတိယနေရာ ပြန်ရောက်လာသည်။ ဆောက်သမ်ပတန်က အိမ်ကွင်းတွင် အာဆင်နယ်နှင့်တစ်ဖက် တစ်ဂိုးစီ သရေကစားပြီး တန်းဆင်းဇုန်လွတ်မြောက်ရန် ကြိုးစားခဲ့သည်။ အာဆင်နယ်တို့ ရမှတ်သုံးမှတ်သိမ်းပိုက်ရန် အကြိတ်အနယ် ကြိုးစားသော်လည်း ရာမီလက်က အိမ်ရှင်ဆောက်သမ်ပတန်အတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့၍ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့ပေ။

ဆွမ်ဆီးကွင်းတွင် အနိုင်နှင့်ပိုင်းရန် ဆုံးဖြတ်ထားသော အက်စ်တွန်ဗီလာအသင်းက ဒန်နီဂရေဟာမ်၏ လေလွင့်ချိန်ချေပဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီဖြင့် တစ်မှတ်စီ ခွဲဝေယူခဲ့ရသည်။ အက်စ်တွန်ဗီလာတို့ ငါးပွဲဆက်တိုက် ရှုံးနိမ့်မှုကို အဆုံးသတ်ပြီး အနိုင်ရရန်ကြိုးပမ်းသော်လည်း သရေပွဲဖြင့်သာ ကျေနပ်လိုက်သည်။ **(ဘီဘီစီ)**



ကောင်းမြတ်သူ-စုစည်းသည်

မြဝတီရုပ်မြင်သံကြား

၃-၁-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၃ တရားတော်
- ၇:၁၅ ဓမ္မပူဇာတေး
- ၇:၃၅ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄:၀၃ အဖွင့်သီချင်း
- ၄:၀၈ မျိုးချစ်တပ်မတော်
- ၄:၁၈ ဇာတ်လမ်းတို
- ၅:၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း -၇၀)
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၃၅ ကာတွန်းအစီအစဉ် **အာကာသသူ့ရဲ့ကောင်းလေးများ** (အပိုင်း-၆၄)
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်က ဖန်ရဲတိုက်** (အပိုင်း -၁၁)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လင်းလက်မျက်နှာ** (အပိုင်း-၂၄)
  - -မြဝတီရုပ်မြင်သံကြားသတင်း
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း-၅၅)

အိမ်ကွင်းမှာ အမှတ်ယူမယ့်ဂျူဗင်တပ်စ် အဝေးကွင်းမှာခက်ခဲမယ့် အင်တာမီလန်

ခရစ္စမတ်ကာလမှာ ရပ်နားထားခဲ့တဲ့ စီးရီးအေပွဲစဉ်တွေဟာ ဇန်နဝါရီ ၆ ရက်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ အားလပ်ရက်တွေကြောင့် အားအင်ပြန်လည်ပြည့်ဖြိုးခဲ့ကြတဲ့ ကစားသမားတွေလည်း အကောင်းဆုံးပုံစံနဲ့ ပြန်လည်ဆင်နွှဲဖို့ အသင့်ဖြစ်နေကြပြီဖြစ်ပါတယ်။ ဒီဇင်ဘာရဲ့ ပွဲကျပ်ကာလ ပရီမီယာလိဂ်ပြိုင်ပွဲတွေ အပြင်းအထန် ဆင်နွှဲနေချိန်မှာ စီးရီးအေအသင်းတွေဆောင်းခိုပြီး အနားယူခွင့်ရရှိနေကြတာမို့ ပြန်လည်စတင်ကစားမယ့် စီးရီးအေပွဲစဉ် (၁၉)ဟာ အသင်းတိုင်း ခွန်အားပြည့် ယှဉ်ပြိုင်ကြမှာမို့ ၂၀၁၃ ခုနှစ်ရဲ့ ပထမဆုံးပွဲစဉ်တွေမှာ ဘယ်အသင်းတွေ အောင်မြင်မှုရယူကာ နှစ်သစ်ခရီးကို စတင်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ဂျူဗင်တပ်စ်နှင့် ဆမ်ဒိုးရီးယား

တန်းစီဇယားထိပ်ဆုံးက လွတ်လွတ်ကျွတ်ကျွတ်ပြေးနေတဲ့ ဂျူဗင်တပ်စ်ဟာ အိမ်ကွင်းမှာ အကောင်းဆုံးပုံစံနဲ့ ကစားနေတာမို့ ဒီပွဲမှာလည်း ဧည့်သည်ဆမ်ဒိုးရီးယားကို အနိုင်ရအောင်ကစားပါလိမ့်မယ်။ ဆမ့်ဒိုးရီးယားဟာ ခြေစွမ်းပြနိုင်တဲ့ အသင်းဖြစ်ပြီး အသင်းကြီးတွေ ခက်ခက်ခဲခဲကစားရတဲ့ အသင်းကောင်းလည်းဖြစ်နေတာဟာ ဂျူဗင်တပ်စ်အတွက်သတိထားရမယ့်အချက်ပါပဲ။ ဆမ်ဒိုးရီးယားဟာ ကွင်းလယ်ကစားအားကောင်းပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို အကျပ်အတည်းတွေ့အောင် ဟန့်တားနိုင်တာမို့ ဂျူဗင်တပ်စ်တို့ အိမ်ကွင်းဆိုပေမယ့် အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်မှသာ မျှော်လင့်ချက်ပြည့်ဝနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

လာဇီယိုနှင့် ကာဂလီယာရီ

စီးရီးအေပွဲစဉ်တွေမှာ ဒီနှစ်သင်းဆုံတွေ့တိုင်း လာဇီယိုတို့ အနိုင်ယူခဲ့တာတော့ များပါတယ်။ ဒါပေမယ့် ကာဂလီယာရီနဲ့ဆုံတိုင်း လာဇီယိုတို့ လွယ်လွယ်ကူကူ အနိုင်ယူခဲ့တာတော့ မဟုတ်ပါဘူး။ လာဇီယိုဟာ ကစားသမား အင်အားကောင်းပေမယ့် အဆုံးသတ်မှုအပိုင်းမှာ အားနည်းချက်တွေရှိနေတာတော့ အမှန်ပါပဲ။ လာဇီယိုကွင်းမှာ လာကစားတိုင်း ကာဂလီယာရီတို့ ရှုံးပွဲကြုံတွေ့ရတာများပေမယ့် ဒီပွဲကို ကာဂလီယာရီတို့ အဓိကပွဲထွက်ကစားသမားတွေနဲ့ လာရောက်ရင်ဆိုင်မှာဖြစ်တာမို့ နှစ်သင်းစလုံး အားကုန်ထုတ်ကြပါလိမ့်မယ်။ အိမ်ရှင် လာဇီယိုဟာ ပရိသတ်တွေအတွက် စွန့်စွန့်စားစား ကစားမှာမို့ အောင်ပွဲဆိုတာ လာဇီယိုအတွက်ဖြစ်သွားနိုင်ပါတယ်။

ကာတာနီယာနှင့် တိုရီနို

ဒီနှစ်သင်းရဲ့ စီးရီးအေပွဲစဉ်တွေ့ဆုံမှု ၂၈ ပွဲမှာတော့ တိုရီနိုက ၁၂ ပွဲနိုင်ပြီး ကာတာနီယာတို့က ခြောက်ပွဲနိုင်ထားပါတယ်။ သရေ ၁၀ ပွဲဖြစ်ထားတာမို့ လက်ရှိခြေစွမ်းပိုင်းအရလည်း နှစ်သင်းစလုံး သိသာထူးခြားတဲ့ ကွာဟမှုတော့မရှိပါဘူး။ ကာတာနီယာအသင်းဟာ ကိုပါအီတာလီယာပွဲစဉ်မှာ ပါးမားကို တစ်ဂိုးစီသရေကစားခဲ့ပြီး ဆမ်ဒိုးရီးယားကိုတော့ အနိုင်ယူခဲ့တဲ့ ခြေစွမ်းရှိထားပါတယ်။ တိုရီနိုရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားတာမို့ ဒီပွဲမှာ အားထည့်မှရပါလိမ့်မယ်။ ဒါပေမယ့် ကာတာနီယာဟာ ရမှတ်လိုအပ်နေတာမို့ ဒီပွဲမှာ သုံးမှတ်အပြည့်ရယူဖို့ ကြိုးစားမှာဖြစ်ပေမယ့် ပြိုင်ဘက်က တိုရီနိုဖြစ်နေတာကြောင့် နှစ်ဖက်ပရိသတ်တွေအတွက် နှစ်သိမ့်မှုကိုယ်စီရသွားနိုင်တဲ့ အနေအထားပါပဲ။

အူဒီးနီစ်နှင့် အင်တာမီလန်

တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်ကို ဖိအားပေးဖို့ ကြိုးစားနေတဲ့ အင်တာမီလန်ဟာ အူဒီးနီစ်ကွင်းမှာ ကစားရမှာမို့ ပွဲကျပ်နေတာတော့ အမှန်ပါပဲ။ ရှုံးကန်မှုပြင်းထန်မယ့် အူဒီးနီစ်ဟာ အင်တာမီလန်ကို ရှိတဲ့အင်အားနဲ့ ပြင်းပြင်းထန်ထန်တုံ့ပြန်ကစားပါလိမ့်မယ်။ စုဖွဲ့မှု၊ စုစည်းမှု အားကောင်းနေတဲ့ အင်တာမီလန်ဟာ အဝေးကွင်းဆိုပေမယ့် ပြတ်သားတဲ့ရလဒ်ကိုပဲ ပုံဖော်နိုင်ဖို့ ပြင်ဆင်ကြိုးစားမှာဖြစ်ပါတယ်။ ရှေ့၊ လယ်၊ နောက် အင်အားတောင့်တင်းတဲ့ အင်တာမီလန်ဟာ အူဒီးနီစ်ကွင်းကနေ သုံးမှတ်အပြည့်ယူပြီး အိမ်ပြန်မှာမို့ ဒီပွဲမှာ အင်တာမီလန်ပရိသတ်တွေကျေနပ်စရာတွေအဖြစ် ခံစားပျော်ရွှင်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် အိမ်ရှင်အူဒီးနီစ်ရဲ့ လျှပ်တစ်ပြက် တန်ပြန်တိုက်စစ်ကိုလည်း အင်တာမီလန်တို့ မေ့လျော့နေရင် မမျှော်လင့်ဘဲ ကြေကွဲစရာတွေ ဖြစ်သွားနိုင်ပါတယ်။

အေစီမီလန်နှင့် ဆီနာ

အမှတ်လိုအပ်နေတဲ့ အေစီမီလန်ဟာ အိမ်ကွင်းမှာ ဒီပွဲကို ဖိဖိစီးစီးကစားပါလိမ့်မယ်။ အသင်းလိုက်ကစားအားကောင်းပြီး အဆုံးသတ်အားနည်းနေတဲ့ တိုက်စစ်ကို ပြုပြင်လိုက်ရင် ဆီနာကို ဒီပွဲမှာ လက်ဗလာနဲ့ အိမ်ပြန်လွှတ်နိုင်ပါတယ်။ အေစီမီလန်ဟာ ကွင်းလယ်ပိုင်းအားသာချက်နဲ့ ကစားကွက်ကို ထိန်းချုပ်နိုင်ပြီး ဆီနာကို ဖိကစားနိုင်ရင်တော့ အေစီမီလန်အတွက် သုံးမှတ်အပြည့် ရယူနိုင်တဲ့ပွဲပါပဲ။ ဆီနာက တိုက်စစ်ရော၊ ခံစစ်ကြောင်းပါ အားနည်းချက်ရှိနေပြီးအတက်အကျမတည်ငြိမ်တဲ့ ခြေစွမ်းကြောင့် ဒီပွဲမှာ မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်တဲ့ အနေအထားပါပဲ။

ချီယေးဗိုနှင့် အတ္တလန္တာ

နှစ်သင်းစလုံး အားပြိုင်မှုပြင်းထန်မယ့်ပွဲပါပဲ။ ချီယေးဗိုအတွက် ဒီပွဲဟာ ရလဒ်ကောင်းဖို့ အရေးကြီးသလို အတ္တလန္တာတို့အတွက်ကလည်း အမှတ်ပြည့်ရယူဖို့လိုအပ်နေတာမို့ အမှားအယွင်းနည်းအောင် ကစားမယ့်ပွဲဖြစ်နေပါတယ်။ ချီယေးဗိုဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့အသင်းဖြစ်တာမို့ အတ္တလန္တာတို့အတွက် ခက်ခက်ခဲခဲရင်ဆိုင်ရဖို့တော့ ရှိနေပါတယ်။ အိမ်ရှင် ချီယေးဗိုဟာ ဒီပွဲကို သေသေချာချာ ပြင်ဆင်ကစားမှာမို့ အတ္တလန္တာတို့ ခြေကုန်ထုတ်ကာမှ အမှတ်ရနိုင်မယ့်ပွဲပါပဲ။

ဖီအိုရင်းတီးနားနှင့် ပက်စ်ကာရာ

အိမ်ကွင်းမှာကစားရမယ့် ဖီအိုရင်းတီးနားတို့အတွက်တော့ အဓိကကစားသမားတွေနဲ့ ပွဲထွက်လာဖို့ သေချာပါတယ်။ နှစ်အစ ပွဲဦးထွက်ပွဲစဉ်မှာ အနိုင်သုံးမှတ်ကို သိမ်းပိုက်ဖို့အတွက် ဖီအိုရင်းတီးနားတို့က ပွဲအစအဆုံး ကစားအားတင်ပြီး တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ပက်စ်ကာရာရဲ့ ခံစစ်ကြောင်းက အမှားအယွင်းလုပ်တတ်တာမို့ အဲဒီအခွင့်အရေးကို ဖီအိုရင်းတီးနားတိုက်စစ်မှူးတွေ အသုံးချသွားနိုင်ပါတယ်။

ဖီအိုရင်းတီးနားအတွက် အမှတ်ပြည့်ရယူဖို့ ကြိုးစားမယ့်ပွဲဖြစ်ပြီး ပက်စ်ကာရာတို့ကလည်း ရသမျှအမှတ်ယူရေး အားထုတ်မှာဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်လာမှာပါ။ ။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

❑ အာဆင်နယ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်မှ တိုက်စစ်မှူး ဆာဟာအား ခေါ်ယူရန် ကြိုးစားမှုကိုရပ်ဆိုင်းလိုက်ပြီဖြစ်သည်။ ယင်းမှာတိုက်စစ်မှူးဝေါကော့သ်အား စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်၍ဖြစ်သည်။

❑ စပါးနည်းပြ ဘိုအက်စ်က ရှက်တာဒိုးနက်စ်တိုက်စစ်မှူး ဝီလျံအား ခေါ်ယူစာချုပ်ရန် ကြိုးစားလျက်ရှိသည်။

❑ ချယ်လ်ဆီးကစားသမား စတာရစ်အား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် လီဗာပူးက ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။

❑ ဝက်စ်ဟမ်းတိုက်စစ်မှူး မိုင်ဂါအား နယူးကာဆယ်အသင်းက ခေါ်ယူရေးမှာ အကောင်အထောင်ဖော်တော့မည်မဟုတ်ကြောင်း၊ မာဆေးလ်မှ ရီမီအား ခေါ်ယူရန် ကြိုးစားနေခြင်းကြောင့်ဖြစ်ကြောင်း နယူးကာဆယ်အသင်းက သတင်းထုတ်ပြန်သည်။

❑ ချာလ်တန်ကွင်းလယ်ကစားသမား အသက် ၂၇ နှစ်အရွယ်ရှိ ပရစ်ချက်အား ဗီလာ၊ ဖူလ်ဟမ်နှင့် ရက်ဒင်းတို့က အပြိုင်ခေါ်ယူလျက်ရှိသည်။

❑ ဆောက်သမ်တန်အသင်းသည် အသက် ၁၇ နှစ်အရွယ် နောက်ခံလူ လူကီရှောအား ရောင်းချမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ဝက်စ်ဟမ်းမှ အသက် ၃၀ အရွယ် တိုက်စစ်မှူး လမ်းပတ်အား ဆောက်သမ်တန်အသင်းက ခေါ်ယူနေသည်ဆိုသောသတင်းမှာ မမှန်ကြောင်း ငြင်းဆိုလိုက်သည်။

❑ မန်ယူနည်းပြ ဖာဂူဆန်သည် မန်ယူနည်းပြအဖြစ် ၂၆ နှစ်ကြာ တာဝန်ယူနေရာမှ အသက် ၇၁ နှစ်အရွယ်ရောက်ရှိလာသဖြင့် အနားယူရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ဘာစီလိုနာတိုက်စစ်မှူး ၃၁ နှစ်အရွယ်ရှိ ဒေးဗစ်ဗီလာအား အငှားချထားမည်မဟုတ်ကြောင်း၊ အပြီးရောင်းချရန်ဆန္ဒရှိနေကြောင်း ဘာစီလိုနာကလပ်ကသတင်းထုတ်ပြန်သည်။

❑ ပဲရစ်စိန့်ဂျာမိန်းအသင်းက ချယ်လ်ဆီးနောက်ခံလူ အက်ရှ်လေကိုးအားခေါ်ယူတော့မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ အာဆင်နယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး လိုပက်ဇ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေးမည်ဟု ဈေးပေးထားသော်လည်း ပေါင် ၁၄ ဒသမ ၇သန်းရမှရောင်းမည်ဟု အက်သလက်တီကိုမက်ဒရစ်အသင်းက ဈေးခေါ်ထားသည်။ ။

မောင်ချစ်ကြည် - စုစည်းသည်

မင်္ဂလာညှော်ပွဲ ကျေးဇူးတင်လွှာ

အထူးဆောက်လုပ်ရေး၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ တပ်မမှူးဗိုလ်မှူးချုပ်သက်စိုး-ဒေါ်ဖြူဖြူအောင်တို့၏သားတပည့်၊
ပုသိမ်မြို့နေ ဦးဆန်းထွန်း(မန်နေဂျာ-ငြိမ်း၊M.P.P.E)-ဒေါ်ဆွေဆွေတင့် (မြို့နယ်စာရင်းစစ်အရာရှိ)တို့၏သားကြီး

ဗိုလ်ကြီးလှိုင်ဘွား

B.E (Civil), M.E (Bridge Structure), MADI

အမှတ်(၃)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်

နှင့်

ရန်ကုန်မြို့နေ ဦးကြင်ဦး(ဌာနခွဲ မန်နေဂျာ၊M.P.P.E၊ဧရာဝတီတိုင်းဒေသကြီး)-ဒေါ်ဖြူဖြူတို့၏သမီးကြီး၊
ဗိုလ်မှူးဝဏ္ဏအုန်းမြင့်(ငြိမ်း)-ဒေါ်သင်းသင်းစိုးလှိုင်တို့၏ညီမ

မသက်ထက်ဦး

B.Com,D.C.A, D.B.S (UK), MBA
General Manager (Jade King &Queen Gems and Jewellery Co.,Ltd.)

တို့၏ ၃၀-၁၁-၂၀၁၂ ရက် (သောကြာနေ့)တွင် Sedona Hotel (ဒဂုံခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း) (ဒါရိုက်တာ ရောကြံခင်းကုမ္ပဏီ)နှင့် ဇနီး ဒေါ်ဝင်းဝင်းတင့်၊ ဦးတင်လတ်(မန်နေဂျင်းဒါရိုက်တာ၊ Htoo Group of Companies) နှင့်ဇနီး ဒေါ်အေးသက်မော်တို့အားလည်းကောင်း၊ ၂-၁၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် Parkroyal Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဘဘ ဦးသိန်းအောင်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော (Jade King & Queen Gems and Jewellery Co., Ltd.) ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းနှင့်ဇနီး ဒါရိုက်တာ ဒေါ်နန်းခင်မြင့်ရီတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့်ဇနီး၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးအေးဝင်းနှင့် ဇနီး၊ ပညာရေး၊လေ့ကျင့်ရေးနှင့်စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဘိုဝင်းနှင့် ဇနီး ဒေါ်ခင်မော်(ကရင်ပြည်နယ် စာရင်းစစ်ချုပ်)၊ ဦးဝမ်းတင်နှင့် ဇနီး ဒေါ်ခင်ဌေးဦး (ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြပါသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဇနီး၊ အထူးဆောက်လုပ်ရေးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ တပ်မမှူး ဗိုလ်မှူးချုပ်သက်စိုးနှင့်ဇနီး ဒေါ်ဖြူဖြူအောင်တို့အား လည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းအပေါင်းနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မပိုးအိပြည့်စုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မဖူးပြည့်စုံမြင့်၊ မင်္ဂလာလက်စွပ် ကလပ်ကိုင်ဆောင်ပေးသော ညီမလေးဖြူစင်သန့်၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးဆန်းထွန်းတင်နှင့် ဗိုလ်ကြီးစောနိုင်၊ သတို့သမီးအရံများဖြစ်ကြသည့် မညွန့်ညွန့်အုန်းနှင့် မမျိုးသဉ္ဇာဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသည့် တေးသံရှင်ပန်းအိဖြူ၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ Aroma (Zulu) နှင့် Inspire ၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးရှင် လင်းလင်းနှင့်အဖွဲ့၊ Aroma (Zulu)နှင့်အဖွဲ့၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော အန်တီသန်းသန်းဝင်း(မြန်မာ့ပုလဲ)၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ Pre Wedding ဓာတ်ပုံများ၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများ ရိုက်ကူးပေးပါသော 7 Picture မှ အဖွဲ့သားများအားလည်းကောင်း၊ Sedona Hotel နှင့် Parkroyal Hotel မှ တာဝန်ရှိသူများအားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးလှိုင်ဘွား-မသက်ထက်ဦး



ဈေးကွက်နှင့်စီးပွားရေးသတင်း

စားဖိုဆောင်သုံးသီးနှံများ ဈေးမြင့်မားမှုမရှိခဲ့

ရန်ကုန် ဇန်နဝါရီ ၂

၂၀၁၂ ခုနှစ်အတွင်း ပဲဈေးနှုန်းများ ဇူလိုင်လအတွင်း၌သာ အမြင့်ဆုံးသို့ ရောက်ရှိပြီး ကျန်ကာလများတွင် ဈေးအနိမ့်ဖြင့်သာရှိကြောင်း၊ သကြားဈေးနှုန်းများမှာ ပုံမှန်တစ်ပိဿာ ငွေကျပ်တစ်ထောင်ဝန်းကျင်သာရှိသဖြင့် လှောင်လက်များ အမြတ်နည်းကြောင်း၊ ထန်းလျက် ဈေးနှုန်း နှစ်ကုန်ပိုင်းတွင်သာ တစ်ပိဿာ ငွေကျပ် ၉၅၀ ဝန်းကျင်သို့ ရောက်ရှိပြီး မန်ကျည်းဈေးနှုန်းမှာ နှစ်စပိုင်းတွင်သာ အမြင့်တွင်ရှိပြီး နှစ်လယ်ပိုင်းမှစ၍ တစ်ပိဿာ ငွေကျပ် ၈၀၀-၉၀၀ ဝန်းကျင်နှုန်းသာရှိရာ မန်ကျည်း လှောင်လက်တို့သည်လည်း အမြတ်နည်းကြောင်းသိရသည်။

၂၀၁၂ ဇန်နဝါရီ ၂ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၆၁၀၀၀ နှုန်းဖြင့် ဈေးစဖွင့်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ငွေကျပ် ၄၆၀၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း၊ ပဲစင်းငုံနီ RC မှာလည်း ဇန်နဝါရီ ၂ ရက်တွင် တစ်တန် ငွေကျပ် ၄၄၃၀၀၀ နှုန်းဖြင့်စခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ငွေကျပ် ၅၁၀၀၀၀ နှုန်းဖြင့် ဈေးပိတ်ခဲ့သည်ဟု သိရသည်။ ကုလားပဲခြမ်းတစ်ပိဿာလျှင် ဇန်နဝါရီ ၂ ရက်တွင် ၁၀၈၀ ကျပ် နှုန်းဖြင့် ဈေးစဖွင့်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ၁၀၅၀ ကျပ်နှုန်းဖြင့် ဈေးပိတ်ခဲ့သည်။

မတ်ပဲဈေးနှုန်းများ မတ်လအတွင်း ငွေကျပ် လေးသိန်း၊ ဧပြီ၊ မေ၊ ဇွန်တို့ တွင် ငွေကျပ် ၃၉၀၀၀၀ ဝန်းကျင်သာရှိပြီး ဇူလိုင်လတွင် ဈေးတက်ခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် မတ်ပဲ RC တစ်တန် ၆၈၀၀၀၀၊ ၇၀၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC ငွေကျပ် ၆၈၀၀၀၀ နှုန်း၊ ကုလားပဲခြမ်း တစ်ပိဿာ ငွေကျပ် ၁၅၀၀ နှုန်းသို့ အမြင့်ဆုံးရောက်ခဲ့သော်လည်း ၂၀၁၀ ခုနှစ် ဈေးနှုန်းကဲ့သို့ တစ်တန်လျှင် ငွေကျပ်ဆယ်သိန်း အထက်သို့ မရောက်ခဲ့ပါ။ ဇူလိုင် ၂၁ ရက် နောက်ပိုင်း ဈေးပြန်လည်ကျဆင်းလာရာ မတ်ပဲ တစ်တန်လျှင် ငွေကျပ်ငါးသိန်း၊ ပဲစင်းငုံနီ ငွေကျပ် ခြောက်သိန်း ဝန်းကျင်ဖြင့် အောက်တိုဘာလထိ ဈေးကစားနေပြီး နိုဝင်ဘာလကုန်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၂၉၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ၅၂၀၀၀၀ နှုန်း၊ ပဲတီစိမ်း(ပခုက္ကူ)တစ်ပိဿာ ၁၁၅၀ နှုန်း၊ ကုလားပဲခြမ်းတစ်ပိဿာ ငွေကျပ် ၁၂၄၀ နှုန်းဖြစ်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၄၂၅၀၀၀၊ ဒီဇင်ဘာ ၅ ရက်တွင် ပဲစင်းငုံနီ RC တစ်တန်လျှင် ငွေကျပ် ၄၉၅၀၀၀ နှုန်းအထိ ကျဆင်းပြီးမှ ဈေးပြန်ကောင်းလာသော်လည်း ကုလားပဲခြမ်းမှာ နှစ်ကုန်တွင် တစ်ပိဿာ ငွေကျပ် ၁၀၅၀ နှုန်းအထိ ကျဆင်းခဲ့သည်။

ဇန်နဝါရီ ပထမပတ်အတွင်း ပြည်ပပို့ FAQ ပဲဈေးနှုန်းများတွင် မတ်ပဲ အသစ် FAQ တစ်တန် ၅၉၀-၆၁၀ ဒေါ်လာ၊ ပဲစင်းငုံနီ FAQ တစ်တန်လျှင် အသစ် ၅၈၀-၆၀၀ ဒေါ်လာနှုန်း၊ မေ ၂၅ ရက်တွင် မတ်ပဲ FAQ အသစ် တစ်တန်လျှင် ၅၀၀-၅၂၀ ဒေါ်လာ၊ ပဲစင်းငုံနီအသစ် FAQ တစ်တန်လျှင် ၅၆၀-၅၈၀ ဒေါ်လာ၊ ပဲတီစိမ်း အညာ တစ်တန်လျှင် ၆၅၀-၆၇၀ နှုန်း၊ ဇူလိုင် ၂၄ ရက်တွင် မတ်ပဲအသစ် FAQ တစ် တန်လျှင် ၇၆၀-၇၈၀ နှုန်း၊ ပဲစင်းငုံနီ အသစ် FAQ တစ်တန်လျှင် ၇၆၀-၇၈၀ နှုန်း၊ ပဲတီစိမ်း(ပခုက္ကူ) တစ်တန်လျှင် ၇၄၀-၇၆၀ ဒေါ်လာနှုန်းသို့ မြင့်တက်လာကြောင်း၊ ဒီဇင်ဘာ ၃၁ ရက်တွင်မူ မတ်ပဲ FAQ အသစ်တစ်တန်လျှင် ၅၆၀-၅၈၀ ဒေါ်လာနှုန်း၊ ပဲစင်းငုံနီ FAQ အသစ်တစ်တန်လျှင် ၆၁၀-၆၂၀ ဒေါ်လာနှုန်းသို့ ကျဆင်းသွားကြောင်း သိရသည်။ ပဲတီစိမ်း(ပခုက္ကူ)မှာမူ တစ်တန်လျှင် ၈၄၀၊ ၈၆၀ ဒေါ်လာနှုန်းရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် အတွင်း ပြည်ပပို့ ပဲ FOB ဈေးနှုန်းထက် ပြည်တွင်းဒိုင်ရောင်း၊ ဝယ်ဈေးနှုန်းမြင့်မားလာခြင်းဖြစ်ရပ်နှင့် အတူ ပဲကုန်သည် ရှစ်ဦးကို ဘုရင့်နောင်ပွဲရုံ ကုန်စည်ဒိုင်တွင် လုပ်ကိုင်ခွင့်ရပ်စဲခြင်း ရှိခဲ့ပြီး နယ်ပဲကုန်သည်နှစ်ဦး ငွေကြေးအလွဲသုံးစား တိမ်းရှောင်မှုရှိခဲ့သည်ဟု သိရသည်။

ပြည်တွင်းသကြားဈေးနှုန်းမှာ ၂၀၁၂ ဇန်နဝါရီ ၂ ရက်တွင် တစ်ပိဿာ ငွေကျပ် ၉၆၀၊ ၉၈၀၊ ၁၀၁၀၊ ညောင်ဦးဆေးခတ် ထန်းလျက် တစ်ပိဿာ ငွေကျပ် ၆၇၀၊ မန်ကျည်း ဒါးဇင်းတစ်ပိဿာ ငွေကျပ် ၁၈၅၀၊ အသား ၂၈၀၀-၃၂၀၀နှုန်းဖြင့်ဈေးစဖွင့် ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် သကြား တစ်ပိဿာ ငွေကျပ် ၈၅၀၊ ၉၃၀၊ ၉၅၀၊ ညောင်ဦးဆေးခတ်ထန်းလျက် ငွေကျပ် ၉၅၀၊ မန်ကျည်း ဒါးဇင်းအသစ် ငွေကျပ် ၇၅၀၊ အသား ငွေကျပ် ၆၀၀၊ ၈၀၀ နှုန်းဖြင့် ဈေးပိတ်ခဲ့ကြောင်းသိရသည်။

၂၀၁၀ တွင်သကြားတစ်ပိဿာ ကျပ် ၁၇၅၀ နှုန်း၊ ၂၀၁၁ တွင် ညောင်ဦးဆေးခတ်တစ်ပိဿာ ငွေကျပ် ၁၆၀၀ နှုန်း မန်ကျည်းအသား ၃၆၀၀ နှုန်း ရှိခဲ့သော်လည်း ၂၀၁၂ တွင် သကြား၊ ထန်းလျက်၊ မန်ကျည်းဈေး နှုန်းများ မြင့်ခဲ့ခြင်း မရှိခဲ့ပါ။ ၂၀၁၂ အတွင်း ပဲဈေးနှုန်း မကောင်း၍ ပဲစိုက်တောင်သူများ ဝင်ငွေထိခိုက်နိုင်သကဲ့သို့ လှောင်ကုန်သည်များ အကျိုးအမြတ်နည်းခဲ့ကြောင်း၊ သကြား၊ ထန်းလျက်၊ မန်ကျည်းကုန်သည်များလည်း ၂၀၁၂ ရှေ့ပိုင်းနှစ်များ ကဲ့သို့ အကျိုးအမြတ် များပြားစွာ ရရှိခြင်း မရှိကြောင်း၊ ၂၀၁၂ တစ်နှစ်လုံး ခြုံငုံကြည့်လျှင် စားဖိုဆောင်သုံးသီးနှံ အများစု ဈေးနှုန်းမြင့်မားခဲ့ခြင်းမရှိဟု ဆိုနိုင်သည်။

(ခင်ဆိုင်)

ကျန်းမာရေးဝန်ကြီးဌာန

(၄၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ (၇) ရက်မှ (၁၁) ရက်အထိ

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

(၁၅) ကြိမ်မြောက်နိုင်ငံတကာမီးပုံးပျံပွဲတော် မန္တလေးမြို့သို့ လာရောက်ဆင်နွှဲ

မန္တလေး ဇန်နဝါရီ ၂

မြန်မာနိုင်ငံ GOLDEN Express Co., Ltd.နှင့် ဆွစ်ဇာလန်နိုင်ငံမှ BLASER Swisslube Co.,တို့ပူးပေါင်း ကျင်းပသည့် (၁၅) ကြိမ်မြောက် နိုင်ငံတကာ

မီးပုံးပျံပွဲတော်ကို ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ မန္တလေးမြို့ဝန်းကျင်နှင့် တောင်သမန်အင်းဝန်းကျင်တွင် မီးပုံးပျံ ခြောက်လုံးဖြင့် ဆင်နွှဲခဲ့ကြောင်း မစ္စတာ ဘီလစ်ဆာက ပြောကြားသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့အဖွဲ့က တောင်သမန်အင်းဝန်းကျင်မှာ နှစ်ကြိမ်ပျံသန်းခဲ့ပြီး မန္တလေးစွမ်းဟိုတယ်မှ စတင်ပျံသန်းကာ ပုသိမ်ကြီးမြို့နယ် နွယ်နီကျေးရွာမှာဆင်းခဲ့ပါတယ်။ ဇန်နဝါရီ ၁ ရက်မှာ မန္တလေးကနေ ပုဂံကို သင်္ဘောနဲ့ထွက်ခွာခဲ့ပါတယ်။ မြန်မာနိုင်ငံမှသာမက အာရှနိုင်ငံများမှာလည်း ကျင်းပနေပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ်က စတင်ဆင်နွှဲခဲ့ပြီး ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ မုံရွာ၊ ပင်းတယ၊ မြောက်ဦး၊ လွိုင်ကော်နဲ့ မြစ်ကြီးနားမြို့များကို ပျံသန်းခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်က လေထီးအလွတ်ခုန်ဆင်းသူ မစ္စတာပီဘက်က ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးရွာအနီးမှာ ခုန်ဆင်းခဲ့ဖူးပါတယ်။ ကျွန်တော်တို့ အသုံးပြုတဲ့ မီးပုံးပျံကတော့ ဓာတ်ငွေ့ကိုအသုံးပြုပြီး လေတိုက်ရာဘက်ကို သွားရောက်နိုင်ပါတယ်။ လေတိုက်နှုန်းများရင်တော့ ပျံသန်းရခက်ပါတယ်၊ မန္တလေး ပုဂံနဲ့ အင်းလေးဒေသတို့မှာ ပျံသန်းရတာလွယ်ကူပါတယ်"ဟု ပြောကြားသည်။ **တင်မောင် (မန္တလေး)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ဦးအောင်သန်း-ဒေါ်ဌေးဌေး(မိသားစု) အရာရှိပေါင်းများစွာကို မွေးထုတ်ပေးနေသော

ဒေါက်တာစည်သူအောင် (ဦးစီးသည့်)

စွမ်းအား ရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ မန္တလေးမြို့တွင် တန်းခွဲသစ်များ တိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ

နိုင်ငံခြားရေးဝန်ကြီးဌာန၊ တတိယအတွင်းဝန် (၂၅)နေရာ ရိုးရိုးတန်း/အထူးတန်းများ ၅-၁-၂၀၁၃ စမည်)

အင်္ဂလိပ်စာသင်တန်းများ ၅-၁-၂၀၁၃ မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့သင်ကြားမည်။

မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်(၃)ခုလုံးကို စွမ်းအားသင်တန်း၏ အစဉ်အလာကောင်းများနှင့်အညီ သင်ကြားပို့ချပေးမည်။

နေပြည်တော် -အမှတ် ၁၁/၄၉၊ ၄၆၀၊ ဘုရားလမ်းနှင့် ဗိုလ်လကျ်ာလမ်းထောင့်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့။
ဖုန်း-၀၆၇-၂၁၆၁၄၊ ၂၃၆၉၄၊ ၀၉-၈၃၀၂၀၀၉၊ ၄၉၃၂၃၃၁၁၊ ၄၃၀၇၉၁၁၁

မန္တလေး -အမှတ် ၁၁၂၊ လမ်း ၄၀၊ ၇၂×၇၃ လမ်းကြား၊ ဇောတိကုန်း၊ မန္တလေးတက္ကသိုလ်အနီး၊ မန္တလေးမြို့။
ဖုန်း-၀၂-၂၂၇၀၈၊ ၀၉-၉၁၀၂၈၆၇၇၊ ၂၀၄၂၇၇၂

နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ တနင်္သာရီတိုင်းဒေသကြီးတွင် ကျေးလက် လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်း					မှတ်ချက်
		လမ်း(မိုင်/ဖာလုံ)			တံတား		
		ကတ္တရာ	ကျောက်	မြေ	သစ်သား(ပေ)	ရေပြွန်(ပေ)	
၁	တနင်္သာရီတိုင်း ဒေသကြီး	၁၀/၀	၁၃/၀	၂၅/၀	၅၀၀	၃၅၀	

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၁-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ရုံးအမှတ်(၁၄)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များကိုဤဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၄၁၀၊ ၀၆၇-၄၀၉၂၁၀၊ ၀၆၇-၄၀၉၄၄၆ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်

(နေရာကောင်း) ခြံရောင်းမည်

၇မိုင်၊ သလ္လာဝတီလမ်း (ပြည်လမ်းနှင့်နီး) မြေအကျယ် ၉၀၆၀ စ/ပေ၊ ဘိုးဘွားပိုင်၊ အမည်ပေါက်၊ မျက်နှာစာ ပေ ၁၁၀၊ RC-တစ်ထပ်၊ ပါဝါမီတာတစ်လုံး၊ ရိုးရိုးမီတာတစ်လုံး၊ ရေ၊ မီး၊ ဖုန်း၊ ရောင်းဈေး (ညှိနှိုင်း)

ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၅၀၀၄၉၆၊ ၀၉-၇၃၁၆၅၇၈၄

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တွင်
မြေထိန်းနံရံဆောက်လုပ်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တွင် အရှည် ၃၁၁ပေ× အမြင့် ၉ပေ၊ အထု ၉လက်မရှိ ၉လက်မ×၉လက်မ သံကူကွန်ကရစ်တိုင်ပါ အုတ်စီမြေထိန်းနံရံဆောက်လုပ်ခြင်းနှင့်အရှည် ပေ၁၂၇၀ရှိ လက်ရှိအုတ်ခြံစည်းရိုးပေါ်တွင် ၃ပေအမြင့် ၉လက်မထု နံရံမြှင့်တင်ခြင်းလုပ်ငန်းတို့ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ ဗီသုကာပုံစံများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် လိုအပ်သည့် အချက်အလက်များကို ၇-၁-၂၀၁၃ရက်မှ ၁၁-၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။ **သတ်မှတ်ရက်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၄။ အဆိုပါလုပ်ငန်းများအတွက် တည်ဆောက်ရမည့် မြေပြင်အခြေအနေကို ကြည့်ရှုလိုသူများ နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၂-၆၂၉၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊	အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း
ပြန်ကြားရေးဝန်ကြီးဌာန	ငှားရမ်းခြင်းလုပ်ငန်းကော်မတီ
ရုံးအမှတ် (၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၂၀၅	ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇

ဂုဏ်ယူစရာ အာဆီယံအိမ်ရှင်မြန်မာ

ဒေါက်တာ ဥမ္မာလင်း (မော်ကွန်းတိုက်)

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ယူရေး အထောက်အပံ့ဖြစ်စေရန်အတွက်စာရေးသူနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးနှင့် သံတမန်သင်တန်းကျောင်းတွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော သံတမန်ဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံး၊ စစ်မဟာဗျူဟာလေ့လာရေးဌာနမှ ဗိုလ်မှူးကြီးကြည်လွင် ခေါင်းဆောင်၍ ဝန်ကြီးဌာန ၁၉ ခုမှ အဖွဲ့ဝင် ၄၉ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့သို့ရောက်ရှိစဉ် မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့မှ သံအမတ်ကြီး ဦးဆောင်သောအဖွဲ့နှင့် မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားဆက်ဆံရေးနှင့် သံတမန်သင်တန်းကျောင်းမှ တာဝန်ရှိသူများသည် မလေးရှားနိုင်ငံ လေဆိပ်တွင် ကြိုဆို၍ လိုအပ်သည်များကိုပံ့ပိုးကူညီပေးခဲ့သည်။

မြန်မာသံတမန်အဖွဲ့၏ အဓိကရည်မှန်းချက်မှာ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်အား အောင်မြင်ထိ ရောက်စွာဆောင်ရွက်ရာ၌ လက်ခံကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီး အစည်းအဝေးများအား စီမံခန့်ခွဲရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး ကိစ္စများတွင် အထောက်အကူ ဖြစ်စေရန်ပင်ဖြစ်သည်။ ၂၁ရက်ကြာ သံတမန် ဆွေးနွေးပွဲကာလအတွင်း မြန်မာကိုယ်စားလှယ်များအား အင်္ဂလိပ်စာ ကျွမ်းကျင်မှုပိုမိုရရှိစေရန်အတွက် လက်တွေ့ဆွေးနွေး ပို့ချမှုများပြုလုပ်ခြင်း၊ အာဆီယံ အသိုက်အဝန်းထူထောင်ခြင်းနှင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ယူရေးအတွက် မလေးရှားနိုင်ငံ၏ ကြိုတင်ပြင်ဆင်မှုများအား ဆွေးနွေးပို့ချခြင်း၊ မီဒီယာကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးပို့ချခြင်း၊ Protocol တာဝန်နှင့်ပတ်သက်၍ ဆွေးနွေးပို့ချခြင်းနှင့် လက်တွေ့သရုပ်ဖော်ပြသခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကွန်ဖရင့်များကျင်းပခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခြင်း၊ သံတမန်ရေးရာကျွမ်းကျင်မှု ဘာသာစကား၊ Gala Dinner ရိုးရာယဉ်ကျေးမှုများတင်ဆက်ပြသခြင်းနှင့် ညှော်ခံကျွေးမွေးမှု အစီအစဉ်များအား ဆွေးနွေးပို့ချခြင်း၊ အစည်းအဝေးကာလအတွင်း တည်းခိုနေထိုင်ရေး၊ ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် အမျိုးသမီးများအတွက် သီးခြားအစီအစဉ်များအား ဆွေးနွေးပို့ချခဲ့ပါသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များမှလည်း ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူရေးနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားသည့် ကိစ္စများအား ပြန်လည်ဆွေးနွေးခြင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား မိမိကြိုက်နှစ်သက်ရာ Regional Issue ခေါင်းစဉ်တစ်ခုအား ရွေးချယ်၍ တစ်ဦးချင်းအလှည့်ကျ အပိုင်းအလိုက်ဆွေးနွေးပြောကြားခဲ့ပြီး သိရှိလိုသည့်ကိစ္စများအပေါ် မေးမြန်းမှုများအားပြန်လည်ဖြေရှင်းမှုများပြုလုပ်၍ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများအား နမူနာအဖြစ် ဆပ်ကော်မတီ ၁၇ ခုဖြင့် လျာထားမှုများအား အခြေခံ၍ တင်ပြသည့် Simulation Exercises အား အဖွဲ့လိုက် ကျင်းပပြုလုပ်ခဲ့ရာ မလေးရှားအတွင်းရေးမှူးချုပ်ရုံး တာဝန်ရှိသူများမှ ကျေနပ်စွာဖြင့် ဆွေးနွေးအကြံပြုချက်များ ပြန်လည် ပေးအပ်ခဲ့ပါသည်။ ယခုဆွေးနွေးပွဲ ခရီးစဉ်တွင် အတွေ့အကြုံနုနယ်သေးသော အရာထမ်းငယ် အချို့ပါဝင်သော်လည်း အတွေ့အကြုံရှိသော အရာရှိကြီးများနှင့် အလယ်အလတ်အဆင့် အရာထမ်းများမှ ဦးဆောင်ပါဝင်ဆွေးနွေးနိုင်ခဲ့သောကြောင့် အရာထမ်းငယ်များအတွက် များစွာအကျိုးရှိစေခဲ့သည့်အပြင် မလေးရှားနိုင်ငံမှ ဆွေးနွေးပို့ချချက်များသာမက မိမိတို့ဝန်ကြီးဌာန အသီးသီးမှ မြန်မာကိုယ်စားလှယ်အချင်းချင်း အတွေ့အကြုံ ဗဟုသုတနှင့် အလေ့အကျင့်ကောင်းများ ကိုပါ အပြန်အလှန် ကူးလူးဖလှယ်နိုင်ခဲ့ကြပါသည်။ ၂၀၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် အာဆီယံအိမ်ရှင်မြန်မာအတွက် အခြေခံ အုတ်မြစ်ကောင်းများ ချမှတ်နိုင်ခဲ့ကြပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရည်မှန်းချက်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်ဟု ဆိုချင်ပါသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကွာလာလမ်ပူမြို့ရှိ အထင်ကရနေရာများဖြစ်သည့် National Monument, King's Palace, National Mosque, Tourism Cultural Centre,Cocoa Boutique ရှိ ချောကလက်ထုတ်လုပ်သည့် စက်ရုံသို့သွားရောက်၍ လေ့လာခဲ့ကြပါသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အဆင့်ဆင့်ကိုကျော်ဖြတ်၍ တိမ်တိုက်များထိ ထိုးဖောက်လျက်ရှိသော Genting Highland သို့ ဝေဟင်ခရီးကို စက်ဖြင့်စီး၍ ရင်သပ်ရှုမော လှပဆန်းကြယ်သည့် တောင်ပေါ်ရှုခင်းအလှသဘာဝများကို သွားရောက်လေ့လာခဲ့ကြပါသည်။ ဆက်လက်၍ မလေးရှားနိုင်ငံ ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာ Batu Cave သို့ သွားရောက်ခဲ့ရာ ၄င်း၏တန်ဖိုးကြီးထင်ရှားမှု၊ ဆုတောင်းပြည့်မှုတို့နှင့် မလေးရှားနိုင်ငံတွင်မှီတင်းနေထိုင်ကြသော လူမျိုးများ၏ ကိုးကွယ်ယုံကြည်မှုများအား လေ့လာခွင့်ရရှိခဲ့ပါသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပူထရာဂျာရာမြို့ရှိ Putrajaya International Convention Centre (PICC)သို့ သွားရောက်လေ့လာခဲ့ပြီး မလေးရှားအစိုးရရုံးစိုက်ရာပူထရာဂျာရာမြို့ရှိ ဝန်ကြီးဌာန အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဆက်သွယ်ရေးကွန်ရက်များ အခြေတည်လျက် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင်တည် ဆောက်ထားသည့် အထင်ကရနေရာများအား ရေကြောင်းခရီး(Cruise) ဖြင့် လှည့်လည် လေ့လာကြည့်ရှုခဲ့ပါသည်။

မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌ တာဝန်ယူရေးအထောက်အပံ့ဖြစ်စေမည့် သံတမန်များဆွေးနွေးပွဲ ပိတ်ပွဲ အခမ်းအနားနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၅၀ အား ဆွေးနွေးပွဲ အောင်မြင်မှုလက်မှတ်များ (Certificates) ပေးအပ်သည့် အခမ်းအနားအား ကွာလာလမ်ပူမြို့ Swiss Garden Hotel ၌ ကျင်းပရာ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးနှင့် သံတမန်သင်တန်းကျောင်းမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များမှ အခမ်းအနား တက်ရောက်လာသူများအား အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြန်မာ့ရိုးရာသကြန်အကများ၊ ရှမ်းရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မလေးရှားနိုင်ငံမှ မလေးရှားတိုင်းရင်းသားရိုးရာအကများဖြင့် ပြန်လည်ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။ ထို့နောက် မလေးရှားတိုင်းရင်းသား၊ တိုင်းရင်းသူလေးများ နိုင်ငံခြားဆက်ဆံရေးနှင့် သံတမန်သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် မလေးရှားရိုးရာသီချင်းအား သီဆိုတီးမှုတ်၍ ချစ်ခင်ရင်းနှီးစွာအတူတကွ ကပြဖျော်ဖြေခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် အာဆီယံဥက္ကဋ္ဌ တာဝန်ယူပြီး အစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရခြင်းသည် မြန်မာနိုင်ငံ၏ ဂုဏ်ကိုဖော်ဆောင်စေနိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံတကာမှ စိတ်ဝင်စားမှုရှိနေသည့် အစိုးရသစ်လက်ထက်တွင် အပြုသဘောဆောင်သည့် တိုးတက်အောင်မြင်မှုများကို ထင်သာမြင်သာရှိစေမည့် အခွင့်အလမ်းတစ်ခုအဖြစ် "ဂုဏ်ယူစရာ အာဆီယံအိမ်ရှင်မြန်မာ" ဟူ၍ တင်ပြလိုက်ရပါသည်။ ။

ဆောင်းပါးနှင့် နယ်သတင်း

ကချင်ပြည်နယ်၌ ကိုယ်အင်္ဂါမသန်စွမ်းသူများ နှစ်ပတ်လည်နေ့ မြစ်ကြီးနားမြို့တွင်ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂

ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်နေ့အခမ်းအနားနှင့်မသန်စွမ်းသုံး အထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းအထွေထွေအတွင်းရေးမှူး ဦးအေးကိုကိုက အသင်း၏ ဆောင်ရွက်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မိသားစုများ၏သားသမီးများအား ပညာသင်စရိတ် ငွေကျပ်တစ်သိန်းသုံးသောင်း၊ မသန်စွမ်းသုံး Wheel Chair ခြောက်ခု၊ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူထံမှ ပေးပို့လှူဒါန်းသော ချိုင်းထောက်အစုံ ၂၀ ကို တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းသို့ အလှူငွေများ ပေးအပ်ရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူနော်က ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ငွေကျပ် ငါးသိန်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်က ငွေကျပ်ငါးသောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဇနီးတို့က ငွေကျပ်တစ်သိန်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်က ငွေကျပ် ငါးသောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၁၀ သိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးက ငွေကျပ် ငါးသောင်း၊ ရန်ကုန်မြို့ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူက ငွေကျပ် ၁၀ သိန်း၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးဂျီဖုံးဆောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပထမအကြိမ် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည် အပူဇော်ခံပွဲကြီးကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကိန်းဝပ်စံပယ်သည့် သာသနာ့ဗိမာန်တော်ကြီးမှ မြို့ပေါ်ရပ်ကွက်များကို လှည့်လည် အပူဇော်ခံကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဘုန်းကြီးလမ်း စံပြမှတ်တိုင်အနီး ယာဉ်ဆင့်ကဲတိုက်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က ဒညင်းကုန်း-ဆူးလေ ပြေးဆွဲလျက်ရှိသော (၂၂၆) အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၆ခ/ ---ခရီးသည်တင်ယာဉ်သည် ဒညင်းကုန်းမှ ဆူးလေသို့ မောင်းနှင်လာရာ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း စံပြမီးပွိုင့်အနီးတွင် အခြားယာဉ် ရှစ်စီးကို ဆင့်ကဲဝင်ရောက်တိုက်မိမှု ဖြစ်ပွားခဲ့သည်။ထိုသို့ ဖြစ်ပွားခဲ့မှုကြောင့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သိရသည်။ **(အောက်ပုံ)** (ဝဇ၃)

လင်းရောင်ခြည်စာကြည့်တိုက် စာအုပ်ပြပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထုအသိပညာဗဟုသုတကြွယ်ဝမြင့်မားစေရန် ရည်ရွယ်၍ ရွှေပြည်သာမြို့နယ် အမှတ် (၁၉) ရပ်ကွက် လင်းရောင်ခြည်စာကြည့်တိုက်၌ ဒီဇင်ဘာ ၂၇ ရက်က ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲ၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၁၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက ပြည်သူများစာပေဖတ်ရှုကြရေးနှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန် တိုးတက် ခိုင်မာရေးကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကလေးများက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ပုံပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ကဗျာရွတ်ပြိုင်ပွဲမှ ပထမဆုရရှိသူ မောင်ချမ်းငြိမ်းအောင်၊ ဒုတိယဆုမဇာခြည်ထွန်း၊ တတိယဆု မခင်စန္ဒာထက်တို့က ရရှိသည်။ ပုံပြောပြိုင်ပွဲတွင် ပထမဆု မရွှေရည်ဖူးပွင့်အောင်၊ ဒုတိယဆုမောင်မျိုးဇော်သိန်း၊ တတိယဆု မလင်းလင်းသန့်တို့ ရှိကြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက ဦးအောင်ကျော်စိုး (ရွှေဘို) က ပြိုင်ပွဲဝင်ကလေးငယ်များအား ပတ္တမြားတစ်ပွင့်စီ ဆုချီးမြှင့်ပေးပါသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ဆမ္မဆယ်စိုက်ကွင်းငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာအုပ်စုနှင့် သုံးဆယ်ကျေးရွာအုပ်စုအတွင်း ကွင်းအမှတ် (၁၃၄/၁၃၅)၌တည်ရှိသည့် ဆမ္မဆယ်စိုက်ကွင်း (၁၉၈ဒသမ ၁၈က)အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၃-၁-၂၀၁၃ (ကြာသပတေးနေ့)(ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၁-၂၀၁၃ (တနင်္လာနေ့) ညနေ ၄နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်(၁)အလုပ်ရုံ (ဗိုလ်တထောင်)

ဖုန်း-၀၉-၇၃၀၀၄၉၂၃၊ ၂၉၁၃၁၃၊ ၂၉၁၃၁၄
အောက်ပါသင်တန်းများ ၁၁-၁-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။

၁။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း
၂။ တွင်ခုံဖောက်ခုံသင်တန်း
၃။ အခြေခံ သံဂဟေဆက် 3G,4G,GAS CUTTER

လမ်းညွှန် - ၃၂၊ ၃၄၊ ၃၅၊ ၅၇၊ ၄၈၊ ၁၇၉၊ ၂၁၀၊ သန်လျင်ကားများစီး၍ မဟာဗန္ဓုလ တံတားအနီး (Ocean) မှတ်တိုင်တွင်ဆင်းပါ။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်မေမေ ဒေါ်မြကြည်
(မြို့သစ် ၃ လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့)

ချစ်မိခင်ကြီးရဲ့ ကျရောက်တဲ့ (၈၁)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်း (၁၂၀)တိုင် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နာကြားရင်း အသက်ရှည်ရှည် ကုသိုလ်ရရ ကျန်းမာစွာ လျှောက်လှမ်းနိုင်ပါစေ-

သမီးကြီး-အေးအေးမာ
ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်

စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ရုံးအမှတ်(၃၇)၊ နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံ(၅)ရုံမှ အသုံးမလို ပိုလျှံစက်ပစ္စည်းများအား ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၄-၁-၂၀၁၃ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် စက်ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၅

အထက(၂) မအူပင် မြတ်ဆရာပူဇော်ပွဲ

မအူပင်မြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် နံနက် ၁၀နာရီတွင် အထက(၂) ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရည်နို့သောက်စို့ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက **မအူပင်မြို့မှ** ဦးကြင်ဝင်း ဖုန်း-၀၉-၈၅၈၅၃၇၅၊ ဦးလှမြင့်စိုး ဖုန်း-၀၄၅-၃၁၀၇၂၊ ဦးနိုင်ဇော်လင်း ဖုန်း ၀၉-၄၉၇၅၃၁၇၀၊ ဦးကျော်အောင် ဖုန်း-၀၉-၄၉၇၅၁၈၀၇၊ ဒေါ်ငွေငွေ ဖုန်း ၀၉-၄၉၇၅၂၂၁၃၊ ဒေါ်သောင်းနုရီ ဖုန်း-၀၉-၈၅၈၅၇၈၀၊ ဒေါ်အိမော်စိုး-၀၉-၈၅၈၅၃၆၁၊ **ရန်ကုန်မြို့မှ** ဦးသန်းစိုး ဖုန်း-၀၉-၄၂၀၀၉၄၂၀၇၊ ဦးစိုးသိန်း-ဒေါ်ယဉ်ယဉ်ငွေ (နန်းထိုက်စံ-နေပြည်တော်)ကားဂိတ် ဖုန်း ၀၉-၅၅၀၀၇၂၂၊ ၀၉-၈၆၂၆၇၂၂တို့သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ ၁၁-၁-၂၀၁၃ရက် ည ၉နာရီ ကားနှင့် နေပြည်တော်မှ ရန်ကုန်သို့၊ ၁၂-၁-၂၀၁၃ရက် ရန်ကုန်မှ မအူပင်သို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြေးသွန်းဘုရားရှေ့မှ နံနက် ၇နာရီတွင် နန်းထိုက်စံကားမှ အခမဲ့ပို့ဆောင်ပေးပါမည်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် ၃၄ လမ်း(အလယ်လမ်း)၊ အမှတ် (၁၁၆)၊ ပထမထပ်နေ ဦးကျော်စိုး ၁၂/ကတတ(နိုင်)၀၀၄၉၂၅ ကိုင်ဆောင်သူ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်လမ်း)ရှိ အမှတ် ၂၄၂၊ ဒုတိယထပ်(ညာ)အခန်းကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်မရှိပါက ပေးချေရန်ကျန်ငွေများကို အပြီးသတ်ပေးချေပြီး တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ဆွေ LL.B,. D.B.L, D.I.L
အထက်တန်းရှေ့နေ (စဉ်-၃၂၂၈၉)
အမှတ် ၁၇၈၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၁၅၀၇

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
သတ္တမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပဉ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပဉ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့နှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပဉ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမနှစ် အင်ဂျင်နီယာဘွဲ့စာမေးပွဲများနှင့် ဘွဲ့လွန်ဒီပလိုမာ (အချိန်ပြည့်၊ အချိန်ပိုင်း) စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ **ကျင်းပမည့်ရက်** - ၂-၂-၂၀၁၃ရက် (စနေနေ့)
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ကျင်းပမည့်အချိန် - နံနက် ၈:၀၀ နာရီ
အစမ်းလေ့ကျင့်မည့်ရက် - ၁-၂-၂၀၁၃ရက် (သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၈:၀၀ နာရီ

၃။ ဘွဲ့လျှောက်လွှာပုံစံများကို နှစ်လအတွင်း ရိုက်ကူးထားသော ၂လက်မ×၁½လက်မအရွယ် ဓာတ်ပုံသုံးပုံနှင့် မှတ်ပုံတင်မိတ္တူတစ်စုံ ပူးတွဲ၍ ၁၁-၁-၂၀၁၃ရက် နောက်ဆုံးထားပြီး ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူဖြည့်စွက် လျှောက်ထားနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၅။ ဘွဲ့ဝတ်စုံထောက်ခံစာများကို ၂၈-၁-၂၀၁၃ရက်၊ ၃၁-၁-၂၀၁၃ရက်မှစ၍ ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်(ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၅၆-၂၂၁၇၉ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မှူးမှူးဝင်းရှိန်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန

အမည်ပြောင်း

ဦးမောင်မြင့်၏သမီး မနှင်းမြင့်သက် ၈/ပခက(နိုင်)၁၅၉၉၇၈အား ယနေ့မှစ၍ မရည်မွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်၆လမ်း၊ အမှတ် ၉၄ နေ ဦးကင်းစင်း၏သား ဦးတင်အောင်သန်း ၁၂/လမန(နိုင်)၁၁၈၆၄၃ အား ယနေ့မှစ၍ ဦးတင်ငွေးဟု ပြောင်းလဲခေါ်ပါရန်။ **ဦးတင်ငွေး**

ခြံရောင်းမည်

ကုန်းတလပေါင်၊ လန်ဒန်စက်ရုံရှေ့၊ အမှတ်(၃)လမ်းမကြီးအနီး၊ အဆောက်အဆောက်ရန်သင့် ပေ(၅၀×၁၀၅)ကျပ်သိန်း၂၆၀။
ဖုန်း-၀၉-၇၃၂၂၅၃၇၄၊ ၀၉-၇၃၂၃၃၅၇၀

ဝယ်လိုသည်

- လေလံအပ်ကား
- ကားအပ်ပြီးစလစ်
- န၊ ပ၊ ဗ၊ ဘ အပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

ကျိုက်ထီးရိုး (နေ့စဉ်)
OASIS
ချောင်းသာ (နေ့စဉ်)
09 503 8616, 09 5012452, 09 7310 3031

ဦးဇော်လင်း
(B.A) Korean (YUFL)၏
Ph : 09 400475420, 09 47113848

နိုင်ငံတော်အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ
နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး
ဈေးနှုန်း အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာခြင်း
တင်ဒါအမှတ်-၀၂ (အရဆ)/၂၀၁၂-၂၀၁၃

၁။ နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီမှ နိုင်ငံတော်အရန်ဆန်များကို (ဒုတိယအကြိမ်)ထပ်မံဝယ်ယူမည်ဖြစ်ပါသဖြင့် ကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ကျပ်ငွေဖြင့် ရန်ကုန်မြို့ရှိ သိုလှောင်ရုံများအရောက် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **ဝယ်ယူမည့်အမျိုးအစား** - ဧည့်မထ ၂၅ % (ပြည်ပတင်ပို့အဆင့်မီ)
(ခ) **ဝယ်ယူမည့်အရေအတွက်** - ၃၀၀၀၀ တန်ချိန်

၂။ ဈေးနှုန်းအဆိုပြုလွှာကို ၁၀-၁-၂၀၁၃ရက် မွန်းလွဲ ၁၃:၀၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(ရုံးချုပ်)သို့ပေးပို့ရန် ဖြစ်ပါသည်။ ဈေးနှုန်းအဆိုပြုလွှာများကို ၁၀-၁-၂၀၁၃ရက် မွန်းလွဲ ၁၄:၀၀ နာရီတိတိတွင် တင်ဒါအဆိုပြုသူများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက် ကြေညာမည်ဖြစ်ပါသည်။ တင်ဒါစည်းကမ်းချက်များကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ရုံးခန်းတွင်ဖြစ်စေ Facebook-Myanmar Rice Mrf တွင် ဖြစ်စေ ရယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် မီတာစာရေးများကို သတ်မှတ်ဝတ်စုံချုပ်လုပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူခြင်းအား တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ပြင်ဆင်ထား၍ တင်ဒါပေးသွင်းလိုသူများအနေဖြင့် အချိန်မီပေးသွင်းသွားစေလိုပါသည်-

တင်ဒါပိတ်မည့်ရက် - ၁၁-၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းလွဲ ၂ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁၄-၁-၂၀၁၃ ရက်
တင်ဒါဖွင့်မည့်အချိန် - နံနက် ၁၁ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ဘဏ္ဍာရေးဌာန၊ ရန်ကုန်မြို့
၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း-၂၂၇၆၂၇၊ ၂၁၅၀၄၀

အမည်ပြောင်း

ဦးလှကြည်၏သမီး အလက ၄ မင်္ဂလာဒုံ အင္ဂမတန်း(B)မှ မထူးရွှေစင်အား မထက်ထက်ဝင့်ဟု ပြောင်းလဲခေါ်ပါရန်။

မင်းကျော်ဝင်း
နုပျိုချင်သလား ... ပြေးပါ

ဦးကျော်ငွေ
သားသမီးမွေးစားခြင်းနှင့်
သားသမီးများအမွေဆက်ခံရေး
(ထွက်ပါပြီ)

ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်ပဆက်သွယ်ရေးဌာန၏ အပြည်ပြည်ဆိုင်ရာအိတ်ချိန်းအတွက် အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

စဉ်	လုပ်ငန်း	အရေအတွက်
၁။	150 KVA Generator ဝယ်ယူခြင်း	၁ လုံး
၂။	150 KVA AVR ဝယ်ယူခြင်း	၁ လုံး
၃။	Power Cable ဝယ်ယူခြင်း	၅၀၀ မီတာ
၄။	CCTV System တပ်ဆင်ခြင်း	1 Set
၅။	Fire Alarm System တပ်ဆင်ခြင်း	1 Set
၆။	စက်ခန်းပြင်ဆင်ခြင်း	1 Lot

အိတ်ဖွင့်တင်ဒါအချက်အလက်များကို ၇-၁-၂၀၁၃ရက်မှ ၁၁-၁-၂၀၁၃ရက်အတွင်း အင်ဂျင်နီယာချုပ်ရုံး၊ ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်း၊ (၈)မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းတွင် တစ်စောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၁၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ/၁၆၊ မြေကွက်အမှတ် ၅၃၆၊ မြေကွက်တည်နေရာ ဃ/၁၆ ရပ်ကွက်၊ မြေကွက်အမှတ် ၅၃၆၊ ရွှေပြည်သာမြို့နယ်၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြီးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြီး ၃/ကဆက(နိုင်)၀၀၂၅၄၄ကိုယ်တိုင်က ပါမစ်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းကို ရပ်ကွက်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊အိုင်ကလောင်ကျေးရွာနေ ဦးမြထွန်း-(ဒေါ်သန်းရီ)တို့၏သားထွေး

မောင်မြတ်ဖြိုးအောင် B.A(Mechatronics)

ဦးစီးအရာရှိ(စက်မှု)၊ ဆည်မြောင်းဦးစီးဌာန

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းနေ
(ဒေါက်တာဦးမြင့်သိန်း) ပါမောက္ခ(ငြိမ်း) ရူပဗေဒဌာန(မန္တလေးတက္ကသိုလ်)-
(ဒေါက်တာဒေါ်မြရွှေ) လ/ထဆရာဝန်(ငြိမ်း) မန္တလေးတက္ကသိုလ်ဆေးရုံတို့၏သမီးလတ်

ဒေါက်တာကေသီမြင့်သိန်း M.B.,B.S(Mdy)

တို့၏ ၂၉-၁၂-၂၀၁၂ရက်တွင် ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ကျင်းပသော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ကူညီပေးသော နှစ်ဖက်သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်မြတ်ဖြိုးအောင်-ဒေါက်တာကေသီမြင့်သိန်း

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉ သုဝဏ္ဏ(တန်ဖိုးနည်း)၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ် ၃၃၊ ကမာကြည်လမ်းမကြီး၊ ပိတောက်လမ်းသွယ်၊ (၂၉)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်အုံးအမည်ပေါက် နှစ်ဖ၀ဂရန်မြေအား အမည်ပေါက် ဒေါ်အုံး (မိခင်)နှင့်ဦးညွန့်တင် (ဖခင်)တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ခင်မြင့်မြင့် ၇/ပခန(နိုင်)၀၀၆၉၄၀၊ (၂)ဒေါ်အေးသိန်း ၁၂/ကတတ(နိုင်) ၀၀၈၁၅၈တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သန်လျင်အထက(၁) (၂၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

သူငယ်ချင်းဟောင်းအပေါင်းတို့-

ငယ်ကကျောင်းကို ပြန်ပြောင်းတွေးတော့ ဆွေးသလိုလို၊ ငယ်ကဆရာတွေ စိတ်ကရှိနေသော်လည်း ဘ၀ပေးမို့ ဝေးသလိုလို၊ "ဝေး" ကာလညောင်းတဲ့ ဒို့ဆရာဟောင်းတွေပြန်တွေ့ချင်မှာပေါ့၊ "ဆွေး"သလိုလိုရှိတဲ့ငယ်ပေါင်းဆွေတွေ ပြန်ဆုံချင်မှာပေါ့။ ခုံခုံမင်မင် ကြည်ကြည်နူးနူး ပြန်လည်ဆုံတွေ့ခွင့်ရဖို့ ၁၂-၁-၂၀၁၃ ရက် (စနေနေ့) နံနက် ၈ နာရီ အမိကျောင်းတော်ကြီးမှာ ဒို့တစ်တွေ အာစရိယပူဇော်ပွဲ ပျော်ပျော်ကြီး ဆင်နွှဲကြပါစို့။ အလှူငွေများကို **ဦးတင်ဝင်း ဖုန်း-၀၅၆-၂၁၃၃၇၊ ဒေါက်တာဦးဝင်း ဖုန်း-၀၅၆-၂၂၅၄၂၊ ဦးမောင်မောင်တိုး ဖုန်း-၀၉-၅၀၁၁၇၀၇၊ ဦးစိန်လွင် ဖုန်း-၀၉-၅၁၂၇၀၅၉၊ ဦးမြင့်ထူး ဖုန်း-၀၅၆-၂၁၂၄၇၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၁၅၂၉၅၅၊ ဦးကြည်မင်း ဖုန်း-၀၉-၅၀၅၉၅၈၄၊ ဦးမျိုးအောင် ဖုန်း-၀၅၆-၂၂၉၆၈၊ ဦးအောင်အောင်တင့် ဖုန်း-၀၉-၄၂၀၁၃၀၀၇၄**တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-D၊ မြေကွက်အမှတ် ၄၃၉-စီ/၁-အေ ၊ ဧရိယာ ၀ ဒသမ ၁၅၁ ဧက၊ မြေပိုင်မြေအမျိုးအစားမြေပေါ်ရှိ အမှတ် ၉-B၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမင်းညီ ၁၂/ကမရ(နိုင်)၀၃၅၇၅၄ အမည်ပေါက်ပြီး ပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ်အမှတ် ၅၂၀၇/၂၀၁၁(၃၁-၈-၂၀၁၁)အရ ဒေါ်သီတာမင်း ၁၂/ကမရ(နိုင်)၀၃၅၇၁၉ မှ ပိုင်ဆိုင်လျက်၄င်း၏မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၇၇၂/၁၂(၃၁-၈-၂၀၁၂)ရရှိသူ ဦးကျော်စွာလှ ၁၂/ကမရ(နိုင်) ၀၅၈၉၁၈ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး (စဉ်-၃၂၃၅)	**ဦးသန့်ဇော် (စဉ်-၇၃၄၁/၀၅)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်ကွန်ဒို၊ အမှတ်(60-E)၊ ခြောက်လွှာ၊ အကျယ်အဝန်း စတုရန်းပေ ၁၂၅၀ ရှိ ကွန်ဒိုတိုက်ခန်းနှင့် တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော ရေ၊ မီးအပါအဝင် ဝင်ထွက်သွားလာခွင့်မှစ၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်သဇင် ၆/ကသန(နိုင်)၀၄၁၀၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်လတ် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၃၃၆၁)
အမှတ် ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၃၀၆၅၅၀
Land & Houses Co., Ltd.
ဖုန်း-၀၉-၇၃၂၂၂၆၃၊ ၀၉-၇၃၂၂၂၇၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီး၊ လေးဒေါင့်ကန်ရပ်ကွက်၊ တိုက်အမှတ် ၆၆၊ ခြောက်ထပ်တိုက်(ခြောက်လွှာ-ဘီ)၊ (ခြေရင်းဘက်ခြမ်း)ရှိ တိုက်ခန်းအား လက်ရှိနေထိုင်ပိုင်ဆိုင်သော ဦးသန့်ဇော်ထူး ၁၂/ဥကတ(နိုင်)၁၅၁၀၀၆ထံမှ ဝယ်ယူရန် ၂၈-၁၂-၂၀၁၂ ရက်စွဲပါ စာချုပ်အရ စရန်ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်ရှိသူများ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများပေးချေပြီး အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ရွှေရွှေဝင်း	**ဒေါ်သန္တာလွင်**	**ဒေါ်နီလာလွင်**
၁၂/ဥကတ(နိုင်)၀၅၁၁၃၈	**၁၂/ဥကတ(နိုင်)၁၅၆၇၃၇**	**၁၂/ဥကတ(နိုင်)၁၇၀၆၀၂**

အမှတ် ၅၉၉၊ ကေတုမတီ ၁၈ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၃၁၄၆၆၊ ၀၉-၄၄၈၅၄၂၅၆၊ ၀၉-၄၂၁၀၀၆၈၇၆

ကြော်ငြာ

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့နေ
ဦးသန်းထွေး၊ သမဝါယမဝန်ကြီးဌာန(ငြိမ်း)-ဒေါ်စန်းစန်းကြည်တို့၏သား

မောင်ဟန်ကိုအောင်

B.A (Geography), B.Ed (1 st year),

Diploma in Education (Ryukyus University, Okinawa, Japan

ကျောင်းအုပ်ကြီး၊ အမက-နုံးအင်းကုန်း)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်နေ
ဦးနု [ဒုတိယညွှန်ကြားရေးမှူး(ပညာ)ငြိမ်း-(DBE-3)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်]-
ဒေါ်နုနုကြည် [ဦးစီးအရာရှိ(ငြိမ်း)(DEPT)]တို့၏သမီး

မမေစံပယ်ဖြူနု

B.Sc (Physics), M.Ed, Ph.D (Thesis II),

Diploma in Education (Tokyo Gakugei University, Tokyo, Japan)

အထက်တန်းပြ၊ အထက(၁)ဒဂုံ

တို့၏ ၂၅-၁၂-၂၀၁၂ရက် (ခရစ္စမတ်နေ့)တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စိန်ရတုခန်းမ၌ ကျင်းပသည့် မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဦးမြညိမ်း ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဦးမြင့်ဆွေ ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဦးစိန်တင်ဝင်း ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဦးတင်အောင် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်နှင့်ပညာရေးဝန်ကြီးဌာန၊ ပညာရေးတက္ကသိုလ်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ ပညာရေးမိသားစုဝင်များ၊ အထက(၁)ဒဂုံနှင့် အထက(၃)ဗိုလ်တထောင်မှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာဆည်ခံပွဲသို့ မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော မိတ်ဆွေသင်္ဂဟများ နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဟန်ကိုအောင်-မမေစံပယ်ဖြူနု

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁၂-၂၀၁၂ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(က)ပါ မင်္ဂလာ ကျေးဇူးတင်လွှာမှ **မေတ္တာဖြင့် ကူညီပေးပါသော အပျိုတော် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော**အစား အပျိုတော် မဆုရည်ကျော်၊ မအတာလွင်၊ မမီမွန်ကို၊ မဂျူလိုင်ဖြိုး၊ မမေသူချို၊ မေတ္တာဖြင့်သတို့သားအရံ၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသောဟု ပြင်ဆင်ဖတ်ရှုပါရန်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ပုလဲလမ်းနေ ဒေါ်ခင်လေး ၅/ကလထ(နိုင်)၀၈၄၇၂၂၏သမီး မမြင့်မြင့်ဌေး ၅/ကလထ(နိုင်) ၁၁၇၂၉၃ သည် မိခင်ကြီး၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ကာ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။

ဒေါ်ခင်လေး(မိသားစု)

ကြော်ငြာ

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်) ဗိုလ်မှူး ဒေါ်ခင်မြတ်ငြိမ်း(ငြိမ်း) အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၂၂ နေ ကန်တော့ခံရာသက်ပန်အသင်းဝင်(ရာ-၈၀၇)သည် ၂၈-၁၂-၂၀၁၂ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၁၂ ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၀၃/ခ၊ မြေကွက်တည်နေရာအမှတ် ၅၀၃/ခ၊ ဇာနည် ၁၅ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ပုအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ပုနှင့် ခင်ပွန်းဦးမောင်ချို ကွယ်လွန်သဖြင့် ဒေါ်ခင်ချိုဦး ၁၂/ဥကတ(နိုင်)၀၂၇၆၉၅၊ ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၀၂၉၁၁၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

မခင်လေးရီ ၁၂/အစန(နိုင်)၁၈၇၃၆၀ ၏ ဖခင်အမည်မှာ ဦးထွန်းရင်(ခ)ဦးမောင်ပိုက် တစ်ဦးတည်းဖြစ်ပါသည်။

ဦးထွန်းရင်(ခ)ဦးမောင်ပိုက်
၁၂/အစန(နိုင်)၁၃၇၆၉၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်ဇေလွင် ၁၂/ကတတ(နိုင်)၀၂၅၅၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် A-၂၆၉၆၉၁ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၀၁၅၂၃၀၂၁

ဦးရမ်ချန်ဒါ(ဖေယျာဝတီမြို့) အသက်(၉၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖေယျာဝတီမြို့၊ ညောင်ပင်သာကျေးရွာနေ (ဦးရမ်ပရာဆပ်-ဒေါ်ဂံဂါဓာလီ)တို့၏သား၊ ရန်ကုန်မြို့၊ တိုက် ၁၀၊ အခန်း ၁၀၄၊ ၅၄ လမ်း(လမ်းတို)၊ ပုဇွန်တောင်မြို့နယ်နေ(ဒေါ်ရာဂျ်ဘာစီယာဒေဝီ)၏ခင်ပွန်း၊ ဦးဘဂဝန်ဒါတ်စ်-ဒေါ်ဆီမရိခ်ယာ၊ ဦးရမ်ဒါတ်စ်(Chairman-Pharmaceutical Products Ltd.)-ဒေါ်ရှန်သီ၊ ဦးမင်းဟန်(Managing Director-Golden Hawks Int'l Ltd.)-ဒေါ်အေးအေး၊ ဦးရာမေရှ်(Sun Flower Paint Brush Ind. and Hardware Trading)-ဒေါ်နိသာ၊ ဒေါ်ကူန်သီ-ဦးဂျဝါဟာရ်လာလ်(တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ ဦးစီရီနိဝပ်စ်(ခ)ဦးဆန်နီ (Director-Golden Hawks Int'l Ltd.)-ဒေါ်ပါရ်သီဘာကူမာရီတို့၏ဦးလေး၊ ဦးလှမင်း (Director-Golden Hawks Int'l Ltd.)-ဒေါ်ယမင်းဝင်းသန့်၊ ဦးစုနီဒါတ်(Director-Golden Hawks Int'l Ltd.)-ဒေါ်ရှီလာ၊ ဒေါ်စုရေခါ-ဦးအောင်လွင်၊ မစန္ဒာ၊ မမေဇင်အေး၊ မစိန်မာလာ-ဦးစုရေရှ်၊ မမြင့်မြင့်အေး-ဦးစယာမ်၊ ဦးမျိုးမြင့်-ဒေါ်ဘောဒီအောင်၊ ဦးထွန်းနိုင်-မဇင်မာသန့်၊ ဦးဘီနို(ဒ်)ကူမား၊ ဦးရာဂျ်ကူမား၊ ဦးနိကေရှ်ကူမား-ဒေါ်စီမာ၊ မကျိသရာ၊ မစုနိသာ၊ မအနိသာ၊ မစန်ဂီသာ၊ မကျန်ဒါ၊ ဦးဆန်ဂျေးကူမား၊ ဦးအာရွန်ကူမား၊ ဦးပရာဘိန်ကူမား၊ ဦးမွန်နီနာ၊ မဆာဘိသာ၊ မပူနာမ်တို့၏အဘိုး၊ မြစ် ၂၆ ယောက်တို့၏ ဘိုးဘိုးကြီးသည် ရန်ကုန်မြို့ ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ၃၀-၁၂-၂၀၁၂ရက် ည ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ဖေယျာဝတီမြို့၊ ညောင်ပင်သာရွာ၌ မီးသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

၂၃-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်ခဲ့သော မိခင်ကြီး ဒေါ်ခင်ခင်ငယ် အသက်(၇၈)နှစ် နာမကျန်းဖြစ်စဉ်အတွင်း အထူးဂရုစိုက်ကြပ်မတ်ကုသပေးခဲ့ကြသော ဗဟိုစည်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာဆရာမများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်(ICU)မှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာဆရာမများအားလည်းကောင်း၊ အဘက်ဘက်မှ အကူအညီအမျိုးမျိုးပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ ကွယ်လွန်သူအားရည်စူး၍ သင်္ကန်းအစုံ ၂၀၀ခန့် လှူဒါန်းပေးခဲ့ကြသော ဌာနအသီးသီးနှင့် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ၊ တပည့်ဟောင်းများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ အထူးသဖြင့် ခုနစ်ရက်လုံးလုံး လူအား၊ ပစ္စည်းအားဖြင့် အစစအရာရာ ဂရုတစိုက်ကူညီပေးခဲ့ကြသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးဝန်ထမ်းများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

သန်လျင်နာရေးကူညီမှုအသင်းမှ ဦးမြင့်စိုး(တွဲဖက်အတွင်းရေးမှူး-၂) ဥက္ကဋ္ဌ၊ မော်တော်ယာဉ်ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ-ဒေါ်သန်းသန်းထိုက်တို့၏မိခင် ဒေါ်ခင်မြ အသက်(၉၀)သည် ၂၆-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
သန်လျင်နာရေးကူညီမှုအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း ဒေါ်ခင်ခင်ငယ် အသက်(၇၈)နှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဒေါက်တာသိင်္ဂီကျော်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်ငယ်သည် ၂၃-၁၂-၂၀၁၂ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
ပြည်နည်းပညာတက္ကသိုလ်

ကွယ်လွန်ခဲ့ပြီးသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်မမစိုးအား အဘက်ဘက်မှကူညီပေးခဲ့ကြသောသူများအား ကျေးဇူးတင်လွှာ

၂၅-၁၂-၂၀၁၂ရက် ည ၈နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်ခဲ့ပြီး ၂၇-၁၂-၂၀၁၂ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးခဲ့သော ရန်ကုန်စက်မှုတက္ကသိုလ် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ တွဲဖက်ပါမောက္ခနှင့် ကထိက(ငြိမ်း) ဒေါ်ခင်မမစိုးအား ၂၀၀၇ခုနှစ် ရင်သားကင်ဆာရောဂါခံစားရချိန်မှ ကွယ်လွန်သည့်ရက်အထိ အစစအရာရာ ကူညီပံ့ပိုးပြုစုပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူ ရဟန်းရှင်လူပုဂ္ဂိုလ်တို့အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) စင်ကာပူနိုင်ငံတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီခဲ့ကြသော မိတ်ဆွေများ၊ အင်ဂျင်နီယာများ၊ ငါးနှစ်တာအတွင်း ဆရာမအား မိဘသဖွယ် နွေးထွေးစွာပြုစုအားပေးခဲ့ကြသော ဆရာမ၏ ချစ်တပည့်များအားလုံးကိုလည်းကောင်း၊
(၂) ရွှေဂုံတိုင်ဆေးရုံကြီးရှိ စေတနာမေတ္တာဖြင့် နောက်ဆုံးအချိန်ထိ အနီးကပ်ကြီးကြပ်ကုသပေးခဲ့သော ပါမောက္ခဒေါက်တာဦးဆန်းလွင်၊ တာဝန်ကျဆရာဝန်များနှင့် သူနာပြုများအားလည်းကောင်း၊
(၃) မိသားစုကဲ့သို့ မေတ္တာရှေ့ထား၍ ရန်ကုန်မြို့တွင်သာမက စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ လိုက်ပါအနီးကပ်ပြုစုပေးခဲ့သော ညီနှင့်ညီမ ကိုမျိုးနှင့်မချို့နွယ်တို့အားလည်းကောင်း၊
(၄) ဆေးကုသစဉ်ကာလအတွင်း ကူညီစောင့်ရှောက်ခဲ့ကြသော နှစ်ဖက်သောမိဘ၊ မောင်ဘွား၊ ဆွေမျိုးညီအစ်ကိုမောင်နှမများအားလည်းကောင်း၊
(၅) ရန်ကုန်တွင် အချိန်မရွေး လာရောက်အရေးပေါ်အကူအညီများ အကြိမ်ကြိမ်ပေးခဲ့ကြသော ဆက်သွယ်ရေးမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊
(၆) ပြည်တွင်း၊ ပြည်ပမှ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းကြသော ဆွေမျိုးမိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊
(၇) နိုင်ငံရပ်ခြားသို့ဆေးကုသရေးအတွက် ခင်ပွန်းသည်လိုက်ပါနိုင်ရန် နှစ်စဉ်ခွင့်ပြုပေးခဲ့သော ဆက်သွယ်ရေးဝန်ကြီးအားလည်းကောင်း၊
(၈) စင်ကာပူတွင်ဆေးကုသစဉ် နွေးထွေးစွာအနီးကပ်ပြုစုခဲ့ကြသော ညီနှင့်ညီမ ကိုတင်မောင်မောင်စိုးနှင့် မနွယ်နီတို့အားလည်းကောင်း၊
(၉) သတင်းစာအသီးသီးမှ ဝမ်းနည်းကြောင်းပေးပို့ခဲ့ကြသော ဆွေမျိုးမိတ်ဆွေများ၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆရာမအား ရင်နှင့်အမျှချစ်ခင်ခဲ့သော တပည့်များအားလည်းကောင်း၊
(၁၀) နေအိမ်သို့ကိုယ်တိုင်လာရောက်အားပေးခဲ့ကြသော ဆရာ၊ ဆရာမများ၊ မိတ်ဆွေများ၊ တပည့်များ၊ ဆွေမျိုးများအားလည်းကောင်း၊
(၁၁) ရွှေဂုံတိုင်ဆေးရုံကြီးတွင် ကြွရောက်လာသော ဇမ္ဗူအေးဆရာတော်၊ သတိရစဉ်ကာလအတွင်း သစ္စာအဓိဋ္ဌာန်၊ ပရိတ်၊ ပဋ္ဌာန်းရွတ်ဆိုပေးခဲ့သော ရွာမဆရာတော်၊ နှစ်နှင့်ချီ၍ မေတ္တာပို့ချီးမြှင့်ရွတ်ဆိုခဲ့ကြသော လှိုင်မဟာစည် ရဟန်း၊ သီလရှင်နှင့် ယောဂီအပေါင်းတို့အားလည်းကောင်း၊

မည်သူမဆို ဆရာမခံစားခဲ့ရသော နာကျင်လွန်ကဲရောဂါဝေဒနာများမှ သံသရာဝဲဂယက်အတွင်း အဆက်ဆက်ကင်းဝေးနိုင်ကြပါစေဟု ဆန္ဒပြုရင်း လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း မအေးမိစံ

Manager (Native Power Technology Co., Ltd.)

အသက်(၂၇)နှစ်

သူငယ်ချင်းများဖြစ်ကြသော ကိုကျော်လေး၊ ကိုမြတ်၊ ကိုမြတ်ကျော်တို့ ကုမ္ပဏီ၏ အထူးအားထားရပြီး ရိုးသား၊ ကြိုးစားသော မအေးမိစံကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု၊ Native Power Technology Co., Ltd. မိသားစုတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Arkarthit Enterprise Co., Ltd.

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ဒေါပုံမြို့နယ်တရားရုံး၌
၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၃၁

ဒေါ်တင်မြ	နှင့်	ဦးသောင်းညွှန့်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ဆားတောင်ခြေနေ ဦးသောင်းညွှန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၅ရက် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်နိုင်
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ဒေါ်မြမိုးအေး ၁၂/ဥကမ(နိုင်)၁၃၆၂၄၇ (ယခုနေရပ်လိပ်စာမသိသူ)နှင့် အများပြည်သူသိရှိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၆၄၁တွင် နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်ထားထားရီ ၁၂/မရက(နိုင်)၀၀၅၄၉၁၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ (၁)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် (၅၉၇)ဒုတိယထပ်(ခြေရင်းခန်း)ကို ဒေါ်မြမိုးအေးဆိုသူအား ခြောက်လကတိစာချုပ်ဖြင့် ငှားရမ်းခဲ့ပါသည်။ ငှားရမ်းခြင်းသက်တမ်းမကုန်မီ ဒေါ်မြမိုးအေးသည် ကျွန်ုပ်မိတ်ဆွေအား အသိပေးခြင်းလုံးဝမရှိဘဲ တိုက်ခန်းအား သော့ခတ်ကာ တိုက်ခန်းမှထွက်ခွာသွားသည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။ စုံစမ်း၍လည်းမရပါ။ သို့ဖြစ်၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံဖြစ်စေ(သို့မဟုတ်)ကျွန်ုပ်တို့ထံဖြစ်စေ အမြန်ဆုံးဆက်သွယ်၍ တိုက်ခန်းအား လက်ရောက်ပေးအပ်ပါရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်အပ်နှံခြင်းမပြုပါက ကျွန်ုပ်မိတ်ဆွေက ၎င်းပိုင်တိုက်ခန်းကို လက်ရောက်ပြန်လည်ရယူမည်ဖြစ်ကြောင်း ဒေါ်မြမိုးအေးနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဉာဏ်သိန်း B.A (Law), LL.B		**ဦးကြည်စွမ် LL.B**
(စဉ်-၁၄၈၃)		**(စဉ်-၄၄၈၄)**
ဖုန်း-၇၃၀၇၂၇၄၃	**တရားလွှတ်တော်ရှေ့နေများ**	**ဖုန်း-၇၃၁၀၂၉၉၄**

အမှတ် ၈၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း စောရိုးဝါး(Saw Rower)

အင်ဂျင်နီယာ(တ)(ငြိမ်း)
မြစ်ကြီးနား
အသက်(၁၀၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ဒေါ်ဖလော်ရာစိုက်တိုး၏ဖခင် ဦးစောရိုးဝါးသည် ၂၈-၁၂-၂၀၁၂ ရက် နံနက် ၉း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ ဇနီးနှင့်
အာဆီယံရေးရာဦးစီးဌာန၊ ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း ဒေါက်တာခင်သီတာကျော်

Ph.D(Chemistry)
(ရန်ကုန်တက္ကသိုလ်)

စိတ်ရင်းကောင်းတဲ့ သူငယ်ချင်း **ခင်သီတာ** အကြွေစော၍ နှမြောမိပါတယ်။ ပြုသမျှကုသိုလ်အစုစုကို မြင့်မြတ်သော ဘုံဘဝမှသာခုခေါ်ဆိုနိုင်ပါစေ။

ချစ်သူငယ်ချင်းများ
ခိုင်လေး၊ ယဉ်မင်း၊ ရီရီလွင်၊ လှဲ့လှဲ့၊ သီတာမော်

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း ချစ်ဖေဖေ ဦးခင်ကျော်(ခ)ဦးကျော်

အသက်(၇၉)နှစ်

တွေ့နေစဉ်မြဲ ထိုင်ခုံလေးဝယ်
မတွေ့ရတာ တစ်လပြည့်လည်း
မနေ့ကတိုင်းပဲ ထင်နေဆဲပါ
လွမ်းဆွတ်သတိရ တမ်းတမိတယ်ဖေကြီးရယ်။

သားသမီးမြေးတို့အပေါ် အရာခပ်သိမ်းတာဝန်ကျေပွန်လွန်းပြီး ကျေးဇူးကြီးမားလှသော ဖေကြီး ဦးခင်ကျော်(ခ)ဦးကျော် ၃-၁၂-၂၀၁၂ရက်နှင့် မေကြီး ဒေါ်မြင့်မြင့် ၂၁-၆-၂၀၀၈ရက်တို့အတွက် ရည်စူး၍ နေ့စဉ်ပြုသမျှကုသိုလ်အလှူဒါနတို့ကို မြင့်မြတ်တဲ့ ဘုံဘဝကနေ သာခုခေါ်နိုင်ကြားနိုင်မြင်နိုင်တွေ့နိုင်ရနိုင်ပါစေ။

ဖေကြီး မေကြီးရေ အမျှ…အမျှ…အမျှ

နေ့စဉ် ဖြေမဆည်နိုင်အောင်ဝမ်းနည်းကြေကွဲ
ကျန်ရစ်ခဲ့သောချစ်သားသမီးမြေးမိသားစု

ဝမ်းနည်းကြေကွဲခြင်း

Myanmar C.P. Livestock Co., Ltd. မှ ဦးသန်းထွဋ်စိုး-ဒေါက်တာခင်သစ်လွင်တို့၏ဖခင် ဦးစိုး အသက်(၆၅)နှစ် ပါမောက္ခချုပ်(ငြိမ်း)သည် ၃၀-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar C.P. Livestock Co., Ltd. မှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း ကျော်သူစိုး

အသက် (၄၃)နှစ်

သူငယ်ချင်း မင်းက စိတ်နှလုံးကောင်းရှိသူမို့ ယခုဘဝထက်သာလွန်သော တမလွန်သုခဘုံမှာ ချမ်းသာစွာရှိရမယ်ဆိုတာ ငါယုံပါတယ်။

မင်းရဲ့သူငယ်ချင်း-
ဇော်လွင်ဦး
နေကြယ်ဦးကုမ္ပဏီများအုပ်စု

အထူးဝမ်းနည်းကြေကွဲရခြင်း မနွယ်လင်းရှိန်

(ညော့်လမ်းညွှန်)
အသက် (၃၅)နှစ်

၂၅-၁၂-၂၀၁၂ရက်တွင် ဟဲဟိုးမြို့၌ ရုတ်တရက်ကွယ်လွန်သွားသည့် ဦးထွန်းရှိန်-ဒေါ်စန်းစန်းတင့်တို့၏သမီးကြီး မနွယ်လင်းရှိန်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)**

နာရေး

ဝမ်းနည်းကြေကွဲခြင်း
အမျိုးသားစာပေတစ်သက်တာဆုရှင်
ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်
မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးစာပေပညာရှင်

စည်သူဒေါက်တာကျော်စိန်

အသက်(၈၁)နှစ်

ဆရာကြီး စည်သူဒေါက်တာကျော်စိန်သည် ၂-၁-၂၀၁၃ရက် နံနက် ၁၁း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး
ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းမိသားစုများ
ပြန်ကြားရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရီရီဝင်း

မြန်မာ့မီးရထား(ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကုဋ္ဌာသယလမ်း၊ အမှတ် ၄၉နေ(ဦးဝင်းမောင်-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးကျော်သောင်း၊ မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ (ဒေါ်နီနီဝင်း)၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်မျိုးညွန့်၊ ဦးလှမြင့်(ပို့/ဆက်၊ ငြိမ်း)-ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်မြမြဝင်း(အထက-၃၊ တာမွေ၊ ငြိမ်း)-(ဦးမြင့်စိုးသိန်း)တို့၏အစ်မ၊ ဒေါ်ခင်သူဇာ(အထက-၃၊ တာမွေ)၊ ဦးဇော်ဝင်း-ဒေါ်ခင်စောမွန်(ကညန၊ ရုံးချုပ်)၊ ဦးကျော်ငြိမ်းဦး-ဒေါ်တင်နွယ်ဦး(အထက-၁၊ တာမွေ)၊ (ဦးရဲမြင့်ဦး)-ဒေါ်ခင်ဆွေဦး(လဝက)၊ ဗိုလ်မှူးအောင်ရဲထွဋ်(ငြိမ်း)-ဒေါ်နန်းသဇင်မိုး၊ ဒေါ်နှင်းအိကျော်(Daewoo E & P) တို့၏မိခင်၊ ဗိုလ်ကြီးကျော်ဇံမိုး-ဒေါ်အိသဥ္ဇာမွန် (HTOO GROUP OF COMPANIES)၊ မဖြူနှင်းမွန်တို့၏အဘွား၊ မမိုးချမ်းမြေ့မွန်၏ဘွားဘွားကြီးသည် ၁-၁-၂၀၁၃ရက် ည ၉း၃၅နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးကျော်ကျော်နှင့်ဇနီး ဒေါ်ခင်ခင်ငွေတို့၏မိခင် ဒေါ်ခင်ကြူကြူ(ပြင်ဦးလွင်) အသက်(၈၃)နှစ်သည် ၁-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းရွှေမောင်(စစ်တွေ) (နည်းပြချုပ်၊အာရကန်ကရာတေးကလပ်)

အသက်(၆၆)နှစ်

ကရာတေး၊ အိုင်ကီဒိုပညာအား သင်ကြားပေးပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးခဲ့သော ကျေးဇူးရှင်ဆရာကြီး ဦးထွန်းရွှေမောင်သည် ၂-၁-၂၀၁၃ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

ဦးဇော်အေးမောင်နှင့်ဇနီး ဒေါ်လှမြင့်သန်း မိသားစု
ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး

ဦးမင်းသက်စိုး

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာန)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးစိုးဝင်း(ဆသရ)-(ဒေါ်ဖြူဝါ)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ ဦးဘိုသောင်း-ဒေါ်အေးသန်းတို့၏သားသမက်၊ ဒေါ်ဝင်းဝင်းငွေ(ဆသရ၊ ပစ္စည်း)၏ခင်ပွန်း၊ မောင်ခန့်သီဟ(G-4, A အထက-၁၊ ကြည့်မြင်တိုင်)၏ဖခင်သည် ၃၀-၁၂-၂၀၁၂ရက် (တနင်္ဂနွေနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၃ရက် (စနေနေ့)တွင် အမှတ်(က-၁)၊ စာတိုက်ဝင်း၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးအောင်ကျော်မြင့်

(ငြိမ်း) (ရေ-၁၂၈၃)
D.S.A (22)
အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်အုန်းမြင့်)တို့၏သား၊ သုံးခွမြို့နေ (ဦးကျော်မြင့်)-ဒေါ်ဝင်းကြည်တို့၏သားသမက်၊ ဒေါ်တင်တင်သိန်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်ယဉ်ယဉ်သိန်း၊ ဒေါ်ငွေငွေအောင်တို့၏မောင်၊ ဒေါ်နွယ်နွယ်အောင်၏အစ်ကို၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၁၆/၁၈ (ရှစ်လွှာ)နေ ဒေါ်နီနီဆွေ (အထက-၁၊ သုံးခွ)၏ခင်ပွန်း၊မတင်ထားဝင့်(တတိယနှစ်၊ ဆေးတက္ကသိုလ်-၂)၊ မောင်သုတထွန်း(အထက-၁၊သုံးခွ)တို့၏ဖခင်သည် ၂-၁-၂၀၁၃ရက် ညနေ ၃း၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းတင့် (မြိတ်)

ဦးစီးအရာရှိ(ငြိမ်း)
စီမံကိန်းရေးဆွဲရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(မြိတ်အသင်းကန်တော့ခံ)
အသက်(၇၆)နှစ်

မြိတ်မြို့၊ တလိုင်းစုရပ်နေ (ဦးကြာရှင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ (ဒေါ်ရီ)၏ညီမ၊(ဦးမောင်သန်း)-ဒေါ်နီ၊ ဦးမောင်သိန်း-ဒေါ်မေလွင်တို့၏အစ်မ၊ အမှတ် ၄၇ (A)၊ မြေညီထပ်၊ မလွကုန်းလမ်း၊ ကျောက်မြောင်းနေ ဦးလှမောင် [ဒုတိုင်းဦးစီးမှူး(မကွေး)၊ စီမံ/စီးပွား၊ ငြိမ်း]၏ဇနီး၊ ဒေါက်တာဇော်မိုးဦး - ဒေါက်တာသက်မြတ်လွင်(ကထိက၊သတ္တဗေဒဌာန၊ မြိတ်တက္ကသိုလ်)၊ မမိုးဥမ္မာရှင် (M.Sc-Zoo) တို့၏မိခင်သည် ၃၁-၁၂-၂၀၁၂ရက် မွန်းလွဲ ၂း၀၁နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောက်မြောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

စည်သူဒေါက်တာကျော်စိန်

ရန်ကုန်တက္ကသိုလ် စိတ်ပညာပါမောက္ခ(ဟောင်း)
မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၊ ပညာရေးဝန်ကြီး(ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၄၊ သီရိမင်္ဂလာလမ်းသွယ်၊ ကုန်းမြင့်ရိပ်သာ ၇မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးစိန်ခိုင်-ဒေါ်သက်စု)တို့၏သားကြီး၊ (ဦးထွန်းအောင်-ဒေါ်ထင်)တို့၏သားသမက်၊ ဒေါ်တင်တင်အေး(ငြိမ်း၊ အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၏ခင်ပွန်း၊ (ဦးသိန်းအောင်)-ဒေါ်ခင်မြင့်၊ ဦးလှထွေး-(ဒေါ်ခင်သင်းအောင်)တို့၏အစ်ကိုကြီး၊ ဦးပြုံးဇော်-ဒေါ်စံစံကျော်စိန် (ဦးစီးအရာရှိ၊ MRTV-နေပြည်တော်၊ တပ်ကုန်း)၊ ဒေါက်တာညွန့်ဦးမောင်(မြို့နယ်ဆရာဝန်ကြီး၊ သီပေါမြို့)-ဒေါ်ဆွေဆွေကျော်စိန်၊ ဒေါက်တာအောင်မြတ်ကျော်စိန် (ဒုတိယပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်)-ဒေါ်သန်းသန်းလှတို့၏ဖခင်ကြီး၊ ကြော့မွန်လှိုင်၊ ငြိမ်းချမ်းလှိုင်၊ တင်ဦးမောင်၊ သက်ခိုင်မောင်၊ အောင်ထွေးမောင်၊ အေးမြတ်သူတို့၏အဘိုးသည် ၂-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့်ရန်ကုန်တက္ကသိုလ် အဓိပတိဂိတ်ရှေ့မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဒေါက်တာဦးစိန်ဝင်း

မေ့ဆေးဆရာဝန်ကြီး(ငြိမ်း)၊ ပဲခူးပြည်သူ့ဆေးရုံကြီး
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ် ၁၀၊ သရဝဏ်ရိပ်သာ(၁)လမ်းနေ (ဦးစံရှား-ဒေါ်သိန်းတင်)တို့၏သား၊ ဦးသိန်းမြင့်(အလုပ်ရုံစုမှူး၊ ပစလ-၁၊ ငြိမ်း)-(ဒေါ်စောရီ)၊ (ဦးဟန်စိန်)-ဒေါ်သန်းမြင့်၊ ဦးအေးမောင်-ဒေါ်အေးသန်းတို့၏မောင်/ညီ၊ ဒေါ်သန်းရင်၏အစ်ကို၊ ကိုမောင်မောင်နိုင်၊ မခင်ခင်ဝင်း၊ ကိုကျော်လှစိန်-မခင်ခင်ခိုင်(စာရင်းစစ်၊ စမ်းချောင်းမြို့နယ်စာရင်းစစ်ရုံး)၊ ကိုကျော်ကျော်နိုင် (လွယ်ဟိန်းကုမ္ပဏီ)တို့၏ဦးလေးသည် ၂-၁-၂၀၁၃ရက် မွန်းလွဲ ၁း၄၀နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

Dr. Winston Khin MD

Chief Physician (RTD)
Ford Motor Company
Chicago, ILL: U.S.A
အသက်(၆၅)နှစ်

မန္တလေးမြို့၊ ဒါးတန်းရပ်၊ ၂၄လမ်းနေ (ဦးမောင်မောင်ခင်)-ဒေါ်တင်ဦးတို့၏သား၊ ပြင်ဦးလွင်မြို့၊ အောင်ဇေယျလမ်းနေ (ဦးသန်းရွှေ-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်ခင်မြတ်မွန်၊ ဦးသန်းနိုင်-ဒေါ်မာလာတို့၏မောင်၊ ဦးအောင်ဆန်းဝင်း-ဒေါ်ဝေဝေ၊ ဦးမျိုးမြင့်-ဒေါ်ခင်မြတ်ဆွေ၊ (ဗိုလ်မှူးနိုင်ဝင်းအောင်)-ဒေါ်ခင်မြတ်ချိုတို့၏အစ်ကို၊ Chicago (U.S.A) နေ Candy Khin, (Jude Khin) တို့၏ဖခင်၊ Ruby Khin ၏ခင်ပွန်းသည် ၁-၁-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအသင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်ဦး

Mectronic G.E.P ရုပ်ရှင်ကော်ပိုရေးရှင်း(ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၃၁)နေ [ဦးညဏ်မောင်(ဗိုလ်ညဏ်မောင်)-ဒေါ်အေးကြည်]တို့၏သားကြီး၊ (ဦးအောင်မြင့်-ဒေါ်အမာ)တို့၏သားသမက်၊ ဦးဇော်ထူး(ကြည်ဇော်ထူး)-ဒေါ်အမာကြည်(ညွှန်မှူး၊ ငြိမ်း၊ စွမ်းအင်)၊ (ဦးသက်ထွန်းစိန်)-ဒေါ်သီတာ(ဒဂုံမြို့နယ် သ/မ)၊ (ဦးမင်းနိုင်)-ဒေါ်စန္ဒာ၊ ကိုဘိုဘို(မြင်သာအထည်ချုပ်)-မတိုးတိုးတို့၏အစ်ကိုကြီး၊ ကိုနေစိုးဦး(LIZ Star)-မရီရီသန်း၊ မပိုးကြည်သာ(CB Brank)၊ ကိုဖြိုးသီဟန်(Marketing Department M.B.L)တို့၏ဖခင်၊မယ်မဒီခင်၏အဘိုး၊ ဒေါ်စိုးစိုးမြင့်(ခ)မလုံး၏ခင်ပွန်းသည် ၂-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ဝ၀း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံအသိပေးကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည် (မိုးကုတ်မြို့)

B.A(၁၉၅၀-၅၄ခုနှစ်၊ ဘင်တန်ဟောလ်)
(ရန်ကုန်တက္ကသိုလ်)
ဌာနခွဲမန်နေဂျာ (ယာဉ်/စက် ကော်ပိုရေးရှင်း)
ဌာနခွဲမှူး(ဘွိုင်လာစစ်ဆေးရေး၊ စက်မှု-၁၊ ငြိမ်း)
အသက်(၈၇)နှစ်

မိုးကုတ်မြို့၊ ဈေးသစ်ရပ်နေ (ဦးဝ-ဒေါ်ငယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပြည်တော်သစ်ရိပ်သာ၊ တိုက်-၁၊ အခန်း ၁/ဆနေ (ဦးငွေထွန်း၊ ဌာနစုမှူး၊ စက္ကူ/ခတ်ပုံ၊ ငြိမ်း)၏ဇနီး၊ (ဦးအောင်ကျော်ဝင်း) - ဒေါ်ခင်မေဦး၊ ဦးကျော်ဇော(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မေလတ်(ဦးစီးအရာရှိ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)၊ ဦးသောင်းလှိုင် (ပြည်တွင်းရေကြောင်း၊ ကုန်ပို့ဌာန)-ဒေါ်ဝင်းမြင့်တို့၏မိခင်ကြီး၊ ကိုဝေဖြိုးထွန်း၊ ကိုရာဇာထွန်း - မကေသွယ်အောင်(ခ) Pinky၊ မောင်ဉာဏ်လင်းထက် (2nd Year, Korea, YUFL) တို့၏အဘွား၊ သမီးလေး၏ဘွားဘွားကြီး၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်နန်းမွန်၊ ဒေါ်ခင်နွယ်ညွှန့်တို့၏အစ်မသည် ၁-၁-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှနီမ (မြေပုံမြို့)

အသက်(၈၀)

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ နတ်ချောင်းရပ်ကွက်နေ (ဦးချင်းဒေါင်း)၏ဇနီး၊ ဦးထွန်းတင်၊ ဦးအောင်ကျော်မြတ်၊ ဦးမောင်သိန်းဟန်၊ဒေါ်နုကြည်၊ ဒေါ်စန်းစန်းနွဲ့၊ ဦးမောင်မောင်သိန်းတို့၏မိခင်သည် ၂-၁-၂၀၁၃ရက် နံနက် ၃း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် ညနေ ၃နာရီတွင် အငူသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ယု (မြိတ်)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း ၄၊ အခန်း ၂၀နေ (ဦးတုံး-ဒေါ်ထုံး)တို့၏သမီး၊ ဦးမြင့်စိန်၏ဇနီး၊ ဦးမြငွေ-ဒေါ်ညိုညိုလွင်၊ ဦးသန့်ဇော်ခင်-ဒေါ်နွယ်နွယ်ဦး၊ ဦးအောင်ဖြိုးဦး-ဒေါ်နွယ်နွယ်အေး၊ မစိုးစိုးမူတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၁-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၂း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြစ်ကြီးနားအသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ကြင်မေ (မြစ်ကြီးနား)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊အမှတ် ၆၀၊ တိုက် A3B၊ ကံ့ကော်အိမ်ရာ၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးလောဟော့-ဒေါ်ရင်မြ)တို့၏သမီးကြီး၊ (ဦးစူးကောက်၊ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၊ မြစ်ကြီးနား)၏ဇနီး၊ ဦးသိန်းထွန်း-ဒေါ်သန်းသန်းမေ၊ ဦးထင်မိုးအောင်-(ဒေါ်ခင်ဝေ)၊ ဦးသန်းထွန်း-ဒေါ်ကျင်သိန်း၊ (ဒေါက်တာဦးလှမြင့်သိန်း) - ဒေါက်တာဒေါ်အေးအေးစူး၊ ဦးတင့်လွင်-ဒေါ်ငွေငွေစူး၊ ဒေါက်တာဦးစိန်ဝင်း-ဒေါ်စန်းစန်းဝင်းတို့၏ မိခင်ကြီး၊ မြေး ၁၃ယောက်တို့၏အဘွား၊မြစ် ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၁၂-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ရဟန်းအမကြီး

ဒေါ်ခင်မြမြ(ခ)Marjorie

မော်ကျွန်း
အသက်(၈၅)နှစ်

သုညတမေ့ ဆရာတော်၏ ရဟန်းဒါယိကာမကြီး၊ မော်လမြိုင်ကျွန်းမြို့နေ (ဆရာဝန်ကြီး ဦးဘလှိုင် - ဒေါ်အေးကြည်)၊(ဦးကံမြင့်-ဒေါ်မင်း)တို့၏သမီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ အမှတ် ၁၁၉နေ (ယစ်မျိုးအရာရှိ ဦးဘညွန့်)၏ဇနီး၊ ဦးဇော်အောင် (ဒုညွှန်မှူး၊ ငြိမ်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) - ဒေါ်ခင်ဝင်းညွန့် (လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့မီးရထား)၊ ဦးဘသန်းညွန့် (EE ငြိမ်း၊ WMS)-ဒေါ်ခင်သက်နွယ်၊ ဒေါ်ချိုချိုညွန့် (ဒုညွှန်မှူး၊ ငြိမ်း၊ FERD)၊ ဒေါက်တာခင်ထွေးညွန့်(ပါမောက္ခ/ဌာနမှူး၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တို့၏ မိခင်၊ ဦးသန်းဟိန်းထူး(WMS)-ဒေါ်အေးအေးမြတ်၊ ဦးတေဇာဝင်းကျော်-ဒေါက်တာခိုင်မာဇော် (လက်ထောက် ဆရာဝန်၊ အာဟာရဌာန၊ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)၊ ဒေါက်တာသူရမောင်အေး (Burnet Institute)-ဒေါက်တာစိမ်းလဲ့ဇော် (World Vision)တို့၏အဘွား၊ မောင်ဟိန်းသီဟထူး၊မထူးမြတ်ခင်တို့၏ ဘွားဘွားကြီးသည် ၁-၁-၂၀၁၃ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်အောင်

(ဦးစီးအရာရှိ၊ လဝက)
ခရမ်းမြို့နယ်ဦးစီးဌာနမှူးရုံး
အသက်(၅၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ညောင်ကုန်းကျေးရွာနေ (ဦးကြာမှုန်-ဒေါ်အေးကြူ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၂၄နေ (ဗိုလ်ကြီးစီမြင့်ဆွေ)-ဒေါ်နီနီကျော်တို့၏သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာနေ ဦးတိုး-ဒေါ်တင်ဥ၊ (ဦးစိန်မောင်-ဒေါ်အေးတုတ်)၊ (ဦးစိန်သောင်)-ဒေါ်ခင်ဝင်းရီတို့၏ညီ/မောင်၊ ဦးမြရွှေ-ဒေါ်တင်နု၊ ဒေါ်တင်ပု၊ ဒေါ်အုန်းလှတို့၏အစ်ကို၊ မောင်ဇင်လတ်ထူး(လဝက၊ မိုင်းလုံမြို့နယ်ခွဲ)၊ မောင်ရဲလင်းကျော် (တတိယနှစ်စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)တို့၏ဖခင်၊ ကျောက်မဲမြို့၊ (၂)ရပ်ကွက်၊ နမ့်တုံရပ်နေ ဒေါ်သန်းသန်းဆွေ(ထ-ခွဲ၊ အလက-၁၊ ကျောက်မဲ)၏ ခင်ပွန်းသည် ၁-၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့)မွန်းတည့်၁၂နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ သုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ကြင်မေ (မြစ်ကြီးနား)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၀၊ တိုက် A3B၊ ကံ့ကော်အိမ်ရာ၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးလောဟော့-ဒေါ်ရင်မြ)တို့၏သမီးကြီး၊ (ဦးစူးကောက်၊ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၊ မြစ်ကြီးနား)၏ချစ်လှစွာသောဇနီး၊ (ဦးဖေရင်-ဒေါ်သက်စိန်)တို့၏ညီမ၊ (ဦးကောင်းမြင့်-ဒေါ်ကြင်ရွှေ)၊ (ဦးထွန်းခိုင်-ဒေါ်ရွှေကြည်)၊ (ဦးထွန်းမြိုင်)-ဒေါ်မြင့်မြင့်ခင်၊ ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်-ဒေါ်စောသီရိသိင်္ဂီတို့၏ မမကြီးသည် ၃၀-၁၂-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ တံတား၊ ရေတွင်း ဒါယကာကြီး

ဦးစံဖဲ(သာစည်) အသက်(၈၆)နှစ်

သာစည်မြို့နယ်၊ အင်းရွာနေ (ဦးပေါကြီး-ဒေါ်မကလေး)တို့၏သား၊ (ဦးစံ-ဒေါ်သိန်းရှင်)တို့၏သားသမက်၊ (ဒေါ်အုန်းရင်)၏ခင်ပွန်း၊ ဦးညွှန့်မောင်-ဒေါ်လှလှ၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ(နယူးရွှေစင် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဒုံဈေး)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့အဘိုးသည် ၁-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ဝ၀း၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် လက်ပံပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြူကြူ (ပြင်ဦးလွင်)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက် ၂၈၊ အခန်း ၂နေ (ဦးကံဘော်-ဒေါ်လေး)တို့၏သမီး၊ (ဗိုလ်မှူးကြီးမောင်မောင်)၏ဇနီး၊ (ဒေါ်ခင်မြတ်မွန်)၊ ဦးမောင်မောင်သက်လွင်(ဒု-ထွေဂျာ၊ ထူးကုမ္ပဏီ)၊ ဒေါ်အေးခင်ခင်၊ ဦးဆက်လွင်-ဒေါက်တာခင်မော်မော်တင်ချိမ့်၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဒေါ်ခင်ခင်ငွေ၊ ဒေါက်တာခင်လေးမွန်၊ ဒေါက်တာစိုင်းကျော်ငွေ၊ ဒေါက်တာခင်ချစ်ချစ် (ပါမောက္ခ၊ ဥပဒေဌာန၊ မကွေးတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်း၊ ဦးမောင်မောင်ဉာဏ်ထက်တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁-၁-၂၀၁၃ရက် ည ၉း၂၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မအေးအေးလှိုင်(အင်းစိန်မြို့) B.A (Eco)

အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၁၂၆နေ ဦးသန်းနွဲ့-ဒေါ်စန်းစန်းဝင်းတို့၏သမီးငယ်၊ ဦးဆွတ်အောင်မြတ်-မညွန့်ညွန့်လှိုင်(ခ)မနှင်းဆီတို့၏ညီမ၊မောင်ရန်မျိုးအောင်၏အစ်မ၊ မလုံးလုံး၏အဒေါ်သည် ၂-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးကြည်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ် ၇၄(မြေညီထပ်)နေ ဦးအမင်း၏ဇနီး၊ မမီမီမင်း၊ ကိုခင်မောင်ထူး-မချိုချိုမင်း၊ မစိုးစိုးမင်းတို့၏မိခင်သည် ၃၁-၁၂-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန္တာဝေ (ထားဝယ်)

(သီရိသန္တာဖိနပ်စတိုး)
အသက်(၅၂)နှစ်

ထားဝယ်မြို့၊ မြောက်ရွာရပ်၊ အာဇာနည်လမ်း၊ အမှတ် ၇၀၀နေ(ဦးချိန်ဘွန်-ဒေါ်သိန်းရှင်)တို့၏သမီးထွေး၊ ဦးခင်ဇော်-ဒေါ်မာမာလွင်၊ ဒေါ်မာလာဝေတို့၏ညီမ၊ မသဲဆုဇော်၊ မောင်မှူးဇော်၊ မသက်ဖူးဇော်တို့၏အဒေါ်သည် ၃၁-၁၂-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဇေယျသုခကျောင်းတိုက်၊ မိုးမခလမ်း၊ မုန့်လုပ်ဆောင်းကုန်းတောင်၊ စမ်းချောင်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းရွှေမောင် (စစ်တွေ)

ခိုင်ပြည်စိုး ခရီးသွားလုပ်ငန်း
အာရကန် ဂျူဒို၊ အိုင်ကီဒို၊ ကရာတေးကလပ်(နည်းပြချုပ်)
ရခိုင်ပြည်နယ်၊ ယူနိုက်တက် ကရာတေးကလပ်(နည်းပြချုပ်)
လေးဝတီ ကရာတေးအသင်း (နည်းပြချုပ်)
ရခိုင်တိုင်းရင်းသားကိုယ်ခံပညာရှင်များ အင်အားစု(နာယက)
အသက်(၆၆)နှစ်

စစ်တွေမြို့နေ (ဦးသာထွန်းဦး-ဒေါ်ဖြူမခိုင်)တို့၏သား၊ ဒေါ်စောအေး(ခ) ဒေါ်စောဖြူ၏မောင်၊ (ဒေါ်ဖြူဖြူ)၏ခင်ပွန်း၊ ဒေါ်စောသန္တာဦး၊ ဦးစောမင်းထွန်း၊ ဒေါ်စောသီဂီထွန်း၊ ဒေါ်စောမာလာထွန်း၊ ဒေါ်စောနန္ဒာထွန်း၊ ဒေါ်စောစန္ဒာထွန်း၊ မောင်ညီညီထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးရှင်၊ စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် ၂၅နေ ဒေါ်နုနုဖြူ၏ခင်ပွန်း၊ မောင်ကောင်းအောင်ထွန်း၊ မစောသူဇာထွန်းတို့၏ဖခင်သည် ၂-၁-၂၀၁၃ရက် နံနက် ၂း၃၀နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်စည်အထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ် ၇၈၊ ၈၁၊အနော်ရထာလမ်း၊ အခန်းအမှတ် ၁၁၀၅၊ (၁၁လွှာ)၊ စင်ထရယ်တာဝါ၊ ၃၉လမ်းမှဝင်ရန် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

၂၀၁၃ ခုနှစ် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော်မြန်မာ့အသံ၊ MRTV-4 နှင့် မြဝတီ Variety အစီအစဉ်တို့မှ ထိုနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး အခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် နိုင်ငံတကာမီးပုံးပျံပွဲတော်ကို မန္တလေးမြို့ဝန်းကျင်နှင့် တောင်သမန်အင်းဝန်းကျင်တွင် မီးပုံးပျံခြောက်လုံးဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည့် သတင်းအကျယ်ကို စာမျက်နှာ ၁၄ တွင် ဖတ်ရှုနိုင်သည်။

ပြည်တွင်းသွားကုန်တင်သင်္ဘောတစ်စင်းကို ဤသို့တွေ့ရသည်။

ပြည်တွင်းရေကြောင်းပိုင် မြဧရာဈေးသင်္ဘော ပုဂ္ဂလိကနှင့် အကျိုးတူလုပ်ကိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လုပ်ကိုင်နိုင်ရေးသည်လည်း လိုအပ်လျက်ရှိသည်။ ပြည်တွင်းမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများလည်း နိုင်ငံတော်က ဖန်တီးပေးလျက်ရှိရာ ယခုအခါ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပိုင်မြဧရာဈေးသင်္ဘောကိုပုဂ္ဂလိကလုပ်ငန်းရှင်များအား လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည်ဖြစ်သည်။

ဖန်တီးပေး

"ပြည်တွင်းရေကြောင်းအနေနဲ့ ပြည်သူတွေကို တစ်နေရာက ဒေသထွက်ကုန်နဲ့ ကုန်ပစ္စည်းတွေကို တခြားဒေသက ပြည်သူတွေထံ နေရာအရောက် ရောင်းချပေးနိုင်တဲ့ ဈေးသင်္ဘောတွေကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပါဝင်လုပ်ကိုင်ခွင့်ရအောင် ဖန်တီးပေးခြင်း ဖြစ်ပါတယ်။ ဒါဟာ ဒေသ ပြည်သူတွေအတွက် လိုအပ်ချက် ဖြည့်ဆည်းပေးတာဖြစ်သလို၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းအသစ် ဖြစ်ပေါ်စေပါတယ်" ဟု ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

သတင်းမှတ်စု - အာကာဟိန်း
ဓာတ်ပုံ - ကေဇင်လင်း

ယခုပုဂ္ဂလိကကို လွှဲပြောင်းလုပ်ကိုင်စေမည့် မြဧရာဈေးသင်္ဘောသည် ပြည်တွင်းရေကြောင်းလုပ်ငန်းမှ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဌာနခွဲအောက်ရှိသင်္ဘောဖြစ်သည်။ ယခင်က ရေကြောင်း

စာမျက်နှာ ၉ ကော်လံ ၁ ✳

ကော့သောင်းမြို့နယ် အောင်ဘာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဇန်နဝါရီ ၂

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အောင်ဘာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား (၅၀)ဝပ်၊ လှိုင်းနံပါတ် (UHF Channel 4) ဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီမှစတင်၍ ရုပ်သံအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြော်ငြာအချပ်ပို (၄)မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

နိုင်ငံတကာလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မည့် ဒဂုံရွှေအောင်လံ ရိုးရာလက်ဝှေ့ဗိုလ်လုပွဲများ

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သော ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲများကို အတန်းလိုက်လက်ဝှေ့ကျော်များ၏ ပဝါမကူ ရေမရှုဘဲ အသည်းမာမာ၊ ဖွဲပါပါဖြင့် သတ္တိသွေး စွေးစွေးနီကြောင်း ယှဉ်ပြိုင် သက်သေပြကြတော့မည်ဖြစ်သည်။

အထူးဒဂုံရွှေအောင်လံပြိုင်ပွဲများတွင် ထွန်းထွန်းမင်း(မြန်မာ) နှင့် ဖဲလစ်(ဂျာမနီ)တို့ ဖြစ်သည်။ ထွန်းထွန်းမင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပွဲများ၌ရွှေတံဆိပ်နှင့် အာရှမွေ ငွေဆုဆွတ်ခူးထားသူဖြစ်ပြီး ပြိုင်ပွဲပေါင်း ၂၀ ကျော်၊ ၃၀ ယှဉ်ပြိုင်ထိုးသတ်ထားသည်။ ထွန်းထွန်းမင်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ဖဲလစ်(ဂျာမနီ)က မွေထိုင်းချန်ပီယံဖြစ်သည်။ မွေထိုင်းပြိုင်ပွဲပေါင်း ၂၅ ပွဲတွင် ပွဲ ၂၀ နိုင်ထားပြီး ငါးပွဲသာ ရှုံးထားသူဖြစ်သည်။ နောက်တစ်ပွဲဖြစ်သည့် ထွန်းထွန်း(မြန်မာ)နှင့် အက်ရှ်ခန် အမ်တီဒါဘီ (အီရန်)တို့ဖြစ်သည်။ ထွန်းထွန်းက ၂၀၁၁ ခုနှစ် ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် ဖိုးကေကို အလဲထိုးအနိုင်ရထား၍ ရွှေအောင်လံဆုရှင် ဖြစ်သည်။ ပြိုင်ပွဲပေါင်းများစွာ အတွေ့အကြုံရှိသူဖြစ်သည်။ ထွန်းထွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် အက်ရှ်ခန် အမ်တီ ဒါဘီ(အီရန်)က အီရန်နှင့် အာရှမွေထိုင်း ချန်ပီယံဖြစ်သည်။ အထူးဒဂုံရွှေအောင်လံပြိုင်ပွဲများတွင် ဘတစ်ပြန် ကျားတစ်ပြန် ယှဉ်ပြိုင်ထိုးသတ်မည့် ပြိုင်ပွဲများ ကြည့်ရှုရမည်ဖြစ်သည်။

ပထမတန်း ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင် တွေ့မရှောင် (နဂါးမာန်)နှင့် ဖိုးကေ(မန္တလေး)တို့ ဖြစ်သည်။ တွေ့မရှောင်က (ဆီမီးဖိုင်နယ်)ပွဲစဉ်မှာ မာဆွတ်(အီရန်)ကို ဒုတိယအချီ ၁ မိနစ် ၄၅ စက္ကန့်မှာ ထောက်လက်သီးဖြင့် အလဲထိုးအနိုင်ရရှိသူဖြစ်သည်။

တွေ့မရှောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဖိုးကေက (ဆီမီးဖိုင်နယ်)ပွဲတွင် ဖန်ခွန်မက်(ထိုင်း)ကို ဒုတိယအချီ ၁ မိနစ် ၄၃ စက္ကန့်မှာ ညာခြေကန်ချက်ဖြင့် အလဲထိုးအနိုင်ရရှိထားသူဖြစ်သည်။ သူတို့နှစ်ဦး၏ ပထမတန်း ရွှေအောင်လံကို ဘယ်သူဆွတ်ခူးမည်ကို လက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုရမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။ ဒုတိယတန်းဒဂုံရွှေအောင်လံပွဲတွင် တူးတူး(နဂါးမာန်)နှင့် ဖိုးသားကြီး(မန္တလေး)တို့ ဖြစ်သည်။ တူးတူး(နဂါးမာန်)က (ဆီမီးဖိုင်နယ်)ပွဲစဉ်တွင် သပြေညို (ဘီလပ်မြေစက်ရုံ)ကို ဒုတိယအချီ ၁ မိနစ် ၄၅ စက္ကန့်တွင် အလဲထိုးအနိုင်ရရှိထားပြီး ဖိုးသားကြီးက လုံးချောလေးကို စတုတ္ထအချီ ၄၉ စက္ကန့်မှာ အလဲထိုး အနိုင်ရရှိထားသူ ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ ❁

ဖူးခက်မွေထိုင်းချန်ပီယံ ဖဲလစ် (ဂျာမနီ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် အာရှမွေထိုင်းဆုရှင် ထွန်းထွန်းမင်း(မြန်မာ)။

အာရှမွေထိုင်းဆုရှင် ထွန်းထွန်းမင်း(မြန်မာ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဖူးခက်မွေထိုင်းချန်ပီယံ ဖဲလစ် (ဂျာမနီ)။

ယနေ့မာတိကာ

လူငယ်လူရွယ်တို့ အနေဖြင့် ဆိုင်ကယ်စီးမည် ဆိုကြလျှင် သတ်မှတ်ထားသော စည်းကမ်းများကို သိရှိနားလည် လိုက်နာအပ် (ခေါင်းကြီး) စာ-၂

၂၀၁၂ ခုနှစ်တွင် ဗီယက်နမ်လူဦးရေ ၈၈ သန်းကျော်ရှိ စာ-၄

နယူးဒေလီတွင် မြူနှင်းများထူထပ် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရ စာ-၅

ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စာ-၉

အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စာ-၉